# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၃၄ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၃၄ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄.၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၄) ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များကို ကြိုတင်အသိပေးတင်ပြလိုတာ ကတော့ မနက်ဖြန်၊ အောက်တိုဘာလ(၁၈)ရက်ကစပြီးတော့ လွှတ်တော်အစည်းအဝေးတွေကို နေ့လည် (၁၂း၀၀)နာရီ အပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ နေ့လည် (၁း၀၀)နာရီကနေ ညနေ (၅း၀၀) အတွင်းမှာ လွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ကျင်းပတဲ့ သဘင်ဆောင်မှာ Budjet Capicity Building Programme ကို ဆွေးနွေးမှာ

ဖြစ်ပါတယ်။ လာမ ယ့် တတိယအကြိမ် ပုံမှန်အစည်းအဝေးကျရင် ပြည်ထောင်စုရဲ့ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ဆွေးနွေး ကြမှာဖြစ်ပါတယ်။ အဲတော့ ဘတ်ဂျက်တစ်ခုကို လေ့လာ တဲ့ အခါမှာ ပထမဦးစွာ လာမယ့်ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် တစ်မျိုးသားလုံးရဲ့ အသားတင် ထုတ်လုပ် မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး GDP ဘယ်လောက်ရမယ်ဆိုတာ လျာထားဖို့လိုပါတယ်။ အဲဒီ GDP ထဲကနေပြီးတော့ အမျိုးသားစီမံကိန်းတွေမှာ ဘယ် နှစ်ရာခိုင်နှုန်း ရင်နှီးမြှုပ်နှံမယ်ဆိုတာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါ့ ကြောင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းနဲ့ ရသုံးမှန်း ခြေငွေစာရင်း ရေးဆွဲခြင်းလုပ်ငန်းဟာ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ စီမံကိန်းရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် ကုန်စည်နဲ့ ဝန်ဆောင်မှုအတွက် သုံးစွဲရမယ့်အသုံးစရိတ်ဟာ သာမန် အသုံးစရိတ်ထဲမှာ ဝင်သွားမှာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လျာထားချက်ဟာ ငွေလုံးငွေရင်း အသုံးစရိတ်နဲ့ ဆက်စပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် ဘတ်ဂျက်မှာ သာမန်အ သုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ပါဝင်မှု ရာ ခိုင်နှုန်းကို လျာထားရမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့GDP အချိုးကို ၂၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်း အကြားမှာ ရှိနိုင်ဖို့လိုအပ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ တစ်မျိုးသားလုံးရဲ့ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို တွက်ချက်ရာမှာ ဘတ်ဂျက်လို ငွေနဲ့ GDP အချိုးကိုလည်း ချင့်ချိန ် ရမှာ ဖြစ်ပါတယ်။ ၅ ရာခိုင်နှုန်းနဲ့ကျော်သွား လို့ရှိရင် ငွေကြေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်တတ်တာ ဖြစ်ပါ တယ်။ လာရောက်ဆွေ နွေးပေးမယ့် ပု ဂ္ဂိုလ်ကတော့ မနက်ဖြန် ၁၈ ရက်၊ နေ့လည် (၁)နာရီ က ညနေ (၅)နာရီအထိ အဆင့်မြင့် ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ (ဘဏ္ဍာ) အငြိမ်းစား ဖြစ်တဲ့ ဦးကြည်ယုံ က Understanding Government Budjet ခေါင်းစဉ်၊ Government Budjet Team Current ခေါင်းစဉ်၊ Government Budjet Forecasting ခေါင်းစဉ်တို့ကို ဆွေးနွေးမှာဖြစ်ပါတယ်။ အောက်တိုဘာလ ၁၉ ရက်နေ့၊ ၁ နာရီကနေ ၂ နာရီခွဲအထိကို ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခဌာနမှူး(အငြိမ်းစား) ဒေါ်ညွန့်ညွန့်ဆွေ က Public Budjecting Hosing Process and Politic ခေါင်းစဉ်နဲ့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ၂ နာရီခွဲကနေ ညနေ ၄ နာရီအထိကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခဌာနမှူးအငြိမ်းစား ဒေါ် ဆင်းသိဂီ က Budjecting and Congress Reflection on How the Budjet Porcess Function by the US Congress ကိုဆွေးနွေးမှာဖြစ်ပါတယ်။ညနေ ၄း၀၀ နာရီကနေ ၅း၃၀ နာရီအထိကို ရန်ကုန် စီးပွားရေးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ်ဒေါက်တာခင်စန်းရီက Pubplic Budjecting the

Globel Perspective ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပါတယ် ။ အောက်တိုဘာလ ၂၀ ရက်နေ့ နေ့လည် ၁ နာရီက ၃ နာရီအထိကို ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခဌာနမှူး ဝါဏိဇ္ဇဗေဒဌာန ဒေါ်ရီရီသန်းက The Budjet Process and Government Accounting ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ညနေ ၃ နာရီက ၅ နာရီအထိကို Government Budjecting Capital ခေါင်းစဉ်နဲ့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ကျွမ်းကျင်သူ) ညွှန်ကြားရေးမှူး ဒေါ်ခင်သွယ်သွယ်မြင့် က ဆွေးနွေးမှာ ဖြစ်ပါတယ်။ အောက်တိုဘာလ ၂၁ ရက်နေ့ကတော့ ဒေါက်တာကံဇော် ဆွေးနွေးဖို့အတွက် လျာထားလျက်ရှိကြောင်း တင်ပြလိုပါတယ်။ လာမယ့် တစ်ပတ်အတွင်းမှာ နေ့လည်ပိုင်းတွေမှာ ဒီခေါင်းစဉ်တွေနဲ့ ပညာ ရှင်တွေက ဆွေးနွေးကြတဲ့ အခါမှာ သေသေချာချာ နားလည်အောင် နားထောင်ပြီးတော့မှ မှတ်သားဖို့ လည်း လိုပါတယ်။ မရှင်းတာတွေကိုလည်း ပွင့်ပွင့်လင်းလင်း မေးမြန်းကြဖို့ တိုက်တွန်းလိုပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြား ရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးပိုးရယ်အောင်သိန်း တင်ပြပါ။

**ဦးပိုးရယ်အောင်သိန်းကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ်ဟာ ၎င်း၏ မိခင် ကွယ်လွန်သွားပါသဖြင့်. နာရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ဦးဌေးရယ်အား ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၀-၁၀-၂၀၁၁ ရက်နေ့အထိ ပျက်ကွက်ခြင်းကို ခွင့် ့ရက်များအဖြစ်

သတ်မှတ်ပေးပါရန် ၎င်းရဲ့ကိုယ်စား ကယား ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၈)မှ ကျွန်တော် ဦးပိုးရယ်အောင်သိန်းမှ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဒွေးရယ်ရဲ့ ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၀-၁၀-၂၀၁၁ ရက်အထိ ခွင့် (၄)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးနိန်းခင်းပေါင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ကန်ပက်လက်မြို့နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးဆလိုင်းခွဲယန်ဟာ ၎င်း၏ဇနီးဖြစ်သူမှာ ကျန်းမာရေးမကောင်းပါသဖြင့် ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၁၉-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်ရက်(၃)ရက် သတ်မှတ်ပေးပါရန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) တွန်းဇံမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင် မှ ကိုယ်စား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန်ရဲ့ ၁၇-၁၀-၂၀၁၁ ရက်မှ ၁၉-၁၀-၂၀၁၁ ရက်ထိ ခွင့်ပန်ကြား ချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးကျွန်ခဲန်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကျွန်ခဲန်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ အစ်ကို ဦးဒါဟောဝန်၏သား ဆလိုင်းသဟယ်မြ (၂၆)နှစ်သည် ချင်းတောင်မှ ရန်ကုန်မြို့သို့ ဆေးကုသရန် လာရောက်ရင်းနဲ့ မနေ့က ဆုံးသွားပါသဖြင့် ၊ အဲဒီကိစ္စအဝဝကို ဆောင်ရွက်နိုင်ပါရန် ဦးဇုန်းလှယ်ထန်းမှ ဒီနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ တစ်ရက်ကို ခွင့်အဖြစ် ပန်ကြားပါတယ်။ အဲဒီပန်ကြားချက်ကို သူ့ရဲ့ကိုယ်စား ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်းမှ သူ့ကိုယ်စား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်းလှယ်ထန်ရဲ့ ခွင့်(၁)ရက်ပန်ကြားချက်ကို ခွင့် ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာဝင်းမြင့်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်အောင် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး (ခ)ဦးအောင်ငွေက အဆုတ်ကင်ဆာရောဂါကို ဆက်လက်ကုသရန် လိုအပ်သောဆေးသွင်းမှု ဓါတ်ကင်မှုတို့ကို ပြုလုပ်ရန်ရှိပါသဖြင့် ၊ အမျိုးသားလွှတ်တော်အစည်းအဝေးများသို့ မတက်ရောက်နိုင်ပါသောကြောင့် ၊ ယနေ့ ၁၇-၁၀-၂၀၁၁ ရက်နေ့မှ အမျိုးသားလွှတ်တော်အစည်းအဝေးပြီးဆုံးသည်အထိ ခွင့်ရက်များအဖြစ် ခွင့်ပြုပေးနိုင်ပါရန် ဒေါက်တာဘိုကြီးကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဝင်းမြင့်အောင် မှ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။စစ်ကိုင်းတိုင်းဒေသကြီး၊မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခ) ဦးအောင်ငွေရဲ့ (၁၇-၁၀-၂၀၁၁)ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်ချိုဦး တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေးသည် ညီဖြစ်သူ၏ နာရေးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ၁၇-၁၀-၂၀၁၁ ရက်နေ့ အမျိုးသားလွှတ်တော်တက်ရောက်ခြင်းမှ ခွင့်(၁)ရက်အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာခင်မောင်လေးကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦး က ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေးရဲ့ ခွင့်တစ်ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမောင် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာဦးစိုးထွန်းသည် ခါးနာသောဝေဒနာဖြင့် မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် ကုသ

ခံနေရပါသဖြင့် ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့မှ (၂၁)ရက်နေ့အထိ အမျိုးသား လွှတ်တော် မတက်ရောက်နိုင်ခြင်းကို ခွင့်ပြုပါရန် ဒေါက်တာစိုးထွန်းကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ကျွန်တော်ဦးဝင်းမောင်က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်းရဲ့(၁၇-၁၀-၂၀၁၁) မှ (၂၁-၁၀-၂၀၁၁)ရက်နေ့အထိ ခွင့်(၅) ရက် ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမင်းလွန်းအောင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။မွန်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း သည် အဆုတ်အအေးမိရောဂါကို ကုသနေရပါသဖြင့် ယနေ့ ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၁၉-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်(၃)ရက် ပျက်ကွက်ခွင့်ပြုပါရန် ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင်က ဦးစောအုန်း ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအုန်းရဲ့ ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၁၉-၁၀-၂၀၁၁ ရက်အထိ ခွင့်(၃)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါလသားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်ခင်ဝိုင်းကြည် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးသည် ၎င်း၏ဇနီးသည် ဆေးရုံတင်ထားရပါသဖြင့်ပြုစုရန်လိုအပ်ပါသောကြောင့် ၁၇-၁၀-၂၀၁၁ ရက်မှ ၁၉-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့် (၃)ရက်အား ခံစားခွင့်ပြုပါရန် ၎င်း၏ကိုယ်စား ကျွန်မ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် မြေ အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခင်ဝိုင်းကြည်မှ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၁၉-၁၀-၂၀၁၁ ရက်အထိ ခွင့်(၃)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးရှိပြီး ယ နေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၂)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတ က်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများ ကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြား ရမည့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ် ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောကြိုးဝိုင်း ကြိုးပြင်နှင့်အပတောများအတွင်း နည်းမျိုးစုံဖြင့် သစ်တောများ ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သ စ်တောကြိုးဝိုင်း ကြိုးပြင်နှင ့်အပတောများအတွင်း နည်းမျိုးစုံဖြင ့် သစ်တောများ ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးရှုမောင်(ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးထံ မေးမြန်းတင်ပြလိုတဲ့ အချက်ကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်တဲ့ သစ်တောကြိုး ဝိုင်း၊ ကြိုးပြင်များအတွင်းရှိတဲ့ သစ်တောသယံဇာတများ ပြ န်လည်ထိန်းသိမ်းဖို့ အစီအစဉ်နဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။ အချို့ အင်္ဂလိပ်စကားလုံးများပါရှိနိုင်တဲ့အတွက် ခွင့်ပြုချက်ကြိုတင် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ကျွန်တော်တို့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်တဲ့ သစ်တော သယံဇာတတွေနဲ့ ပတ်သက်လို့ ယခင်ပထမ အကြိမ် လွှတ်တော်အစည်းအဝေးတုန်းကလည်း ကျွန်တော်တို့ ဆွေးနွေးတင်ပြပြီးဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးတင်ပြချင်တဲ့ကိစ္စကတော့ မြန်မာနိုင်ငံတော် အတွင်းမှာ သစ်တောသယံဇာတများ လျ င်လျင်မြန်မြန် လျော့ပါးနေတာ တွေ့ရှိရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒီသစ်တောတွေသစ်ပင်တွေ တိုးတက်များပြားလာဖို့အတွက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ် ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံ ရေ၊ မြေ ၊ သဘာဝ သစ်တော၊ သစ်ပင်များဟာ ဓ မ္မတာမျိုးဆက်နည်း (Natural Regeneration) ထိန်းသိမ်းခြင်းအားဖြင့် သစ်တောသစ်ပင်များ လျင်မြန်စွာ ပြန်လည်ဖြစ်ထွန်းနိုင်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မိုး နည်းရပ်ဝန်းဒေသဖြစ်တဲ့ အပူပိုင်းဒေသများမှာတော့ ပြန်လည်စိုက်ပျိုးဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ဆယ်စုနှစ်များစွာ သစ်တောကြိုးဝိုင်း ကြိုးပြင်နှင့် အပတောများမှ သစ်များထုတ်လုပ် ရောင်းချခဲ့ရတဲ့အတွက်ကြောင့် သစ်တောအရည်အသွေးကျဆင်းခြင်း သစ်ပင်သစ်တော လျော့နည်း လာခြင်းများရှိသကဲ့သို့ စိုက်ပျိုးမြေများချဲ့ ထွင်ခြင်း လောင်စာထုတ်လုပ်ခြင်း တို့ကြောင့် သစ်တောများ ပြုန်းတီးလာတာ တွေ့ရှိ ပါတယ်။ ဒါ့အပြင် ပြည်နယ် /တိုင်းဒေသကြီးများအစိုးရ အဖွဲ့ အသီးသီးများဖြစ်ပေါ်လာတဲ့အခါမှာ ဒေသတွင်းစီးပွားရေး တိုးတက်ရေး အတွက် အလုပ်အကိုင်

အခွင့်အလမ်းများ ဖော်ဆောင်လျက်ရှိတာကိုလည်း တွေ့ရှိပါတယ်။ ဒီလို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရာမှာ စိုက်ပျိုးမြေတိုးတက်လာစေရေးအတွက် သစ်တောကြိုးဝိုင်းကြိုးပြင်နှင့် အပတောများအတွင်း နယ်မြေခုတ်ထွင်ခြင်းများ ဆက်လက်ခွင့်ပြုရန် မသင့်တော်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ အထူးသဖြင့် နိုင်ငံတော် သစ်တောကြိုးဝိုင်းပမာဏသည် ၂၁ ရာခိုင်နှုန်းခန့်သာရှိပြီး တိုးတက်ကြီးပွားလာအောင် အများကြီးပြုစုပျိုးထောင်ရအုံးမှာ ဖြစ်ပါတယ်။ သစ်တောကြိုးပြင် ၊ အပတောများမှာ သစ်ပင်ကြီးငယ်မျိုးစုံပေါက်ရောက်လျက် ရှိပါတယ်။ နယ်မြေအေးချ မ်းမှု ပညာရပ်ဆိုင်ရာဝန်ထမ်း အလုံအလောက်မရှိမှုတို့အပေါ် မူတည်ပြီး ကြိုးပြင်အပတောများမှာ ကြိုးဝိုင်းတော များအဖြစ် တိုးချဲ့သတ်မှတ်သွားဖို့ လိုအပ်ပါ တယ်။ အမှန်အားဖြင့် ကြိုးပြင်တော ၊ အပတောဆိုပေမယ့် သစ်ပင်ကြီးများပေါက်ရောက်တာ လက်ရှိ အစိုးရဌာနအနေဖြင့် တင်ပြပါ န ယ်မြေအေးချမ်းမှုမရှိခြင်း ဝန်ထမ်းအလုံအလောက် မရှိခြင်းတို့ကြောင့် ကြိုးဝိုင်းအဖြစ် မသတ်မှတ် နိုင်သေးတာပဲ ဖြစ်ပါတယ်။ ယခုချိန်မှာ အချို့နယ်မြေတွေ မှာ နယ်မြေအေးချမ်းလာ ခြင်းတို့ကြောင့် ကြိုးဝိုင်းများအဖြစ်တိုးချဲ့သတ်မှတ်သွားဖို့ လိုအပ် ပါတယ်။ လက်ရှိကြိုးပြင် အပတောများမှာ စိုက်ပျိုးမြေများထပ်မံခွင့်ပြုဖို့ မသင့်တော်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ အထူးသဖြင့် နှစ်ရှည်ပင် စိုက်ပျိုးလိုတဲ့ ပုဂ္ဂိုလ်လုပ်ငန်းရှင် တချို့ဟာ စိုက်တာက နောက် ခုတ်တာကအရင် ဖြစ်ပြီး အရင်ခုတ်ထွင်ရှင်းလင်းရမယ့် လုပ်ငန်းများကို ပိုမိုစိတ်ဝင်စားနေ တာ လေ့လာတွေ့ရှိရပါတယ်။ နယ်စပ်ဒေသများမှာပင် အေးချမ်းလာပြီဖြစ်တဲ့အတွက်ကြောင့် နယ်စပ်ဒေသသစ်တောများကိုလည်း ထိန်းသိမ်းသွားရန် လိုအပ်ပါတယ်။ ဆက်လက်ပြီး နယ်မြေ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ လောင်စာထင်း သုံးစွဲမှုလျော့ချခြင်းများ မပြုလုပ်ရန် ပတ်ဝန်းကျင်အနေအထားများ ယိုယွင်း ပျက်စီးတဲ့အတွက်ကြောင့်ဆိုးကျိုးများကိုလည်း ကျွန်တော်တို့ ရင်ဆိုင်ခံစား ရမှာ ဖြစ်ပါတယ်။ ယခုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနအသစ် အဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ဖြစ်တဲ့အတွက်ကြောင့် ကြိုးပြင်တော ၊ အပတောများမှာ ထပ်မံစိုက်ပျိုးရေးအတွက် ခွင့် မပြုသင့်တော့ဘဲ လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းမှအပ ကြိုးပြင် အပတောများမှာ သစ်တောများ ခုတ်ထွင် ရှင်းလင်းခြင်းကို ထိန်းချုပ်ဖို့လိုအပ်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ချင်းတွ င်းမြစ်ဝှမ်းတစ်လျှောက် ချင်းတွ င်းမြစ်အထက်ပိုင်း ဟုမ္မလင်းနယ်မြေမှာလည်းကောင်း၊ဧရာဝတီမြစ်အထက်ပိုင်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်

ဆိုတဲ့နေရာ တ စ်ဝက်မှာ သော်လည်းကောင်း သစ်တောများ ထူထပ်ပေါ်များတာတွေ့ရပါတယ်။ သို့သော် ၎င်းနေရာများသည် ကြိုးပြင်တော၊ အပတောများဖြစ်တဲ့ အတွက်ကြောင့် ဒီတောများ အပါအဝင် ကျန်တဲ့ကြိုးပြင်တော ၊ အပတောများကို မည်ကဲ့သို့ ထိန်းသိမ်းစီစဥ် ဆောင်ရွက် သည်ကို သိရှိလိုပါသဖြင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်တစ်ဝှမ်း အများအပြားပေါက်ရောက်နေသော ထင်ရှူးပင်များမှ ဆေးဝါး ထုတ်လုပ်ရာ တွင် အသုံး တည့်သည့် ထင်းရှူးဆီကို ပြန်လည်ထုတ်လုပ်ရန်အစီအစဥ်ရှိ /မရှိနှင့် စပ်လျဥ်း တဲ့ မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်းက ချင်းပြည်နယ်တစ်ဝှမ်း အများအပြားပေါက်ရောက်နေသော ထင်ရှူးပင်များမှ ဆေးဝါး ထုတ်လုပ် ရာတွင် အသုံးတည့်သည့် ထင်းရှူးဆီကို ပြန်လည်ထုတ်လုပ်ရန်အစီ အစဥ်ရှိ/မရှိနှင့် စပ်လျဥ်း တဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်၊မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါ တယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ချင်းပြည်နယ်တစ်ဝှမ်းတွင် အများအပြားပေါက်ရောက် နေသော ထင်ရှူးပင်များမှ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးတည့်သည့် ထင်ရှူး ဆီကို ပြန်လည် ပြီးမှ ထုတ်ယူနိုင်ဖို့ အစီ အစဥ် ရှိ/မရှိ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ပြန်လည်ထုတ်ယူနိုင် ဖို့တဲ့ နေရာမှာ ကျွန်တော်တို့လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀) မ.ဆ.လ ခေတ်က ပေါက်ရောက်တဲ့ ထင်းရှူးပင် က အဆီများကို သစ်တောဌာနကနေပြီးမှ ကျွန်တော်တို့ ထုတ်လုပ်ခဲ့ဖူးပါတယ်။ ထင်းရှူးဆီချက် တဲ့ စက်ရုံကိုလည်း ချင်းပြည်နယ်မှာ (၃)နေရာလောက်မှာ တည်ထောင် ဖူးပါတယ်။

ဒါပေမယ့် အကြောင်းကြောင်းကြောင့် ထင်ရှူးဆီထုတ်လုပ် မှုဟာ ရပ်ဆိုင်းတာ တော်တော်ကြာသွားပါပြီ။ တကယ်လို့အသုံးမတည့်လို့လား ထုတ်လုပ်မှုအပိုင်းမှာ ကုန်ကျစရိတ် နဲ့ ကျွန်တော်တို့ ရရှိတာဟာနဲ့ မမျှမတလို့ လားဆိုတာတော့ မသိပါ။ ဒါပေမယ့် အခုအခါမှာ

ချင်းပြည်နယ်မှာ ထင်းရှူးပင်များ အလဟဿပေါက် ရောက်သလိုဖြစ်နေပါတယ်။ အပင်များများ ပေါက်နေတာ လည်းရှိပါတယ်။ အဲဒါကို ပြန်လည်ပြီးမှ ထင်ရှူးဆီများ ထုတ်လုပ်လို့ရှိရ င် ကျွန်တော်တို့ ပြည်ပနိုင်ငံ များမှာ ဈေးကွက်များရှာပြီးမှ နိုင်ငံခြားဝင်ငွေများရနိုင်မလား မဟုတ်ရင်လည်းဘဲ ပြည်တွင်းမှာ တကယ်လို့ အိ မ်သုံးဆေးဝါးထုတ်လုပ်တဲ့ နေရာမှာလည်းပဲ ပြန်လည်ပြီး သုံးပေးလို့ရမလား ဆိုတာ လေးပါ။ နောက်ထင်းရှူးဆီ ထုတ်လုပ်တဲ့နေရာမှာ ကုန်ကျစရိတ် သိပ်မများပါဘူး။ ကျွန်တော်တို့ လိုအပ်တဲ့ဟာ နောက်တူရယ်၊ ဆောက်ခုံးရယ်၊ သွပ်ပြားရယ်၊ အဆီခံဗူးရယ်၊ နို့ဆီဗူးခွံလိုပါတယ်။ အဲ ဒီလောက်ပဲလိုပါတယ်။ နောက်လှောင် ကန်၊ လှောင်ဖို့နေရာ၊ လှောင်ဖို့အတွက် ပုံး၊ လေးဒေါင့် ပုံးတို့ဘဲလိုပါတယ်။ နောက်ထုတ်လုပ်တဲ့ နေရာမှာ ကုန်ကျစရိတ် နည်းတဲ့အတွက်ကြောင့် တွက်ခြေကိုက်မှုဟာ နိုင်ငံခြားမှာ ထုတ်ရောင်း နိုင်လို့ရှိရင် နိုင်ငံခြားဝင်ငွေ လည်းရမှာ ဖြစ်ပါတယ်။ ချ င်းပြည်နယ်မှာလည်း အလုပ် ရရှိရေး အခွင့်အလမ်းလည်း တစ်ခုပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ချင်း ပြည်နယ်မှာ ပေါက်ရောက်လျက်ရှိတဲ့ ထင်းရှူးပင်ကနေပြီးတော့ ထင်းရှူးဆီများကို အသစ်တဖန် ပြန်လည် ပြီးမှ ဖော်ဆောင်နိုင်ဖို့ ရှိ/မရှိ ကျွန်တော်မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၇။**

**ဦးဝင်းထွန်း (ပြည်ထောင်စု ဝန်ကြီး၊ သဘာဝပတ်ဝန်းကျင် ထိန်းသမ်းရေး နှင့် သစ်တောရေးရာဝန်ကြီး ဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အမျိုးသာလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် မေးမြန်းသွားသော မေးခွန်းအား ပြန်လည်ဖြေကြား မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာရှိ တဲ့ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည် တည်တံ့ ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝ

တိုးတက်မြင့်မားရေးနဲ့ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ ဖန်တီးနိုင်ရေး ကို အခြေခံပြီး ၁၉၉၅ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒကိုလည်းကောင်း၊ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ အမျိုးသားသစ်တောကဏ္ဍ ပင်မအနှစ်(၃၀)စီမံကိန်းကိုလည်းကောင်း အသီးသီး ပြဋ္ဌာန်းရေးဆွဲပြီးတော့ ထာဝစဥ်တည်တံ့သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management) လုပ်ငန်းစဥ်များကိုအခြေခံကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တော သယံဇာတအရင်းအမြစ်များနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အမျိုးသားစီမံကိန်း ဘောင် အတွင်းတွင် (၅)နှစ် စီမံကိန်းများနှင့် နှစ်စဥ်ရည်မှန်း ချက်များချမှတ်ပြီး ဆောင်ရွက်လျက် ရှိပြီးတော့ သစ်တောပြု စုပျိုးထောင်မှုကို အခြေခံသည့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော် ရဲ့ သစ်တောသယံဇာ တအရင်းအမြစ်များ လျော့ပါးနေမှုမှာ လက်ရှိ ၄၇ ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်ပါ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို ထိရောက်စွာအလေးထား ဆောင်ရွက်ရန် လိုအပ်နေပြီ လည်းဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွား သည့် သဘာဝသစ်တောများအတွက် သစ်တောစိုက်ခင်းများ ပြန်လည်စိုက်ပျိုး တည်ထောင်ခြင်း သဘာဝသစ်တောများ အဆင့် တန်းမြှင့်တင်ရေးအတွက် တန်ဘိုးမြင့်သစ်မျိုးများဖြင့် အစားထိုး စိုက်ပျိုးသည့် သဘာဝတောတန်ဘိုးမြှ င့်စိုက်ပျိုးခြင်းနှင့် သစ်တော ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို နှစ်စဥ် ရည်မှန်းချက်များ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ပြုန်းတီးသွားသောသစ်တောမြေများတွင် သစ်တောစိုက်ခင်းများကို တည်ထောင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်စိုက်ခင်းများသာမက ပုဂ္ဂလိကပိုင်သစ်တော စိုက်ခင်းများ ကိုလည်း ၂၀၀၅ ခုနှစ်မှ စတင်၍ တည်ထောင်ခွင့်ပြုလျက် ရှိပါတယ်။ ၂၀၁၁ ခုနှစ်အထိ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၁၆၇၅၅၁ ဧကနှင့် သစ်မာ စိုက်ခင်း ၈၈၇၈၉ ဧက ခွင့်ပြု ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၁ခုနှစ် မိုးရာသီကုန်အထိ သစ်တောစိုက်ခင်း အမျိုးအစား (၄) မျိုး စုစုပေါင်းဧရိယာဧကအားဖြင့် ၈၁၃၇၁ ဧက အပါအဝင် သစ်ပင်များ အရေအတွက်အားဖြင့် ၅၇.၈သန်းကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်။မွေ့တာမျိုးဆက်ခြင်းလုပ်ငန်း Natural Regeneration သည် ကုန်ကျစရိတ်နည်းနည်းနှင့် သဘာဝတောများ ရှင်သန်ကောင်းမွန်စေရန် ဆောင်ရွက်သည့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းစဥ်တစ်ခုဖြစ်သည့်အတွက် သစ်တောဦးစီးဌာနသည်

အဓိကလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားရှိပါတယ်။ နှစ်စဉ် ရည်မှန်းချက်များ ချမှတ်ပြီးတော့ ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၈၈-၈၉ခုနှစ်မှ ၁၀-၁၁ ခုနှစ်အထိ ဧရိယာဧက ၇၁၅၄၉၂ ဧက ဆောင်ရွက်နိုင် ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင်လည်း ဧရိယာဧက ၄၅၈၉၄ ဧက ဒီစနစ်ကို အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလားတူ မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း (၅၇)မြို့နယ်အတွင်းတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှဦးစီးပြီး စတင်တည်ထောင်ခဲ့သည့် ၁၉၉၇-၁၉၉၈ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ စိုက်ခင်းစုစုပေါင်းဧက ၃.၅ သိန်းခန့် စိုက်ပျိုးတည်ထောင်နိုင်ခဲ့ ပြီးတော့ ဒေသစိမ်းလန်းစိုပြည်ရေးအား အထောက်အကူဖြစ်စေရန်အတွက် သဘာဝတော ဧရိယာဧက ၁.၇ သန်းအားလည်း သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်း များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုအခါ နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းကဏ္ဍ (၈)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကဏ္ဍကိုလည်း ကဏ္ဍရပ်တစ်ခုအဖြစ် အလေး ထား ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် နို င်ငံခြားငွေရရှိရန်အတွက် သစ်ထုတ် ခြင်း၊ ထင်း၊ မီးသွေး၊ လောင်စာထုတ်လုပ်ခြင်းများကို သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Management Plan) အပေါ်မှာ အခြေခံပြီးတော့ နှစ်စဉ်လျာထားချက်များ သတ်မှတ်ခွင့်ပြုလျက်ရှိပါတယ်။ အထူးသဖြင့် ထင်း၊ မီးသွေးထုတ်လုပ်ရာမှာ နိုင်ငံတော်လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေပြည်သူများ၏ လောင်စာလိုအပ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည့်အတွက် သစ်တောများ အပေါ်မှာ မှီခိုနေရသည့် ဒေသခံ ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်အပေါ်အခြေခံပြီး ဒေသ ထောက်ပံ့ရေးအလုပ် တိုက်နယ်များစိုက်ခင်းနှင့်ရေဝပ် အပြောင်းရှင်းဧရိယာများမှ ထုတ်လုပ်ခွင့်ပြု ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်းပဲ ဒေသအတွင်း လိုအပ်ချက်အပေါ်မှာ မူတည်ပြီး ခွင့်ပြုထားသည့် ပမာဏထက် ပိုမိုထုတ်ယူသုံးစွဲ မှုများကို အထိုက်အလျောက်စိစစ် တွေ့ရှိရတဲ့အတွက် စနစ်တကျ သုံးစွဲရေးနှင့် သစ်တောပြုန်းတီးမှုကာကွယ်ရေးများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှသာမကပဲနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များကပါ ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းတင်ပြလိုပါတယ်။ ကျေးလက်နေပြည်သူများ၏ ထင်းလောင်စာ၊

နေအိမ်သုံး၊ လယ်ယာလုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းရေး သဘာဝတောများအပေါ် မှီခိုမှုလျော့နည်းစေရေး ၊ မိမိတို့နေအိမ် ကျေးရွာ ပတ်ဝန်းကျင်တွင် ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏ အစီအမံဖြင့် စံပြကျေးလက် အိမ်ရာ သစ်တောစိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ တစ်အိမ်ထောင်လျှင် ကျွန်း(၃)ပင်၊ သစ်မာ(၂၀)ပင်နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင်ထင်းစိုက်ခင်းများကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ စတင် ပြီးတော့ ဤဝန်ကြီးဌာ နမှ ဆောင်ရွက်လျက် ရှိပါတယ်။ သစ်တောဦးစီး ဌာနမှလည်း လိုအပ်သည့် ပျိုးပင်နှင့်နည်းပညာများ ပံ့ပိုးကူညီကြီးကြပ်ပြီး ကျေးလက်ပြည်သူ များ၏လုပ်အားဖြင့် နှစ်စဉ်စိုက်ပျိုး ဆောင်ရွက်စေလျက် ရှိပါတယ်။ ဒေသခံ ကျေးလက်ပြည်သူ များ၏ ထင်းလောင်စာ လိုအပ်ချက် ဖြည့်ဆည်းပေးရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေနိုင်ရေးအတွက် နိုင်ငံတော်မှ တည်ထော င်စိုက်ပျိုးထားသည့် ကျေးရွာသုံးစိုက်ခင်း များ ကိုလည်း စနစ်တကျ လွှဲပြောင်း ထုတ်ယူ သုံးစွဲခွင့်ပြုလျက် ရှိပါတယ်။ နိုင်ငံတော်အတွင်း စံပြကျေးလက်အိမ်ရာသစ်တောစိုက်ခင်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းမှု အတိုင်းအတာ တစ်ခုသို့ ရောက်ရှိလာသည်နှင့်အမျှ ထင်း၊ မီးသွေး ထုတ် လုပ်သုံးစွဲမှုများကို ထိ န်းညှိ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ အမျိုးသားသစ်တောမူဝါဒအရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော သစ် တောမြေ ပမာဏကို နိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိဖွဲ့စည်းရန် ရည်မှန်းချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိ ၂၄.၀၆ ရာခိုင်နှုန်း ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ နယ်မြေအေးချမ်းမှုနှင့် ဝန်ထမ်းများကြီးကြပ်အုပ်ချုပ်နိုင်မှုအပေါ် မူတည် ပြီး နယ်စပ်များတွင်ပါ သစ်တောကြိုးဝိုင်းများကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ် ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ချမှတ်ပြဋ္ဌာန်းထားသည့် သစ်တော မူဝါဒများအပေါ် အခြေခံပြီး ဒေသခံပြည်သူများ၏စားဝတ်နေရေး အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးနှင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပတ်ဝန်းကျင် ထိန်း သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ ၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲနိုင်ခွင့်ရှိသောမြေများတွင် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ စိမ်းလ န်းစိုပြည်ရေးကို အထောက်အကူပြုသည့် ရာဘာ၊ ဆီအုန်း စသည့် နှစ်ရှည်ပင်များကို စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ရာတွင် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှုကို အထောက်အကူ မပြုသည့် နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်ခွင့်ပြုပေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနည်းလမ်းဖြင့် စိစစ်ခွင့်ပြုလျ က်ရှိပြီးတော့ ဖွံ့ဖြိုးတိုးတက် မှုနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းမှုကို ချိန်ဆညှိနှိုင်းကာ ထိခိုက်မှုများရှိနိုင်ပါက ခွင့်ပြုပေးခြင်း မရှိပါကြောင်း ဖော်ပြအပ်ပါတယ်။ နှစ်ရှည်ပင်စိုက်ပျိုး ထုတ်လုပ်ခွင့်ရရှိသူများအနေဖြင့် သတ်မှတ်ထားသည့် သစ်ပင်များ စိုက်ပျိုးခြင်းထက် လုပ်ကိုင်ခွင့်ရရှိ ထားသည့်မြေ ဧရိယာအတွင်း သစ်ပင်များခုတ်ယူ သုံးစွဲရေးကိုသာ အလေးထားနေမှု များ လျော့နည်းစေရေး အတွက် မူလခွင့် ပြုစဉ်ကပင် တောနိမ့်တောပြတ်များ သစ်ပင်ကျဲပါးသည့် မြေများကိုသာလျင် ဦးစားပေးခွင့်ပြုလျက်ရှိပါတယ်။ ထို့အပြင် နှစ် အလိုက်စိုက်ပျိုးမည့်စီမံချက်များ စနစ်တကျရေးဆွဲစေခြင်း ၊ နှစ်အလိုက် စိုက်ပျိုးသည့်မြေများကိုသာရှင်းလင်းခွင့်ပြုခြင်းတို့ကို စည်းကမ်းချက်များဖြင့် အတိအကျသတ်မှတ်ပြဋ္ဌာန်းပေးပြီးတော့ တိကျစွာ လိုက်နာဆောင်ရွက်စေရေးအတွက် အလေးထားစိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောဖုံးလွှမ်းနေသည့် သစ်တောမြေများအား စိုက်ပျိုးမြေအဖြစ် ပြောင်းလဲအသုံးချခွင့်မပြုရေးအတွက်လည်း အကြီးအကဲများထံ လိုအပ်သည့်အခါ တင်ပြခြင်း သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ထိန်းသိမ်းသွားမည်ဖြစ်ပါတယ်။ သစ်တောသစ်ပင်များ သည် လက်ရှိကာလတွင် ကမ္ဘာနှင့် အဝှမ်း ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ် များ ကျရောက်မှုတို့၏ အဓိ က အကြောင်းအရင်းဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ထုတ်လွှင့်မှု အပါအဝင် ဖန်လုံအိမ် အာနိသင်လျော့နည်းရေးများကိုလည်းများစွာ အထောက်အကူ ပြုနေပါတယ်။ ကာဗွန်ထုတ်လွှင့်မှု လျော့ချရေးလုပ်ငန်းများ ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သစ်တောပြုန်းတီးမှုနှင့် တောအတန်း အစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှင့်မှု လျော့ချခြင်း Reducting Emissions From Defores tation And Forest Degradation (REDD) လုပ်ငန်းများကိုလည်းပဲ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် သဘောပေါက်နိုင်ရေး အတွက်လည်း အလုပ်ရုံဆွေးနွေးပွဲများ သတင်းစာများဟောပြောပို့ချမှုများ ဆောင်ရွက်လျက်ရှိပြီး စည်းရုံးလျက်ရှိပါတယ်။

အဆိုပါလုပ်ငန်းစဉ်များပီပြင်စွာ ဆောင်ရွက်နိုင်ပါက သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်နိုင်မည် ဖြစ်ပါတယ်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက သစ်ထုတ်လုပ်မှု များကိုလည်း တဖြည်းဖြည်းလျှော့ချသွားနိုင်မှာ ဖြစ်ပါတ ယ်။ သဘာ ၀ပတ်ဝန်းကျင် အခြေအနေကောင်းများ ရရှိရေး၊ သစ်တောပြုန်းတီးမှု မရှိစေရေးနှင့် သဘာဝဘေးအန္တရာယ် များ လျော့နည်း စေရေးတို့အတွက် နိုင်ငံတော်အတွင်းမှာရှိတဲ့ သစ်တောသယံဇာတ အရင်းအမြစ်များကို အရှိန်အဟုန်မပျက် ထိန်းသိမ်းကာကွယ်ရေး၊ ပိုမိုတိုးတက်ကောင်းမွန်ရေးများကို ပတ် ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသာမက ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဒေသခံပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေး အနက်ခံယူပြီးတော့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြ စ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊၁၀း၄၁။**

**ဦးဝင်းထွန်း၊ (ပြည်ထောင်စုဝန်ကြီး၊ ပတ် ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲနိန်း ရဲ့ ချင်းပြည်နယ် တစ်ဝှမ်းမှာ အများအပြား ပေါက်ရောက်လျက်ရှိသော ထင်းရှူးပင်များမှ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးတည့် သည့် ထင်းရှူးဆီများကို ပြန်လည်ထုတ်လုပ်ရန် အစီအစဉ် ရှိ /မရှိ မေးခွန်းအပေါ်တွင် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနဟာ ချင်းပြည်နယ်အတွင်းမှာ ၁၉၈၁-၈၂ ခုနှစ်မှ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်အထိ ထင်းရှူးစိုက်ခင်းဧက ၉၁၀၀ စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ဌာနရဲ့ သစ်တောသယံဇာတစာရင်းကောက်ယူမှုအရ စိုက်ခင်းများနှင့်သဘာဝတောများတွင်ပေါက်ရောက်မှုဟာ လုံးပတ် (၂)ပေနှင့်အထက် အပင်ရေ (၅.၉)သန်းရှိကြောင်း သိ ရှိရပါတယ်။ သစ်တောဥပဒေအရ ထင်းရှူး ပင်သည် တားမြစ်သစ်ပင် ဖြစ်ပါတယ်။ ချင်းပြည်နယ်ဒေသအတွင်း ပျက်စီးထိခိုက်မှုမဖြစ်စေရေးအတွက်လည်း ထိန်းသိမ်းကာကွယ်လျက်ရှိပါတယ်။ အထက်ပါ ထင်းရှူးပင်များအနက် လုံးပတ်(၅)ပေနှင့်အထက် အရွယ်အပင်များမှ ထင်းရှူးဆီထုတ်လုပ်ခြင်းကို သစ်ပင်များ

ထိခိုက်သေကြေမှုမရှိစေရန် ဌာနမှ သုတေသနပြုလုပ်၍ U - BARI — K နည်းလမ်းဖြင့် ထုတ်ယူရန် နည်းစနစ်များ ချမှတ်အသုံးပြု လျက်ရှိပါတယ်။ ၂၀၀၇ ခုနှစ်မှစပြီး ၂၀၁၁ ခုနှစ်အထိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းဟာ ထင်းရှူးဆီပိသာ ၁၅၀၀၀ ထုတ်လုပ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ထင်းရှူးဆီထုတ်လုပ်မှုအား စီးပွားရေးအရ တွက်ခြေကိုက်မှုနှင့် ရေရှည်ထုတ်လုပ်ရရှိနိုင်ရေးအတွက် အပင်တည်ရှိမှုနှင့် ထွက်ရှိနိုင်မှုတို့ကို စနစ်တကျစိစစ်တွက်ချက်ရန် လိုအပ်ပါတယ်။ ထို့အတူ ပြောင်းလဲတိုးတက်လာသည့် ထုတ်လုပ်မှု နည်းပညာများ အသုံးပြုပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု များဖြင့် ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နေလျက်ရှိပြီးတော့ အခုအချိန်မှာဆိုလို့ ရှိရင်လည်း ပြည်ပရင်းနှီးမြှုပ်နှံ သူများမှ ချင်းပြည်နယ်သို့ ကနဦးလေ့လာမှု ခရီးစဥ်များလည်း စတင်ဆော င်ရွက်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော် အတွက် အကျိုးဖြစ်ထွန်းမှုရရှိစေမည့် လုပ်ငန်း ဖြစ်ကာ ဒေသခံပြည်သူများအ တွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေတိုးတက် ရရှိနိုင်ခြင်းတို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှု အခြေအနေ များပေးပါက ထင်း ရှူးဆီထုတ်လုပ်ခြင်းလုပ်ငန်းများအား ပြန်လည် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦး က မေးမြန်းမယ့် မေးခွန်းတွေဟာ ပြန်ကြားရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီးက ဖြေကြားရမယ့် မေးခွန်းတွေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ရိုးရာယဥ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် မြန်မာ့ရုပ်မြင်သံကြားမှ တင်ဆက်ပြသမှုများကို သုံးသပ်ဆောင်ရွက်ရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် က ရိုးရာယဥ်ကျေးမှု အမွေ အနှစ်များကို ထိန်းသိမ်းရန်အတွက် မြန်မာ့ရုပ်မြင်သံကြားမှ တင်ဆက်ပြသမှုများကို သုံးသပ် ဆောင်ရွက်ရန် အစီအစဥ် ရှိ /မရှိနှင့် စပ်လျဥ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါဟု ကျွန်တော် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် မြန်မာ့ရုပ်မြင်သံကြားမှ တင်ဆက်ပြသမှု များကို သုံးသပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ဖြ စ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ဒီမေးခွန်းကို မေး ဖို့ဖြစ်လာရတဲ့ အကြောင်းရင်းကတော့ ကျွန် တော်နဲ့ နီးစပ်တဲ့ ပတ်ဝန်းကျင်လူငယ်တွေကအစ သူတို့ ရဲ့ ဆောင်ရွက်မှု၊ သူတို့ပြုမူဖို့ အလေ့အကျင့်တွေ၊ ကျွ န်တော်တို့ရဲ့ မြန်မာ့ထုံးစံနဲ့ မလျော်ညီတဲ့ ကိစ္စရပ်တွေ ဝင်ရောက်ထိုးဖောက်ပြီးတော့ သူတို့ကို လွှမ်းမိုးနေတယ် ဆိုတာကို သိမြင်လိုက် ရတဲ့အခါမှာ ဒီဟာ ကျွန်တော်တို့အနေနဲ့ အဓိကကတော့ မြန်မာ့ရုပ်မြင်သံကြားကလာတဲ့ တချို့ ဇာတ်လမ်းတွဲ တွေ အဲဒီအပေါ်မှာ မူတည်ပြီးတော့ ပြောင်းလဲသွားတယ် ဆိုတာကို အများသုံးသပ် ကြတဲ့အခါမှာ ကျွန်တော်ဒီမေးခွန်းလေးကို မေးဖို့ ဖြစ်ပေါ်လာရခြင်းဖြ စ်ပါတယ်။ ကျွန်တော်နဲ့ နီးစပ်တဲ့ကလေးတစ်ယောက်က အမျိုးသားလေးတစ်ယောက်ပါ။ သူဟာလည်းပဲ အလယ်တန်း အဆင့်ပဲ ရှိပါသေးတယ်။ ဒီအမျိုး သားလေးကို တစ်တန်းတည်းမှာရှိတဲ့ မိန်းကလေး အမျိုးသမီး လေးက စာပေးပါတယ်ခင်ဗျား။ ကျွန်တော် အံ့အားသင့်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာက မဖြစ်နိုင်ဘူး။ ဒါဟာ လီဆယ်ပြောတာနဲ့ တူတယ်။ ဒီလိုပဲ ကျွန်တော် ပထမသုံးသပ်ပါတယ်။ နောက် ဒုတိယ အကြိမ် ထပ်ပြီးတော့ ဒီလိုမျိုးဖြစ်ရပ်မျိုး ဖြစ်ပါတယ်။ နောက်တစ်ခါ တတိယအကြိမ်ကျတော့ ဒီစာကို ဒီကလေးက ဆွဲဆုတ်ပစ်လိုက်တယ်။ အဲတော့ ကျွန်တော်က မေး ကြည့်ပါတယ်။ ဒါဘယ်လို ဖြစ်ရတာလဲဆိုတော့ ခုနတုန်းကပြောသလို ဇာတ်လမ်း တွဲတွေမှာ ဒီလို ကိစ္စရပ်တွေ၊ ဒီလိုအကျင့်စရိုက် ကလေးတွေ ပါလာတယ်ဆိုတာ သူတို့ပြောပြကြပါ။

ဒါကြောင့်မို့လို့ ဒီ Media အနေနဲ့ မြန်မာ့ရုပ်မြင်သံကြားဟာ အင်မတန်မှ အရေးကြီး တဲ့ အစိတ်အပိုင်းဟာ ပါပါတယ်။ ကျွန်တော်တို့ ဒီနိုင်ငံတော်၊ နိုင်ငံတိုင်းမှာလည်းပဲ အမြဲတမ်း ရင်ထဲမှာသိုအောင်းထားတဲ့ တို့တာဝန်အရေးသုံးပါး၊ တစ်နည်းအားဖြင့်ကျွန်တော်တို့ ယဉ်ကျေးမှု စရိုက်လက္ခဏာတွေ၊ ကျွန်တော်တို့ ယဉ်ကျေးမှုစာပေတွေ ပျောက်ရင် လူမျိုးပါပျောက်သွားမှာပဲ။

တနည်းအားဖြင့် တို့ တာဝန်အရေးသုံးပါးထဲကို ပြန်ပြီးတော့ ဝင်တယ်လို့ ကျွန်တော့် အနေနဲ့ ကတော့ ခံယူပါတယ် ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီမေးခွန်းလေးကို မေးရခြင်းဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ အနီးနားမှာရှိတဲ့ နိုင်ငံတွေ၊ နောက် အခြားနိုင်ငံတွေကိုလည်းပဲ လေ့လာ ကြည့်မယ်ဆိုလို့ရှိရင် သူတို့ပြသနေတဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေ ဟာ ဘယ်လိုများစီစဉ် ဆောင်ရွက်ထားသလဲ။ ကျွ န်တော်တို့နိုင်ငံမှာပြတဲ့ ရုပ်မြင်သံကြား ရဲ့အစီအစဉ်တွေဟာ ဘယ်လို များကွာခြားသလဲ။ ဒါလည်းပဲ ပြန်လည်သုံးသပ်လေ့လာဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ တော့ ထင်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သိရှိရတဲ့ နိုင်ငံကိုတော့ မဖော်ပြလိုပါဘူး။ ဒီနိုင်ငံတွေ ဟာ ရုပ်မြင်သံကြားတွေမှာ နိုင်ငံတော်အစိုးရကနေပြီးတော့ဆောင်ရွက်တဲ့ တာဝန်ယူထားတဲ့ ရုပ်မြင်သံကြားတွေဟာ Non - Profit ပါ။ ကျွန်တော် အင်္ဂလိပ်လိုပြောတာကို ခွင့်ပြုစေချင်ပါ တယ်။ အကျိုးအမြတ်ရလဒ်ကို မူမတည်ပါဘူး။ သူတို့ရဲ့ ယဉ်ကျေး မှု၊ သူတို့လူမျိုးတွေရဲ့ ဇာတိ မာန်၊ ဇာတိသွေး တွေ၊ နောက် မျိုးချစ်စိတ်ဓာတ်တွေ (Patriotism) နောက် သူတို့ရဲ့ ရှေးမူ မပျက် ဒီဟာတွေထိန်းသိမ်းဖို့ အဓိကလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ဥပမာနိုင်ငံ တစ်ခုပြောရရင် ဂျပန်လိုနိုင်ငံမျိုးမှာ ခါဘူအိ ဆိုတဲ့ဟာ၊ ခါဘူအိဆိုတာ အင်မတန်မှ ရှေးကျတဲ့ ဇာ တ်သဘင်ရုပ်စုံကြီးလိုဟာမျိုးပါ။ ဒီခေတ်ဒီခါဆိုရင် ဒါကြည် ့ရင် အင်မတန်မှ ရယ်စရာ ကောင်းပါတယ်။ သို့သော် သူတို့က ဒါကို ထိန်းသိမ်းထားပြီး ဒီနေ့အချိန်အထိ သူတို့ရဲ့ NHK လို ရုပ်မြင်သံကြားတွေမှာလည်းပြတယ်။ သူတို့ရဲ့ ဇာတ်ခုံလုပ်ထားပြီးတော့ ဒါတွေကို လည်းပဲ ပြနေပါတယ်။ အဲဒီတော့ သူတို့ဝင်ငွေက နည်းတာ၊ များတာကို အဓိကသိပ်မထားပါဘူး။ သူတို့ရဲ့ ယဉ်ကျေး မှုကို ထိန်းသိမ်းတဲ့သဘောမျိုးလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ သူတို့ အမြတ်အစွန်းလည်း ရသင့်သလောက်ရကြပါတယ်။ ကျွန်တော်တို့နဲ့ အင်မတန်ရင်းနှီးတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးမှာလည်း ဒီလို ပါပဲ။ ထိန်းသိမ်းထားတာတွေရှိပါတယ်။ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေ ဒါတွေက လည်းပဲ ရုပ်မြင်သံကြားမှာ အစဉ်အဆက်မပြတ် ပြပါ တယ်ခင်ဗျား။ ကျွန်တော်တို့ အစီ အစဉ်တွေအားဖြင့် လေ့လာကြည့်မယ်ဆိုလို့ရှိရင် သင့်တော်ရာ သင့်တော်ရာအတိုင်း ဒီအစီအစဉ် တွေကိုလည်းပဲ ပြသ တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ဥပမာ မနက်ပိုင်းမှာဆိုရင်တော့ ဘာသာရေးနဲ့ပတ်သက်တဲ့ဟာတွေ အသံလွှင့်နေပါတယ်။ ဟိုနိုင်ငံတွေမှာတော့ မနက်ပိုင်း ဆိုရင်တော့ ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ပတ်သက်တဲ့ဟာတွေ၊

နောက် လူကြီးတွေထတဲ့အချိန် ဆိုတော့ ချက်တာပြုတ်တာနဲ့ပတ်သက်တာဟာမျိုးတွေ သူတို့ပြကြပါတယ်။

နေ့ခင်းပိုင်းလိုဟာကျရင်တော့ အိမ်ရှင်မတွေပဲ ရှိတဲ့အတွက်ကြောင့် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်တိုလေးတွေ သူတို့ပြကြတာရှိ ပါတယ်။ ညနေပိုင်းဆိုရင်တော့ ကလေးတွေ ကကျောင်းဆင်းလာပြီဆိုရင် ဒီအချိန်မှာတော့ ကလေးတွေကြို က်တတ်တဲ့ ကာတွန်းလေးတွေ၊ ကာတွန်းဆိုလည်းပဲ သူတို့ ဒီအစိုးရပိုင်းက တာဝန်ယူထားတဲ့ နိုင်ငံတော်အစိုးရ တွေက တာဝန်ယူထားတဲ့ဟာတွေဟာ သူတို့ရဲ့ စရိုက်လက္ခဏာနဲ့ညီတဲ့၊ သူတို့ယဉ်ကျေးမှုနဲ့ညီတဲ့ ဒီကာတွန်းတွေ၊ ဇာတ်လမ်းတွေကို ပြသခြင်း ဖြစ်ပါတယ်ခင်ဗျား။ ညဘက်ည ဉ့်နက်သွားတဲ့အခါကျရင်တော့ လူကြီးတွေ ကြည့်ဖို့အတွက်ဆိုရင် ထပ်ပြီး လူကြီးတွေနဲ့ သင့်တော်တဲ့ ဇာတ်လမ်း၊ ဇာတ်ကွက်တွေကို ပြပါတယ်။ ဒီလိုပဲ ရှိပါတယ်။ နောက်ပြီးတော့သူတို့စီးရီးအလိုက်ပြတဲ့ တစ်ဆက်တည်းပြတဲ့ဟာတွေကတော့ သူတို့နိုင်ငံက ထုတ်လုပ်တဲ့ ဇာတ်လမ်း၊ ဇာတ်ကွက်တွေကိုပဲ တောက်လျှောက်တစ်ခါတည်း တစ်နှစ်ပတ်လုံးပြတဲ့ သဘောမျိုးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီမှာဒီလိုပြသခြင်း မရှိသလောက်တွေ့ရပါတယ်။ အင်မတန်မှ နည်းပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံ၊ မြန်မာ့အသံအနေနဲ့ကတော့ နိုင်ငံတော်အစိုးရကလည်း တာဝန်ယူထားတဲ့အတွက်ကြောင့် ရိုးရာယဉ်ကျေး မှုနဲ့ ပတ်သက်တဲ့ ဝတ်စားဆင်ယင်မှုတွေ၊ ဇာတ်သဘင်နဲ့ပတ်သက်တဲ့ ဇာတ်လမ်း၊ ဇာတ်ကွက်တွေ၊ နောက် ရှေးဟောင်းယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေ၊ ပြကွက်တွေဟာ အများကြီး ရှိနိုင်ပါတယ်။ သို့သော်လည်းပဲ မြန်မာ့အသံက ကျွန်တော်အရင် စဖွင့်တုန်းကတော့(၁)မိနစ်ကို ၁၀၀၀ ကျပ်ကျတယ်လို့ ကုန်ကျစရိတ်ကရှိပါတယ်။ ဒီကုန်ကျစရိတ်ကတော့ ရှိမှာပါပဲ။ သို့သော် ဒီဟာကိုတော့ ပြန်လည်ပြီးတော့ ခုနတုန်းက နိုင်ငံတော်အတွက် အကျိုးရှိမှာနဲ့ တချို့ကုန်ကျ စရိတ်နဲ့ ဒါကိုတော့ ပြန်ပြီးတော့ စဉ်းစားရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်ကတော့ MRTV ကို ဖော်ညွှန်း ပြီး တော့ တင်ပြဆွေးနွေး ခြင်းဖြစ်ပါတယ်။ တချို့ဟာတွေကတော့ တချို့ Channel တွေနဲ့၊ တချို့ လွှင့်တဲ့ဟာတွေကတော့ သူတို့ရဲ့ ငွေရေးကြေးရေးအတွက် ဖြစ်တဲ့အတွက်ကြောင့်၊ ဒီဟာကတော့ ဆင်ဆာ အနေနဲ့ နိုင်ငံတော်က ဆောင်ရွက်တာရှိမယ်လို့ ဒါကတော့ တစ်ကဏ္ဍပါ။ ကျွန်တော့်အနေနဲ့ ကတော့ နိုင် ငံတော်က တာဝန်ယူထားတဲ့အသံလွှင့်ခြင်းကိစ္စ၊ ရုပ် မြင်သံကြားကိစ္စကတော့ နိုင်ငံသူ /နိုင်ငံသားတွေရဲ့ Character နဲ့

ယဉ်ကျေးမှုနဲ့ ဒီဟာတွေကို ထိန်းထိန်းသိမ်းသိမ်း စောင့်ရှောက်ပေးဖို့လိုမယ်လို့ ကျွန်တော့် အနေနဲ့ ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အခု ကလည်းပဲ Globalization၊ Globalization ဆိုတာကတော့ ကျွန်တော်တို့က ဆက်သွယ်ရေးလမ်းကြောင်းတွေကလည်း သိပ်ကောင်းနေတယ်။ သိပ်ကောင်းနေတယ်ဆိုတာ ချက်ချင်းအချိန်နဲ့တပြေးညီ စက္ကန့်အတွင်းမှာပဲ သတင်းတစ်ခုက ရောက်လာမယ်။ တစ်ခုက ရောက်လာမယ်၊ ဒီသဘောမျိုးပါ။ Globalization နဲ့ လိုက်ပြီးတော့ ကျွန်တော်တို့က အကုန်လုံးပြောင်းလဲရမယ် ဆိုတာကတော့ ဒါကျွန်တော်တို့ရဲ့ ယူဆချက်ပဲဖြစ်ပါတယ်။ တချို့တွေ ကလည်း Globalization ဖြစ်တယ်၊ ဒီဟာဖြစ်တယ်၊ ငြင်းကြ ၊ ခုန်ကြ၊ ပြောကြဆိုကြမှာဖြစ်တယ်။ သို့သော် Globalization နဲ့ Culture Indigration ကျွန်တော်တို့ ယဉ်ကျေးမှုတွေ စုပေါင်းပြီး တော့ဖြစ်ပေါ်လာမယ်။ ယဉ်ကျေးမှုတွေ ပြောင်းလဲလာမယ်ဆိုတာ ဟာ သက်ဆိုင်ရာ နိုင်ငံရဲ့ကိုယ်ခံအား၊ သက်ဆိုင်ရာနိုင်ငံရဲ့ အစီအစဉ်၊ အစီအမံတွေနဲ့ အများကြီး ကျွန်တော်တို့ ဆက်စပ်လျက် ရှိပါ တယ်။ တချို့နိုင်ငံတွေက ကျွန်တော်တို့လည်းပဲ ခု ဒါက မီဒီယာနဲ့ ဆိုလို့ရှိရင် အစစအရာရာ နိုင်ငံ တစ်ခုကို ဝင်ရောက်ပြီးတော့ ဆောင်ရွက်လေ့ရှိတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဲတော့ ကျွန်တော့်တို့သည် မြန်မာ့အသံက ပြလိုက်တဲ့ဟာတွေက နိုင်ငံတစ်ခုတည်းရဲ့ တော်တော်များများ အဲဒီနိုင်ငံရဲ့ ကျွန်တော်တို့ Character တွေ၊ သူ့ရဲ့အမူအကျင့်တွေ၊ အပြု အမူတွေ၊ အလေ့အကျင့်တွေ လွှမ်းမိုးသွားမှာပါ။ ဒါပြန်စဉ်းစားသင့်ပါတယ်။ အဲလိုဆိုရင် မူလက တင်ပြခဲ့ တဲ့ တို့တာဝန်အရေးသုံးပါးနဲ့ ပြန်ပြီးတော့မှ ဆက်စပ်လို့ရပါတယ်။အခုဒီဟာကိုတော့ မြန်မာ့အသံ ပြသတဲ့ရုပ်ရှင်ဇာတ်ကားတွေ၊ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့မှ အထူး အလေးထား ပြီးတော့ ပြန်လည်သုံးသပ်စီစဉ် ဆောင်ရွက်ရန် ကျွန်တော့်အနေနဲ့ တိုက်တွန်းရင်း နိဂုံးချုပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ မယ်စဲ့ မြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာအား မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံစသော ဒစ်ဂျစ်တယ်လိုင်းကြည့်ရှုခွင့်ကို ဆောင်ရွက်ပေးပါရန် အစီ အစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ မယ်စဲ့ မြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာအား မြန်မာ့ ရုပ်မြင်

သံကြားနှင့် မြဝတီရုပ်သံစသော ဒစ်ဂျစ်တယ်လိုင်း ကြည့်ရှုခွင့်ကို ဆောင်ရွက်ပေး ရန် အစီ အစဉ် ရှိ/မရှိ နှင့် စပ်လျဥ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးနှင်းဝေ၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၂)။** ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂)၊ မယ်စဲ့မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွ န်တော်မေးလိုတဲ့မေးခွန်းကတော့ ကယားပြည်နယ်၊ ဘော်လခဲခရိုင် ၊ မယ်စဲ့မြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာ (၁၀)ရွာများတွင် မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံစတဲ့ ဒစ်ဂျစ်တယ်လိုင်း ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးမှု အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကယားပြည်နယ်၊ ဘော်လခဲ ခရိုင်၊ မယ်စဲ့မြို့နယ်ရှိ ကျေးရွာ(၁၀)ရွာဖြစ်တဲ့ ဟိုစဲ့၊ ဝမ်ကန်၊ နမ့်မန်း၊ ပန်တိန်း၊ လမ်းဆုံ၊ မယ်ဆည်နန်၊ နန့်ဟူး၊ ဟိုဂျစ်၊ နမ့်ပိန်းလိန်နှင့် ကျောက်စုကျေးရွာ များမှာ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားလိုင်းများ ကြည့်ရှုနို င်ရန် ကျေးရွာ နေလူထုများမှ တင်ပြတောင်းခံလာပါတယ်။

ဒါကြောင့် ကျေးလက်တောရွာနေ လူထုများ၏ လူမှုဘဝမြင့်မားစေရန်နှင့် အသိ ပညာ ဗဟုသုတ တိုးတက်ရရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျွ န်တော်ဒီမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါ ကြောင့် မယ်စဲ့ မြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာအား မြန်မာ့ရုပ်သံလိုင်းနှင့် မြဝတီရုပ်သံလိုင်း ကြည့်ရှုနိုင်ရန် ဆောင်ရွ က်ပေးမည့် အစီအစဉ် ရှိ /မရှိ သိ လိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲ၌ တ စ်သက်တာရုပ်ရှင်ထူးချွန်ဆုပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေက မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲ၌ တစ်သက်တာရုပ်ရှင်ထူးချွန်ဆု ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဥ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေ တ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲ၌ တစ်သက်တာရုပ်ရှင်ထူးချွန်ဆု ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့အကြောင်းကတော့ ကျွန်တော်ဟာ မြန်မာ့ရုပ်ရှင် လုပ်ငန်းမှာ တာဝန် ထမ်းဆောင်ခဲ့တာနဲ့အညီ မြန်မာ့ရုပ်ရှင်အစည်းအရုံးက ဥက္ကဋ္ဌကြီး ဦးမြင့်သိန်းဖေနဲ့ တိုင်ပင်ပြီးတော့ ရုပ်ရှင်လောကသားများကိုယ်စား အခုလိုမေးမြန်းရခြင်း ဖြစ်ပါ တယ်။ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ရုပ်ရှင်သရုပ်ဆောင်များကို လူထုက ခုနက ဒေါက်တာမြင့်ကြည် တင်ပြခဲ့သလိုပဲ သူတို့ဘာလုပ်လုပ် လိုက်ပြီးတော့ အတုယူကြတာဖြစ်တဲ့ အတွက်ကြောင့် ဒီရုပ်ရှင်သားများဟာ Celebrity များဟာ သူတို့ စဖြစ်လာကတည်းက အသက်အရွယ်ကြီးရင့်လာသည်အထိ စာရိတ္တကောင်းကောင်းနှင့်ကိုယ့်ကျင့်သိက္ခာကောင်းကောင်း စံနမူနာပြပုဂ္ဂိုလ်များအဖြစ် ရပ်တည် နေထိုင်သွားစေလိုတဲ့ ဆုအဖြစ် ပေးအပ်ချီးမြှင့်စေလိုခြင်း ဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်ကနေ စတင် ပြီးတော့ ယခုအချိန်အထိ ပေးအပ်ခဲ့တာ (၅၉)နှစ် ကြာပါပြီ။ ဒီမှာ ဆိုရင် ပထမပိုင်းမှာတော့ ထူးချွန်ဆု အနည်းငယ်သာ ပေးအပ်ပြီးတော့ ယခုအခါမှာတော့ (၁၁)မျိုးအထိ ပေးအပ်ထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

သရုပ်ဆောင်(ကျား/မ)၊ ဇာတ်ပို့(ကျား/မ)၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ ဓာတ်ပုံ၊ တေးဂီတ၊ အသံ၊ ထုတ်လုပ်သူ၊ တည်းဖြ တ်စသည်ဖြင့် အကယ်ဒမီဆုများ ပေးအပ်နေသော် လည်းပဲ တစ်သက်တာလုံး ပြည် သူ့အကျိုးပြုရုပ်ရှင်လုပ်ငန်းတွေမှာသာ အားကြိုးမာန်တက် ဆောင်ရွက် လျက်ရှိတဲ့ အသက်အရွယ် ကြီးရင့်လာပြီဖြစ်သည့် ရုပ်ရှင်လောကသားများအတွက် တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆု ပေးအပ်နိုင်ခြ င်း မရှိသေးကြောင်းလေ့လာ တွေ့ရပါ သည်။ ဥပမာအားဖြင့် မည်သည့်ကျရာဇာတ်ရုပ်ကိုမဆို ပီပြင်စွာသရုပ်ဆောင်လျက်ရှိတဲ့ အသက် (၈၀) ကျော် ပြီဖြစ်တဲ့ အကယ်ဒမီ(၆)ဆုရ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မြင့်မြင့်ခင်ကဲ့သို့လည်းကောင်း၊ အသက် (၉၀)ကျော်ပြီ

ဖြစ်သော်လည်းပဲ ရုပ်ရှင်သမိုင်းပြတိုက်မှာတာဝန်ထမ်းဆောင်ဆဲ၊ မျိုးဆက်သစ်များကို ရုပ်ရှင် ပညာများ ဖြန့်ဖြူးဆဲဖြစ်သော ဒါရိုက်တာကြီး ဦးတင်ယု တို့လိုပုဂ္ဂိုလ်မျိုးကိုလည်းကောင်း၊ အသက်(၉၀)ကျော်နေပြီဖြစ်သော်လည်း ငယ်စဉ်က ကျည်ဆံ (၅)တောင့်ဆိုတဲ့ ရုပ်ရှင်ကားကြီး နဲ့ တပ်မတော်အကျိုးပြုဇာတ်ကားကြီးမှာ လက်ပစ်ဗုံး (၂)လုံးကို ရင်မှာ ပိုက်ပြီးတော့ ရန်သူ့ ကတုတ်ကျင်းသို့ဒိုက်ထိုးပြီးတော့ တိုက်ခိုက်ချေမှုန်းသရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်မင်းသားကြီး ဒိုင်ဗင် တင်လှ တို့လို ပုဂ္ဂိုလ်ကြီးများကိုသော်လည်းကောင်း၊ အကယ်ဒမီရွေးချယ်ရေးဘုတ်အဖွဲ့မှ မူဝါဒ အသစ်များချမှတ်ပြီးတော့ စိစစ် ရွေးချယ်ဆုချီးမြှင့်ပေးမည်ဆိုပါက ပြည်သူ့အကျိုးပြု ရုပ်ရှင် လောကသားများဟာ အထူးပင် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဆုကြီးအဖြစ် လက်ခံ ကြမှာ၊ ကြိုဆို ကြမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒီဆု ဟာ နှစ်စဉ်ကျင်းပပြုလုပ်နေတဲ့ ရုပ်ရှင် သက်ကြီးပူဇော်ပွဲနဲ့တော့ တူမှာမဟုတ်ဘူးလို့လည်း တင်ပြလိုပါတယ်။

နိုင်ငံတကာမှာလည်း တစ်သက်တာရုပ်ရှင်ထူးချွန်ဆု တွေပေးအပ်နေတာကို တွေ့ရှိ ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် နာမည်ကြီး Psycho ဆိုတဲ့ဇာတ်ကားကြီးကို ရိုက် ခဲ့တဲ့ ဒါရိုက်တာကြီး Hicott ဆိုရင် တစ်သက်တာအော်စကာဆု ချီးမြှင့်ခံခဲ့ရတဲ့ပုဂ္ဂိုလ် ဖြစ်ပါ တယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာဆိုရင်လည်း ဒါအာရှတိုက်ရဲ့ အော်စကာဆုလို့ ခေါ်ဆို နိုင်တဲ့ Hundred of Flowers And Gloden Rooster ဆိုတဲ့ ပန်းပေါင်းတစ်ရာနဲ့ ရွှေကြက်ဖရုပ်ရှင်ပွဲတော်ကြီးမှာလည်း ဒီဆုပေးတာကို ကျွန်တော်တွေ့မြင် ခဲ့ရပါတယ်။

မြန်မာ့ရုပ်ရှင် လုပ်ငန်းပြန်ကြားရေးဝန်ကြီးဌာနရဲ့ တာဝန်ပေးချက်အရ ကျွန်တော် အဲဒီရုပ်ရှင် ပွဲတော်ကြီးကို သွားတက်တဲ့အခါမှာ အဲဒီတစ်သက်တာဆုရတဲ့ ရုပ်ရှင်မင်းသမီးကြီး ငယ်စဉ်က နုပျိုစဉ်အခါက သရုပ်ဆောင်ချက်တွေကို အဖြူနဲ့အမဲနဲ့ ပိတ်ကားပေါ်မှာတစ်ခါတည်း ပြပြီးတော့ သူ့ကို ဆုချီးမြှင့်ပါတယ်လို့ ကြေညာ လိုက်တဲ့အခါမှာ သူက Wheel Chair နဲ့ လက်တွန်းလှည်းနဲ့ဇာတ်စင်ပေါ်ကိုတက်လာတဲ့အခါမှာတက်ရောက်လာတဲ့ အကယ်ဒမီဆုပေးတဲ့ ပုဂ္ဂိုလ်များ နိုင်ငံတော်ကောင်စီဝင် အဆင့်ရှိတဲ့ ပုဂ္ဂိုလ်များအပါအဝင် အားလုံးဟာ မတ်တတ်ရပ် ပြီးလက်ခုပ်တီးပြီး ဒီဆုကို ချီးမြှင့်ခဲ့တာကို တွေ့တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလို ထူးချွန်တဲ့ သရုပ်ဆောင်ကြီးတွေရှိတဲ့အတွက်ကြော င့် သူတို့ကိုလည်း ချီးမြှင့်ပေး ဖို့ ကျွန်တော့်

အနေနဲ့ စိတ်ကူးရရှိပါတယ် ခင်ဗျား ။ မြန်မာနိုင်ငံမှာ စာပေလောကသားများ အတွက် တော့ တစ်သက်တာ စာပေဆုတွေကို ပြ န်ကြားရေးဝန်ကြီးဌာနကလည်းကောင်း ၊ ပုဂ္ဂလိက များက လည်းကောင်း ပေးအပ်လျက်ရှိတာ တွေ့ရှိရမှာဖြစ်ပါတယ်။ တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆုကို တော့ မြန်မာ့ ရုပ်ရှင်အစည်းအရုံးက ပေးဖို့ရာ ဆိုင်းပြင်းခဲ့တာ (၄) နှစ်လောက်ကြာပြီလို့ သိရ ပါတယ်။ သို့သော် ခုချိန်ထိမပေးနိုင်သေးပါဘူး ၊ ကျွန်တော့်အနေနဲ့တော့ တကယ် လို့ ချီးမြှင့်မယ်ဆိုရင် နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက ချီးမြှင့်ပါက ပိုပြီးတော့ Royal ဖြစ်မယ်။ တော်ဝင်ဖြစ်မယ် လို့ ထင်မြင်ယူဆပါတယ်။ ထို သို့ချီးမြှင့်ခြင်းအားဖြင့် ရုပ်ရှင် လုပ်ငန်း ကို ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ဂုဏ်သရေရှိရှိ ရိုးသားစွာ ရာသက်ပန် လုပ်ဆောင် သွားမယ့် ရုပ်ရှင်လောက သားတွေ ပေါ်ထွန်းလာမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်ရဲ့ မေးခွန်းဖြစ်တဲ့ မြန်မာ့ရုပ်ရှင်ဆုပေးပွဲ ၌ ဒီတစ်သက်တာ ရုပ်ရှင် ထူးချွန်ဆု ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်မှစတင်ပေးအပ်မည်ကို သိရှိ လိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကဖြေကြား ပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၅။**

**ဦးစိုးဝင်း၊ (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွ န်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦး ဆုံးအနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် က နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများသည် အထူးအရေးကြီး၍ နိုင်ငံသား အားလုံးကို ထိရောက်မှုအရှိဆုံးဖြစ်သော ရု ပ်မြင်သံကြားမှ ရုပ်ရှင်ဇာတ်လမ်းများ တင်ဆက်ပြ သ မှုကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း သို့ပါ၍ အမျိုးသားရေးစရိုက် လက္ခဏာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးတို့အတွက် မြန်မာ့ရုပ်မြင်သံကြားမှ တင်ဆက်

ပြဿနာများကို သုံးသပ်၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသွားခဲ့ပါတယ်။ ဒီမေးခွန်းအပေါ်မှာ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ အစီအစဉ်များ ထုတ်လွှင့်ရာမှာ ပြန်ကြားပေးရန် ပညာပေးရန်နှင့်ဖျော်ဖြေပေးရန်ဟူသော ရည်ရွယ်ချက် (၃)ရပ်ကိုအခြေခံပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒသဘောထားများ အမျိုးသား ရေးရည်မှန်းချက်တာဝန်များနဲ့အညီ မီဒီယာလုပ်ငန်းများကို ထုတ်လွှင့်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ MRTV ထုတ်လွှင့်မှုအပိုင်းကို ကြည့်မယ်ဆို ရင် စနေ၊ တနင်္ဂနွေနဲ့ ရုံးပိတ်ရက်များ မှာ နံနက် ၇ နာရီမှ ၉ နာရီထိ တစ်ကြိမ်၊ နေ့လည် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီထိတစ်ကြိမ်၊ ညနေ ၄ နာရီမှ ည ၁၀ နာရီထိ တစ်ကြိမ် စုစုပေါင်းထုတ်လွှင့်ချိန်(၁၂) နာရီ ထုတ်လွှင့်ပေးနေပြီး ကျန်ရုံးဖွင့်ရက် များမှာတော့ နံနက် ၇ နာရီမှ ၉ နာရီထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ည ၁၀ နာရီထိ တစ် ကြိမ် စုစုပေါင်း ထုတ်လွှ င့်ချိန်(၈) နာရီထုတ်လွှင့် ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ပြည်တွင်းရှိ နိုင်ငံတကာပရိ သတ်များအတွက် Myanmar Inter national Channel (English)ကိုနေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ထည့်သွင်းထုတ်လွှင့် ပေးလျက်ရှိပါတယ်။ ထုတ်လွှင့်မှုများမှာ ပြန်ကြားရေးကဏ္ဍ ၃၀ ရာခိုင်နှုန်း၊ ပညာပေးကဏ္ဍ ၃၀ ရာခိုင်နှုန်းနဲ့ ဖျော်ဖြေရေးကဏ္ဍ ၄၀ ရာခိုင်နှုန်း လျာထားသတ်မှတ်ပြီး အစီအစဉ်များကို ရေးဆွဲထုတ်လွှ င့်ပေးနေခြင်း ဖြစ်ပါတယ်။ MRTV ကနေ အစီအစဉ် များ ပုံမှ န်ထုတ်လွှင့်ပေးနိုင် ရေးအတွက် စတူဒီယိုအတွင်းမှာ အစီအစဉ်များ ၊ ပြင်ပအစီအစဉ်များ နိုင်ငံခြားနှင့် ပြည်တွင်းဇာတ်လမ်းများကို မိမိတို့နို င်ငံရဲ့ ယဉ်ကျေးမှုဓလေ့စရိုက်များ အမျိုး သားရေး လက္ခဏာများနဲ့ကိုက်ညီမှုရှိအောင် ပြင်ဆင်တည်းဖြတ်ရိုက်ကူး ထုတ်လုပ်ပြီး ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်လာစေရေးအတွက်လည်း သူတို့ကို သတ်မှတ်မူဝါဒများနှင့်အညီ ပြည်တွင်းအစီ အစဉ်များ ရိုက်ကူးထုတ်လုပ် ခွင့် ပြုပြီး MRTV မှာ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံကဏ္ဍဆိုင်ရာ အစီအစဉ်များကိုလည်း အပတ်စဉ်ထည့်သွင်းထုတ်လွှင့် ပေးလျက်ရှိပါတယ်။ ပြည်သူများအတွက် သတင်း၊ ဗဟုသုတ၊ ဖျော်ဖြေမှုများပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်အောင် နိုင်ငံတကာနဲ့ လည်း ရင်ဘောင်တန်းနိုင်အောင် ယနေ့အခါမှာ အခမဲ့ကြည့်ရှုနိုင်တဲ့ Free to Air ရုပ်သံလိုင်းများ၊ အခကြေးငွေဖြင့် ကြည့်ရှုနိုင်တဲ့

ရုပ်သံလိုင်းများကိုပါ တိုးချဲ့ထုတ်လွှင့်ပေးလျက် ရှိပါတယ်။ ဒီရုပ်သံလိုင်းများမှာ နိုင်ငံတကာ သတင်းရုပ်သံလိုင်းများ၊ အသိပညာဗဟုသုတ အခမဲ့ ကထား ထုတ်လွှင့်တဲ့ရုပ်သံလိုင်းများ Edutainment , Infotainment စသည်တို့ပါဝင်သည့် ဖျော်ဖြေရေးရုပ် သံလိုင်းတွေ ပါဝင်ပါတယ်။ ဒီလိုထုတ်လွှင့်ရာမှာလ ည်း ရုပ်ရှင်ဇာတ်ကားများ ဇာတ်လမ်း တွဲများကို ဆင်ဆာ မူဝါဒနှင့် အညီစစ်ဆေးပြီးမှ ပြသခွင့်ပေးခြင်း ဖြစ်ပါတယ်။ အလားတူပြည်ပမှ ထုတ်လွှင့်နေသော ရုပ်သံလိုင်းများကို တိုက်ရိုက် Relay စနစ်နဲ့ ထုတ်လွှင့်ရာမှာလည်း Online ဆင်ဆာ စစ်ဆေးမှု အဖွဲ့က မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည်များကို စစ်ဆေးပြင်ဆင်ပြီးမှ ဆက်လက်ထုတ်လွှင့် ပေးနေခြင်းဖြစ်ပါတယ်။

ရုပ်မြင်သံကြားထုတ်လွှင့်တဲ့ အစီအစဉ်ရေးဆွဲရာမှာလည်း မြန်မာ့ ယဉ်ကျေးမှုကို ဖော်ညွှန်းပေးတဲ့အစီအစဉ်များ၊အမျိုးသားရေးဓလေ့စရိုက်များကိုဖော်ကျူးပေးတဲ့အစီအစဉ်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အစီအစဉ်များ၊ စာပေနှင့် ယဉ်ကျေး မှုဆိုင်ရာ အစီအစဉ်များ၊ တေးကဗျာ အစီအစဉ်များ၊ အသိပညာနှင့်ဗဟုသုတဖြစ်ဖွယ် ပညာပေးအစီအစဉ်များကို သတ်မှတ်အချိုးအစားနှင့် အညီ ထည့်သွင်းရေးဆွဲ ထုတ်လွှင့်ပေးနေပါတယ်။ ဒါ့အပြင် အဲ ဒီ ထုတ်လွှင့်မှုတွေကို ပြည်သူ အများဆုံး ကြည့်ရှုတဲ့အချိန် Prime Time မှာ ပြည်တွင်း မီဒီယာ များက ထုတ်လုပ်တဲ့ အစီအစဉ်များ၊ စတူဒီယိုအတွင်းနှင့် ပြင်ပရိုက်ကူး ထုတ်လုပ်သည့် အစီအစဉ်များ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေး ရည်မှန်းချက်ဖြင့်ဆောင်ရွက်တဲ့ အခမ်းအနား များ၊ ပြိုင်ပွဲများဆိုင်ရာ ဂုဏ်ပြုအစီအစဉ်များ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ မိမိတို့နှင့်ယဉ်ကျေးမှု ဓလေ့စရိုက်များ၊ အမျိုးသားရေးလက္ခဏာများ၊ အနီးစပ်ဆုံးတူညီတဲ့ နိုင်ငံခြားရုပ်ရှင် ဇာတ် လမ်းများစသည်ဖြင့် မျှတစွာထည့်သွင်းထုတ်လွှင့် ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အထိမ်းအမှတ် နေ့ရက် ဂုဏ်ပြုအစီအစဉ်များ၊ ရုပ်ရှင်ဂုဏ်ပြုဇာတ်လမ်းများ ဂုဏ်ပြုတေးသီချင်း များကိုလည်း သတ်မှတ်အထိမ်းအမှတ်နေ့ရက်များအလိုက် Prime Time များမှာ ထုတ် လွှင့်ပေးလျက် ရှိပါ တယ်။ အပတ်စဉ် Prime Time မှာ ထုတ်လွှင့်ပေးတဲ့ မြန်မာမှုအစီအ စဉ် (၁၂) ခု ရှိတဲ့အပြင် အပတ်စဉ်တနင်္ဂနွေနေ့ နေ့လယ် ပိုင်းအစီအစဉ်နှင့် ဗုဒ္ဓဟူး နေ့ညပိုင်းအစီအစဉ်များ ကိုလည်း မြန်မာမှုအစီအစဉ်များအတွက်သာ သတ်မှတ်ထားပြီး မြန်မာ့ရုပ်ရှင် ဇာတ်ကားများ၊ မြန်မာဗွီဒီယို ဇာတ်လမ်းများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစီအစဉ်များကို သီးခြားထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကျိုးပြု ဂုဏ်ပြုဇာတ်လမ်းတွေ၊ တေးသီချင်းတွေနဲ့ အစီအစဉ်တွေကို

သက်ဆိုင်ရာနေ့ရက်များအလိုက် Prime Time အချိန်အတွင်း၌သာ ထုတ်လွှင့်ပြသစေလျက် ရှိတဲ့အတွက် နိုင်ငံခြားအစီအစဉ်များကို ညနောက်ပိုင်းအချိန်ကျမှသာ ပြသနိုင်တာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ လတ်တလော ဥပမာပြရရင် လက်ရှိအခြေအနေမှာ (၁၈) ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အ တီးပြိုင်ပွဲကြီးကျင်းပနေပြီ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီး မတိုင်မီ(၁)လခွဲခန့်ဟာ အကြိုလှုံ့ဆော်ကာလဖြစ်တဲ့အတွက် သက် ဆိုင်ရာ ဘာသာရပ်အလိုက် အထောက်အကူပြု ဆွေးနွေးခန်းများ၊ ဂုဏ်ပြုအစီအစဉ်များကို ညပိုင်းသတင်း အပြီးမှာ ထုတ်လွှင့်ပေးနေတာကို အားလုံးတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီလိုထုတ်လွှင့် ပေးမှုများကြောင့် နိုင်ငံခြားဇာတ်လမ်းများနဲ့ အစီအစဉ်အချို့ဟာ ညသန်း ခေါင်ယံအချိန်ကျမှသာ ထုတ်လွှင့် နိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ အရည်အသွေး၊ အရည်အချင်း မြင့်မားတိုးတက်လာရေးအတွက်လည်း ရေဒီယို ၊ ရုပ်မြင်သံကြားသတင်းအစီအစဉ် ရေးသား ရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ ပြည်တွင်းပြည်ပသင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများဖြင့် သင်ကြား လေ့ကျင့်မြှင့်တင် ဆောင်ရွက် လျက်ရှိပါတယ်။ အလားတူ ရုပ်မြင်သံကြားနဲ့ ရေဒီယို ထုတ်လွှင့်မှု စနစ်များကိုလည်း နိုင်ငံတကာ အခြေအနေနှင့်အညီ Analogue စနစ်မှ အရည်အသွေး ပိုမို ကောင်းမွန်ပြီး ရေရှည်ကုန်ကျစရိတ်သက်သာတဲ့ Digital စနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်း ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒေါက်တာမြင့်ကြည်ဆွေးနွေးပြောကြားခဲ့သည့် နိုင်ငံခြားဇာတ်လမ်း များနဲ့စပ်လျဉ်း၍ မိမိတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များ အမျိုးသားရေး လက္ခဏာများနဲ့ လိုက်လျောညီထွေရှိနိုင်မည့် ကိုးရီးယား၊ တရုတ် ၊ အိ န္ဒိယ၊ စင်္ကာပူစသည့်နိုင်ငံများမှ ရုပ်ရှင် ဇာတ်လမ်းများကိုသာ ထုတ်လွှင့် ပြသစေလျက် ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းရုပ်ရှင် ဗွီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မြန်မာဇာတ်လမ်းတွဲများ ရိုက်ကူးထုတ် လုပ်နိုင်ရေး ခွင့်ပြုအားပေး ထားပါတယ်။သို့ပါ၍ နောင်မှာ ပြည်တွင်းပုဂ္ဂလိကမီဒီယာများရဲ့ အခန်းကဏ္ဍပိုမိုဖွံ့ဖြိုးလာပြီး ပြည်တွင်းရုပ်သံအစီအစဉ်များ၊ မြန်မာဇာတ်လမ်းများ၊ မြန်မာ ဇာတ်လမ်းတွဲစီးရီးများ အရည်အသွေး အဆင့်အတန်းမြင့်မားစွာ တိုးတက်ထုတ်လုပ်လာနိုင်တာ နဲ့အမျှ ပြည်တွင်းထုတ်လုပ်သည့် အစီအစဉ်များကို MRTV အပါအဝင် ဆက်စပ်ရုပ်သံလိုင်း များ အားလုံးမှာ ပိုမိုတိုးမြှင့်ပြသပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယအနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ၏ ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်အတွင်းရှိ ကျေးရွာ (၁၀)ရွာတွင် မြန်မာ့ရုပ်မြင်သံကြား နှင့် မြဝတီရုပ်မြင်သံကြားစသည့် Digital လိုင်း ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးမှုအစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ကယား ပြည်နယ်အတွင်းရှိ ဘော်လခဲတွင် လွှင့်အား 50W၊ လွိုင်ကော်တွင် လွှင့်အား 1KW၊ ဖရူဆို တွင် လွှင့်အား 50W၊ မယ်စဲ့တွင် လွှင့်အား 50W၊ ဖားဆောင်း တွင် လွှင့်အား10W၊ ရှားတောတွင် လွှင့်အား 10W နှင့် ရွာသစ်တွင် လွှင့်အား 10W အသီးသီးရှိသော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ စုစုပေါင်း (၇)ရုံကို တည်ဆောက် ပေးထားပြီးဖြစ်ပါတယ်။ မယ်စဲ့ရှိလွှင့်အား 50Wစက်ရုံကို (၄-၇-၂၀၀၀)ရက်နေ့က စတင်ထုတ်လွှင့်ခဲ့ပါတယ်။ ဝပ်အား အလိုက် လွှင့်အားပြန့်နှံ့မှုမှာ ယေဘုယျအားဖြင့် 1KW လွှင့်စက်မှာ အချင်းဝက် ၁၀ မိုင် ပတ်လည် အထိ လည်းကောင်း၊ 50W လွှင့်စက်မှာ အချင်းဝက် ၅ မိုင် ပတ်လည်အထိ လည်းကောင်း၊ 10W လွှင့်စက်မှာ အချင်းဝက် ၂ မိုင်ပတ်လည်အထိ လည်းကောင်း ပြန့်နှံ့ရောက်ရှိပါတယ်။ ရုပ်သံလိုင်း၏သဘောမှာ လွှင့်စက်တာဝါ နှင့်ဖမ်းယူသည့်နေရာအကြား အတားအဆီးမရှိလျှ င် သတ်မှတ်သည့် အကွာအဝေးထက်ပင် လွှင့်အားပိုမိုပြန့်နှံ့ရောက်ရှိနိုင်ပြီး အတားအဆီးရှိပါက သတ်မှ တ် အကွာအဝေးကိုပင်မရောက်နိုင်ပါ။ မယ်စဲ့မြို့နယ်အတွင်းရှိ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကျေးရွာများနဲ့ မယ်စဲ့ထပ်ဆင့်လွှင့်စက်ရုံအကြား အကွာအဝေးတွေ ကတော့ ဟိုစဲ့မှာ ၆ မိုင်၊ ဝမ်ကန်မှာ ၁၈မိုင် ၊ နမ့်မန်းမှာ ၈ မိုင်၊ ပန်တိန်းမှာ ၁၅ မိုင်၊ မယ်ဆည်နန်မှာ ၁၂ မိုင်၊ နန့်ဟူးမှာ ၈ မိုင်၊ ဟိုဂျစ်မှာ ၄ မိုင်၊ နန့်ပိန်းလိန်မှာ ၁၈ မိုင်၊ ကျောက်စုမှာ ၂၂ မိုင်၊ လမ်းဆုံမှာ ၁၄ မိုင် စသည်ဖြင့် စက်ရုံနှင့်ကွာဝေးကြပါတယ်။ သို့ဖြစ်တဲ့အတွက် ဟိုစဲ့၊ မယ်ဆည်နန်၊ နန့် ဟူးနှင့် ဟိုဂျစ်တို့မှာ Intenna မြင့်မြင့်နှင့် Booster သုံး၍ ဖမ်းယူရရှိ နိုင်သော်လည်း အချို့ ရွာများမှာ တောတောင်ထူထပ်မှုကြောင့်လည်းကောင်း၊ လွှင့်စက်နှင့် သတ်မှတ်ခရီးမိုင်ထက် ပိုမိုဝေးကွာခြင်းကြောင့်လည်းကောင်း ဖမ်းယူမရရှိနိုင်ကြောင်းတွေ့ရှိရပါတယ်။ ပြန်ကြား ရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ နိုင်ငံအတွင်း ရုပ်မြင် သံကြားထပ်ဆင့်လွှင့်စက်ရုံများကို တိုးချဲ့တည်ဆောက်ရာမှာ မြို့နယ်အဆင့် နေရာဒေသများ၊ မြို့နယ်ခွဲ အဆင့်နေရာဒေသများနှင့် နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ် ညွှန်ကြားချက် အရ စက်ရုံ တည်ဆောက်ပေးရန် ညွှန်ကြား လာသောနေရာဒေသများမှာ စက်ရုံ များကို ဦးစားပေး တည်ဆောက်ပေးလျက်ရှိပါတယ်၊ လက်ရှိ

ရုပ်သံထပ်ဆင့်လွှင့် စက်ရုံပေါင်း(၂၂၆)ရုံ တည်ဆောက် ပြီးစီးသည့်တိုင် တောတောင်ထူထပ်စွာ ကာရံလျက်ရှိသော ကျေးရွာအုပ်စုများသို့ Cover မပေးနိုင်သေးပါ။ နိုင်ငံအတွင်း၌ ရုပ်မြင်သံကြား ဖမ်းယူရရှိမှုမရှိသော ကျေးရွာအုပ်စု များအတွက် မည်သည့်ဒေသကမဆို အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်တဲ့ DTH စနစ်ကို မြန်မာနိုင်ငံမှာ ထုတ်လွှင့် ပေးနေပြီဖြစ်ပါတယ်။ DTH စနစ်များ တပ်ဆင်ခြင်းဖြင့် Free to Air ထုတ်လွှင့် လျက်ရှိသော MRTV၊ MITV၊ MRTV-4 နှင့် Channel များအပြင် တိုးချဲ့ထုတ်လွှင့်မည့် Channel များကိုလည်း အခမဲ့အလွယ်တကူ ဖမ်းယူ ကြည့်ရှု နိုင်မှာ ဖြစ်ပါတယ်။ DTH စနစ်မှာ (၂၄)နာရီပတ်လုံးထုတ်လွှင့်နေသည့်အတွက် မိမိ ကြည့်ရှုလို သော အချိန်တွင် ဖမ်းယူကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းမှာလည်း သိပ်မများတဲ့ အတွက် ပြည်သူများအနေနဲ့ ဝယ်ယူတပ်ဆင်နိုင်ကြမယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီကနေ့ နိုင်ငံတော်အနေနဲ့လည်း ကျေးလက်ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို စီမံချက်ချမှတ်ပြီး နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဦးစီးပြီးတော့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အဲဒီထဲမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ယူတဲ့ ကျေးလက်လူ မှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍလည်းပဲ လူ့အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ပါ ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် အစိုးရတွေမှာလည်း ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့တွေ ဖွဲ့ပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေက ကျေးရွာတိုင်းကိုကွင်းဆင်းပြီးတော့ ပညာရေးအရဘာတွေကို ပံ့ပိုးဆောင်ရွက်ဖို့ လိုနေသလဲ၊ ကျန်းမာရေးအရဘာတွေကို ဆောင်ရွက်ပေးဖို့ လိုနေသလဲ။ နောက်တစ်ခါ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ချက်တွေကို အောက်ခြေ အထိ ဆင်းပြီး တော့ မိမိတို့လုပ်ဆောင်ပေးရမယ့် လုပ်ငန်းတွေကို ကြည့်ရှုလေ့ လာ နေပါတယ်။ အဲဒီအဖွဲ့တွေ ကွင်းဆင်းပြီး ဆောင်ရွက်တဲ့အခါမှာတော့ ယခု ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကိစ္စများပါ အလိုလိုပါသွားပြီး အဆင်ပြေသွားနိုင်ပါတယ်လို့ ဖြေကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးခွန်းထဲမှာပါတဲ့ မြဝတီရုပ်မြင်သံကြားကတော့ ကာကွယ် ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေး မှူးရုံးက ထုတ်လွှင့် နေတာဖြစ်လို့ သက်ဆိုင်ရာသို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်ခင်ဗျား။

တတိယအနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ကမြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲ၌ တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆုပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန် စတင်ပေးအပ်မည်ကို သိရှိလိုပါကြောင်း မေး မြန်းသွားခဲ့ပါတယ်။ ဒီမေးခွန်း အပေါ် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ မြန်မာနိုင်ငံရဲ့ ရုပ်ရှင်သမိုင်း ကြောင်းကို ပြန်ကြည့်ရင် ၁၉၂၀ခုနှစ်က စပြီး မြန်မာနိုင်ငံမှာ ရုပ်ရှင်စတင်ရိုက်ကူးထုတ်လုပ်ခဲ့တာဖြစ်တဲ့အတွက် မြန်မာ့ရုပ်ရှင်သက်တမ်း ဟာ ၉၁ နှစ် ရှိခဲ့ပြီဖြစ်ခဲ့ပါတယ်။ မြန်မာ့ရုပ်ရှင် အဆင့်တန်းမြင့်မားရေးကို ရှေးရှုပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ၁၉၅၂ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ရုပ်ရှင်လောက မှ ထူးချွန်ထက်မြက် တဲ့ အနုပညာရှင်၊ အတတ်ပညာရှင်များကို ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့ သည်မှာ ၂၃-၁-၂၀၁၁ ရက်နေ့က နေပြည်တော်မှာကျင်းပခဲ့တဲ့ ၂၀၀၉ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန် ဆုပေးပွဲတိုင်သည်အထိ ၅၈ နှစ်ကာလအတွင်း ၅၄ ကြိမ် ချီးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်းမှတ်တမ်းကို ပြန်ပြီးလေ့လာကြည့်မယ်ဆိုရင် ၁၉၅၂ ခုနှစ် နဲ့ ၁၉၅၃ခုနှစ် တို့မှာ ရုပ်ရှင်ထူးချွန်ဆု(၃)မျိုးသာ သတ်မှတ်ချီးမြှင့်ခဲ့ကြောင်း တွေ့ရှိ ရပါတယ်။ ဆက်လက်ပြီး ၁၉၅၄ခုနှစ်မှာ ဒါရိုက်တာဆု ၊ ၁၉၅၆ ခုနှစ်မှာ ရုပ်ရှင်ဓာတ် ပုံဆု၊ ၁၉၆၂ခုနှစ်မှာ အမျိုးသား ပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆုများကို အမျိုးသား ဇာတ် ဆောင်ဆု ၊ အမျိုးသားဇာတ်ပို့ဆု ၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ပို့ဆု ဟူ၍ (၄)ဆု ခွဲခြားပြီး အဆင့်ဆင့်တိုးမြှင့်ချီးမြှင့်လာခဲ့ပါတယ်။ တစ်ဖန် ၁၉၉၀ ပြည့်နှစ်မှာ ရုပ်ရှင် ဇာတ်ညွှန်း ဆု၊ ရုပ်ရှင်တေးဂီတဆု နဲ့ ရုပ်ရှင်အသံဆုတို့ကိုလည်းကောင်း၊ ၁၉၉၄ခုနှစ်မှာ ရုပ်ရှင်တည်းဖြတ် ဆုကိုလည်းကောင်း ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့တဲ့အတွက် ယခုအခါ ရုပ်ရှင်ထူးချွန် ဆုပေါင်း (၁၁)မျိုး အထိ ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးအကဲဖြတ်အဖွဲ့က ထောက်ခံတင်ပြ လာတဲ့အတွက် အထူးဆုအဖြစ် ဆုတစ်ဆု တိုးပြီး ချီးမြှင့်ခဲ့တာတွေလည်း အားလုံး သိရှိပြီး ဖြစ်ပါ တယ်။ ၁၉၅၂ခုနှစ်ကနေ ၂၀၀၉ခုနှစ်အထိ (၅၈)နှစ်ကာလအတွင်း ချီးမြှင့်ခဲ့တဲ့ ရုပ်ရှင် ထူးချွန်ဆု ပေါင်းဟာ စုစုပေါင်း ၃၂၈ ဆု ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုများကို ဆု အရေအတွက် အမျိုးအစားပိုမိုတိုးတက်ချီးမြှင့် လာခြင်းဟာ မြန်မာ့ ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားရေးနဲ့ ရုပ်ရှင်လောကသားများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းကြိုးပမ်း

ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားရေးနဲ့ ရုပ်ရှင်လောကသား များရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရုပ်ရှင် အစည်းအရုံးနဲ့ ရုပ်ရှင်လောကသားများ ထားရှိဆောင်ရွက်ရမယ့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ချမှတ်အကြံပြု ခဲ့ပြီးဖြစ်သလို အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက် များကိုလည်း တတ်နိုင်သမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရုပ်ရှင်ကားများရိုက်ကူးရာမှာ နိုင်ငံတကာအဆင့်မီ ရိုက်ကူးနိုင်စေရေးအတွက် နောက် ဆုံးပေါ် ရုပ်ရှင်ကင်မရာနဲ့ အသံဖလင်ဆေးစိမ်စက်၊ စတူဒီယိုအသံကူးပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင် ကားကူးစက်တို့ကို ဝယ်ယူတပ်ဆင်ပေးခဲ့ပြီးဖြစ်တဲ့အပြင် ခေတ်မီ မီးပိုင်းဆိုင်ရာ ပစ္စည်းများနဲ့ အသံပိုင်းဆိုင်ရာ ပ စ္စည်းများကိုလည်း ဝယ်ယူပေးလျက်ရှိပါတယ်။ ခေတ်စနစ်နဲ့ အညီ ဒီဂျစ်တယ်စနစ် အသုံးပြုရိုက်ကူးနိုင်ရေး နည်းပညာအထူးပြုလုပ်ချက်များဖြင့် ပေါင်းစပ် ရိုက်ကူးနိုင်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်မီ စတူဒီယိုများ ပေါ်ပေါက် လာအောင်လည်း ကြိုးပမ်းလျက်ရှိပါတယ်။ ရုပ်ရှင်ပြသမှုစနစ် မြင့်မားလာဖို့အတွက် ခေတ်မီ ရုပ်ရှင်များ၊ ရုပ်ရှင်ရုံများ ပေါ်ပေါက်လာအောင် အားပေးလျက် ရှိရာမှာ ယခုအခါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးများမှာ ခေတ်မီရုပ်ရှင်ရုံများ ဆက်တိုက်ပေါ်ပေါက်လာနေပြီးဖြစ်ပြီး မကြာမီကာလအတွင်း ရုပ်ရှင်ဗွီဒီယိုကားများကို E - cinema စနစ်နဲ့ နိုင်ငံအနှံ့ စတင်ပြသ နိုင်ဖို့ လည်း ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ရုပ်ရှင် လောကနဲ့ ရုပ်ရှင်လောကသားများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုး ဖြည့်ဆည်းအားပေး ဆောင်ရွက်နေတာကို အထင်အရှားတွေ့ရှိ နိုင်ပါတယ်။ အကယ်ဒမီဆုများ ချီးမြှင့်ခြင်းသည် လည်း ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားရေးနဲ့ ရုပ်ရှင်လောကသားများရဲ့ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အားပေးဆောင်ရွက်ချက် တစ်ရပ်သာ ဖြစ်ပါတယ်။ အမှန်တကယ် ထူးချွန်တဲ့ ရုပ်ရှင် လောကသားတိုင်း အ ကယ်ဒမီဆုများကို ဆွတ်ခူးရရှိနေကြတဲ့အပြင် အချို့ အချို့သော ပါရမီရှင် ထူးချွန်သူများဟာ အကယ်ဒမီဆုများကို ထပ်ဆင့်ထပ်ဆင့် ဆွတ်ခူး အောင်မြင် နေကြတဲ့အတွက် (၆) ထပ်ကွမ်း၊ (၅)ထပ်ကွမ်း၊ (၄) ထပ်ကွမ်းဆုရှင်များ အစီအရီ ပေါ်ထွန်းလာတာကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရုပ် ရှင်လောကသားများ အနေနဲ့ နောက်ဆုံး အချိန်အထိ ရုပ် ရှင်လောကမှာ ကျရာဇာတ်ရုပ်အလိုက် ကျင်လည်ဖြတ်သန်း ခွင့်ရရှိနေကြပြီး ဇရာအရွယ်ရောက်သည့်တိုင် အကယ်ဒမီဆုများကို ထပ်ခါထပ်ခါ ဆွတ်ခူးပိုင်ဆိုင် ခွင့်ရရှိနေတဲ့

သဘောသဘာဝရှိတာကြောင့် ဒီလို တစ်သက်တာ အောင်မြင်မှုတွေဟာလည်း တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆုနဲ့ ရည်ရွယ်ချက် သဘောတရားချင်း မကွာခြားလှတာကို သုံးသပ်တွေ့ရှိနိုင်ပါတယ် ။

ဒါ့အပြင် ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့ နိုင်ငံတကာမှာ တစ်သက်တာရုပ်ရှင် ထူးချွန်ဆုပေးတာတွေရှိနေတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးရလျှင် ရှိတော့ ရှိတယ်။ ရှားတယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ တ ချို့နိုင်ငံတွေမှာ တစ်သက်တာ ရုပ်ရှင်ဆုပေးတဲ့ စနစ်ကို သူ့နိုင်ငံ ၊ သူ့ အခြေအနေအရ ကျင့်သုံးတာရှိပေမယ့် နိုင်ငံ အများစုမှာတော့ ဒီစနစ်ကို ကျင့်သုံးမှုမရှိသေးပါဘူး။ အထူးသဖြင့် အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံများကို ပြန်ကြည့်ရင်လည်း တရုတ်တစ်နိုင်ငံတည်းသာ ရွှေကြက်ဖ ရုပ်ရှင်ပွဲတော်မှာ တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ နိုင်ငံမှာ ရုပ်ရှင်အကယ်ဒမီဆုများကို အဆင့်ဆင့်တိုးတက် ချီးမြှင့် လာခဲ့ရာမှာ ယခုနှစ်စဉ် (၁၁) ဆုအထိ၊ အထူးဆုပါ ပါမယ်ဆိုရင် (၁၂) ဆုအထိ ချီး မြှင့်နိုင်ခဲ့ပြီးဖြစ်တဲ့အတွက် လက်ရှိမှာ မြန်မာ့ရုပ်ရှင် လောကနဲ့ ရုပ်ရှင်လောကသားများရဲ့အခြေအနေနဲ့ မျှတလုံလောက်မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ တစ်သက်တာရုပ်ရှင်ထူးချွန်ဆုကို နိုင်ငံတကာမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးမှုမရှိသးတဲ့အပြင် ကျွန်တော်တို့နိုင်ငံအနေအထားနဲ့လည်း လောလောဆယ်မှာ မလိုအပ်သေးဘူးလို့ ဆိုနိုင်ပါတယ်။ သို့သော်နောင် အလျဉ်းသင့်တဲ့ကာလမှာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနဲ့ ညှိနှိုင်းပြီး ဒီဆုကိစ္စကို စဉ်းစားဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ ( သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒေါက်တာမြင့်ကြည်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အဓိက ကတော့ ဇာတ်လမ်းတွဲ ကိစ္စဖြစ်ပါတယ်။ ဇာတ်လမ်းတွဲကိစ္စမှာ ပြည်ပက ဇာတ်လမ်းတွဲတွေကို ပိတ်ပင်တာထက်စာရင်ပြည်တွင်းဇာတ်လမ်းတွဲတွေက ပြည်ပ ထက် ဆွဲဆောင်မှုရှိအောင်ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ ဒီ လို ကြိုးပမ်းတဲ့အခါမှာ အရှုံးမခံနိုင်တဲ့အတွက် ပုဂ္ဂလိက အပိုင်းက ထိုးဖောက်နိုင်ခြင်းမရှိတဲ့ အနေအထားရှိပါတယ်။ ဆူလွယ် နပ်လွယ် ရသမျှ အမြတ်ရအောင် ခပ်ပေါပေါနဲ့ ဆောင်ရွက်နေတဲ့အတွက် ဒီအဆင့်အတန်းမြင့်မားလာဖို့ဆိုတာတော်တော်လေးခက်တဲ့အနေအထား ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဦးစီးပြီးတော့ နေ့ထူးနေ့မြတ်တွေမှာ ဇာတ်လမ်းတွဲ

တွေ ရိုက်တဲ့အခါမှာအမြတ်အစွန်းတွေလည်း ရရှိတာရှိပါတယ်။ ခန့်ခန့် ညားညား အောင်အောင် မြင်မြင်နဲ့ ဆောင်ရွက်နိုင်တဲ့အနေအထား တွေ့ရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာ ဇာတ်လမ်းတွဲ တွေကို ယှဉ်ပြိုင်နိုင်ဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာက စတင်ပြီးတော့ ထိုး ဖောက်ရိုက်ကူးမယ် ဆိုလို့ရှိရင် ဒါအောင်မြင်နိုင်တဲ့ အလားအလာရှိ ပါတယ်။ ပြန်ကြား ရေးဝန်ကြီးဌာနရဲ့ လက်ထဲ မှာလည်း၊ ကွပ်ကဲမှုအောက်မှာလည်း မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးလည်း ရှိတာဖြစ်ပါတယ်။ အဲဒီလို အောင်မြင်လာပြီဆိုတဲ့အခါမှာ ပုဂ္ဂလိကလိုက်လာတဲ့အခါမှာ လည်း အရှုံးမရှိအောင် ပြန်ကြားရေးဝန်ကြီးဌာနက ဖေးမပေးမယ်ဆိုလို့ရှိရင် မြန်မာဇာတ်လမ်းတွဲတွေဟာ ကမ္ဘာ ၊ ကိုရီးယားပဲဖြစ်ဖြစ်၊ တရု တ်ပဲဖြစ်ဖြစ် ဒါတွေကိုယှဉ်ပြိုင် ပြီးတော့ မြန်မာပရိသတ်က နှစ်နှစ် ခြိုက်ခြိုက်နဲ့ ကြည့်မယ့်အနေအထားရှိတဲ့အတွက် ဒီလိုဆောင်ရွက်သင့်တယ်လို့ ပြောလိုပါတယ်။

နောက်တစ်ခုကတော့ကယားပြည်နယ်က တင်ပြတဲ့ကိစ္စပါ။ Direct to Home Digital HandSet တွေမဝယ်နိုင်လို့ တင်ပြတာဖြစ်တဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနက အဲဒီ ကျေးရွာ ၁၀ ရွာကို Sky net (၁၀) စုံလောက်လှူလိုက်ဖို့အတွက် တိုက်တွန်းလိုပါတယ်။

နောက်တစ်ခုကတော့ ဒီတ စ်သက်တာ ရုပ်ရှင်ထူးချွန် ဆုကိစ္စပါ ရုပ်ရှင်သရုပ်ဆောင် သို့မဟုတ် ရုပ်ရှင်လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဟာ အသက်ကြီး လာတဲ့အခါမှာ အကယ်ဒမီ ရနိုင်စွမ်း မရှိဘူး။ သူ့ကိုလည်းခေါ်ပြီး သုံးမယ်သူလည်းမရှိဆိုတဲ့ အနေအထား ဖြစ်တဲ့အတွက် ခုနက ဒုတိယဝန်ကြီး ပြောသလို အကယ်ဒမီတွေ ထပ်ထပ်ကာရတာနဲ့ တစ်သက်တာ ရုပ်ရှင် ထူးချွန်ဆုနဲ့ တူညီခြင်းမရှိပါဘူး။ သက်ကြီးရွယ်အိုလည်း ဖြစ်နေတယ်။ ဘဝရုပ်တည်မှုလည်း ခက်ခဲတယ်။ တစ်ချိန်ကလည်း တကယ်လုပ်ခဲ့ တယ်။ အကျင့်စာရိတ္တလည်း ကောင်းတယ်။ ရိုက်တဲ့ကားတွေကလည်း မဟုတ်တရုတ်ကားတွေ မရိုက်ဘဲနဲ့ တကယ်ကောင်း မွန်တဲ့ ကားတွေပဲရိုက်တယ်ဆိုတဲ့ ပုဂ္ဂို လ်မျိုးတွေကို တ စ်သက်တာရုပ်ရှင်ဆုဟုတ်လား၊ ဘယ်သူဘယ်ဝါ မပြောလိုပါဘူး။ ဒီလို ပုဂ္ဂိုလ်မျိုး တွေကို တ စ်သက်တာရုပ်ရှင်ထူးချွန်ဆုကို အစည်းအရုံးအနေနဲ့ ပေးနိုင်မယ်ဆိုလို့ရှိရင် မြန်မာ နိုင်ငံရုပ်ရှင်လောကသားတွေဟာ ထိန်းထိန်း သိမ်းသိမ်းဖြစ်လာမယ့်အနေအထား ရှိပါတယ်။ ဘာတွေ ထိန်းသိမ်းကမလဲဆိုရင်တော့ အကျင့်စာရိတ္တပိုင်းတွေ ထိန်းသိမ်းလာမယ်။ ရိုက်ကူးတဲ့အခါမှာလည်း ဖြစ်ကတတ်ဆန်း နေရာတွေမှာပါဝင်တာမဟုတ်တော့ဘဲနဲ့ ပါဝင်သင့်ပါဝင်ထိုက်တဲ့နေရာတွေမျိုးမှာ နိုင်ငံအကျိုးပြု

ရည်ရွယ်ချက်ကောင်း ဒီလိုနေရာတွေ မျိုးမှာ သရုပ်ဆောင် ရလို့ရှိရင် တစ်သက်တာ ရုပ်ရှင် ထူးချွန်ဆု ဆိုတာ ရမယ်ဆိုတဲ့ အနေအထားရှိတဲ့ အတွက် ဒီဆုက လည်းလိုအပ်နေပါတယ် ။ ဒါကြောင့်မို့လို့ ဒါကို စဉ်းစားဖို့ တိုက်တွန်းလိုပါတယ်။

## ပြည်သူ့လွှတ်တော်ကအတည်ပြုပြီးပေးပို့လာသော၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော ၁၉၆၄ခုနှစ်၊ ပြည်သူ့ အလုပ်သမား များ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်း သည့် ဥပဒေကြမ်း ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အ ခြေခံ ရပိုင်ခွင့် နှင့်တာဝန် များပြဋ္ဌာန်းသည့် ဥပဒေကို ရုပ် သိမ်းသည့် ဥပဒေကြမ်းအား အတည် ပြုရန် လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။

ယခုအဆိုမှာ ဤ ဥပဒေကြမ်း၏ အပိုဒ် (၁) နှင့် (၂) တို့သည် ဤဥပဒေ ကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ (သဘောမတူသူ မရှိပါ။)

သဘောမတူသူမရှိတဲ့အတွက် ဤဥပဒေကြမ်း၏အပိုဒ်(၁)နှင့်(၂)တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သည်။

# ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စား လှယ် (၁၅) ဦးက ဆွေးနွေးရန် အမည်စာရင်း တင်သွင်း ထားပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ထန်တလန်မြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးတဲ့ အခါမှာ ကျွန်တော့်စာတမ်းကိုလည်း ကြည့်ပြီးတော့ ဖတ်ပြခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃) အုပ်ချုပ်ရေးမှူး၏ အရည်အချင်းဆိုတဲ့နေရာမှာပုဒ်မ ၅ (င) နဲ့ ပတ်သက် ပြီးတော့ ပထမ ဆုံး ဆွေးနွေးပါမယ်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်း ဆုံး ၁၀ နှစ် နေထိုင်သူဖြစ်ခြင်းဟူသော စကားရပ်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၅ နှစ် နေထိုင်သူဟုပြင်ဆင်ရန်၊ ဒီပုဒ်မမှာ ကျွ န်တော့်အနေနဲ့ ချွင်းချက်ထားချင် ပါတယ်။ အဲဒီချွင်းချက်ကတော့ နိုင်ငံတော်ဝ န်ထမ်းများ၊ အစိုးရအသိအမှတ်ပြုသောလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အလုပ်လု ပ်နေသူများ၊ နိုင်ငံတော်ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့တရားဝင် သွားသောသူများအတွက် ထိုကာလ များကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အခြေချနေထိုင်တဲ့ ကာလအဖြစ်ထည့်သွင်း ရေတွက်ပေးရမယ်။အခန်း(၂)အုပ်ချုပ်ရေးမှူးတာဝန်နှင့် ပတ်သက်ပြီး ပုဒ်မ၇၊(က)ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အိမ်ခြေစာရင်းကိုရယူရန် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စု

အစုအဖွဲ့များကို ဖွဲ့စည်းရမည်ဆိုတော့ စာပိုဒ်နဲ့တစ်ဆက်တည်း ၎င်းရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတစ်စုလျှင် (၁၀) အိမ်စုကိုယ်စားလှယ် အနည်းဆုံး၇ ဦး၊ အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမယ် ဆိုတာကို ဖြည့်စွက်ရမယ်။ ပုဒ်မခွဲ(ခ) မှာ ဆယ်အိမ်စုအသီးသီး၌ နေထိုင်သော အိမ်ထောင်ဦးစီး များအားဟူသော စကားရပ် အစား မဲဆန္ဒရှင်များအား ဟု ပြင်ဆင်ရန် (ဂ) ဆယ်အိမ်စုတစ်စုတွင် ဝင်ဆံ့သောသက်ဆိုင်ရာ အိမ်ထောင်ဦးစီးများက ဟူသောစကားရပ်တွင် မဲဆန္ဒရှင်များကဟု ပြင်ဆင်ရန်၊ ပုဒ်မ ၉၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ယင်း၏သက်တမ်းသည် (၃)ကြိမ်ထက် မပိုစေရဟူသော စာပိုဒ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ယင်း၏သက်တမ်းသည် (၂)ကြိမ်ထက် မပိုစေရဟု ပြင်ဆင်ရန်၊ အခန်း(၇) အုပ်ချုပ်ရေးမှူးလုပ်ငန်းတာဝန် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်ရန်၊ ဧည့်စာရင်းတိုင်ကြားရန် မလိုဟု ကျွန်တော် ယူဆပါတယ်။ ပုဒ်မ ၁၃ တွင် ပုဒ်မခွဲ (၁) ခုကို အောက်ပါအတိုင်း ဖြည့်စွက်ရန် ကျွန်တော် တင်ပြပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ် နေရာရာတွင် တစ်နှစ် တစ်ကြိမ် လူထုအစည်းအဝေးကျင်းပ၍ မိမိ လုပ်ငန်းတာဝန်ဆောင်ရွက်မှုနှင့် ငွေအဝင်အထွက်စာရင်းများကို တင်ပြရှင်းလင်းခြင်းနှင့် မေးခွန်း များ ပြန်လည် ဖြေကြားရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊ ဆိုလိုတာကတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များ အတွေ့အကြုံရှင်းလင်းသလို တစ်နှစ်တစ်ကြိမ် ရှင်းလင်းဖို့လိုတယ်လို့ ကျွန်တော်ကဆိုလိုခြင်းဖြစ်ပါတယ်။ အခန်း(၉) ရပ်ကွက် မူလ သို့မဟုတ် ကျေးရွာတွင် နေထိုင်သူ များ ၏ တာ ဝန်ဝတ္တရားများဆိုတဲ့နေရာမှာ ပုဒ်မ ၁၇ မှာ မူလကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတ်မှတ် ချက်များနှင့်အညီ တိုင်ကြားရမယ်ဆိုတဲ့စာပိုဒ်ကို အောက်ပါအတိုင်း ကျွန်တော်ပြန်လည် ပြီးတော့ ပြင်ဆင်ဖို့ တင်ပြ ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအတွင်းနေထိုင်သူသည် မသင်္ကာဖွယ်သူစိမ်း ဧည့်သည်လာရောက်တည်းခိုပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့တိုင်ကြားရမယ်။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)နှင့် (ခ)ကို ပယ်ဖျက်ရန် (ဃ)ကတော့ ဒီမှာပယ်ဖျက်တာ ကျွန်တော်ဆိုလိုတာက အ ခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုမှ အိမ်ထောင်စုစာရင်းဝင်မဟုတ်သူ ညအိပ်၊ ညနေ ဧည့်သည်လာရောက် တည်းခိုခြင်း၊ အဲဒါကို

အုပ်ချုပ်ရေးမှူးထံ တင်ပြရမည် ဆိုတော့ ဒါမလိုဘူးလို့ ကျွန်တော်က ယူဆတယ်။ နောက်ထပ်ခွဲမှာလည်း မိမိထံလာရောက်တည်းခိုတဲ့ ဧည့်သည်ပြန်လည်ထွက်ခွာခြင်းဆိုတာလည်း သတင်းပေးဖို့မလိုပါဘူး၊ ဒါသာမန်လူ ဖြစ်တဲ့တချို့ မသင်္ကာဖွယ် လူမဟုတ်တဲ့ လူစိမ်း မဟုတ်တဲ့ ဧည့်သည်များကတော့ ဧည့်သည်စာရင်း တိုင်ကြားဖို့ မလိုဘူးလို ထင်တဲ့ အတွက်ကြောင့် ဒီမှာပုဒ်မ၁၇မှာ (က)နဲ့(ခ)မထားသင့်ပါဘူး။ ပုဒ်မ ၁၇ ဒီအတိုင်းပဲရေးပြီးတော့ အခုနက ကျွန်တော်တင်ပြတဲ့အတိုင်း မသင်္ကာဖွယ် ဧည့်လူစိမ်းများ လာရောက်တဲ့အခါမှသာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတင်းပို့ တိုင်ကြားဖို့ဖြစ်ပါတယ်။ ဒီအတိုင်း ကျွန်တော်ကတော့ ဒီဥပဒေကို အခု ကျွန်တော်ဖတ်ပြတဲ့ အတိုင်း ပြင်ဆင်ဖို့တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ်၊ မဲဆန္ဒနယ်မှတ် (၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေး နိုင်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်၊မဲဆန္ဒနယ်အမှတ် (၉)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော်ဆက်လက်ပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးဥပဒေကို ဆွေးနွေးရမှာ ဖြစ်တဲ့အတွက် အ ချက်အလက်များကို မမှားယွင်းစေရန် ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော်ဆွေးနွေးလို တဲ့ အချက်ကတော့ အ ခန်း(၁) ပုဒ်မခွဲ(ဆ) အကြောင်းအရာကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဆိုသည်မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုလိုသည်။ ကျွန်တော်ထပ်မံဖြည့်စွက် လိုတာကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပ ဒေအရ ရွေးချယ်၍ ဆိုတဲ့ စကားလုံးကိုထည့် ချင်တယ်၊ ရွေးချယ်၍ ခန့်အပ်တာဝန် ပေးခြင်းခံရသော ပုဂ္ဂိုလ်ကိုဆိုလိုသည်လို့ ကျွန်တော် ရွေးချယ်၍ ဆိုတဲ့စကားလုံး ထပ်ဖြည့် ချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အတွေ့အကြုံ နှစ်ခါရှိတယ်။ ဟိုးအရင်တုန်းက သူကြီးခေတ် ကသော်လည်းကောင်း၊ ရယကခေတ်ကသော်လည်းကောင်း၊ ယခုခေတ်မှာ သော် လည်းကောင်း၊ ကျွန်တော့်အတွေ့အကြုံရှိပါတယ်။ ဟိုအရင်တုန်း ကတော့ သူကြီးခေတ် ကတော့ ဒီရွေးချယ် ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်တိုင်ကြ၊ တောကြတဲ့အခါမှာ အထက်အဆင့်ဆင့်ကို အယူခံကြတယ်။ အယူခံတဲ့အခါမှာ သက်ဆိုင်ရာ ဆုံးဖြတ်ချက်ပေးတဲ့အခါမှာ ရွေးချ ယ်ခံသူ မဟုတ်ဘဲနဲ့ သင့်လျော်တဲ့ ပုဂ္ဂိုလ်ကို သက်ဆိုင်ရာဗဟို က ခန့်တာဆိုတော့ တွေ့ဘူးပါတယ်၊ မကြာခင် ကျွန်တော် တွေ့ကြုံတာကတော့ ဒီရွာတ စ်ရွာမှာ ဒီရဝတ ဥက္က ဋ္ဌများကို ရွေးချယ်ခွင့် မရှိသေးဘူး။ ဒါပေမယ့်လို့ မြို့နယ်အုပ်ချုပ်ရေးမှူးအနေနဲ့ နားလည်မှုနဲ့ ကိုယ်စား လှယ် လွှတ်ပြီးတော့ အဲဒီရွာကို ရ.ဝ.တ ဥက္ကဋ္ဌကို ရွေး ချယ်ခိုင်းလိုက်တယ်။ ရွေးချယ်ခိုင်းလိုက်တဲ့ အခါမှာ သူတို့နားလည်မှုနဲ့ ရွေးချယ် လိုက်တယ်။ အဲဒီတော့ ဗျူဟာမှူး ခရီးစဉ်သွားတဲ့အခါမှာ ရဝတဥက္ကဋ္ဌက စကားပြောတဲ့အတွက် ကျွန်တော်က ရ .ဝ.တ ဥက္ကဋ္ဌ ပါလို့ ကျွန်တော် မိတ်ဆက် တဲ့အခါမှာ ဗျူဟာမှူးက ဒီရဝတ ဥက္ကဋ္ဌကို ဘယ်သူက ရွေးခိုင်းတာလဲ၊ ငါလဲမသိဘူး ၊ ငါတော ် င် အမည်ရွေးခိုင်းခွင့်မရှိဘူး။ တိုင်းမှူးသိမှ ရွေးခွင့်ရှိတယ်။ ဒီဟာကို အဟောင်းကို ပြန်ထား ပါလို့ပြောဖူးပါတယ်။ ပြောတာတွေ့ရှိပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီလိုဟာ မျိုး ဒီပုဂ္ဂ ိုလ် ဆန်သော ရွေးချယ်ခန့်ထားမှု မရှိစေရန်အတွက် ဥပဒေက အကာအကွယ် ပေးနိုင်ရန်အတွက် ရွေးချယ်၍ ဟူသောစကားကို ကျွန်တော်ထည့် လိုခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဤဥပဒေအရ ရွေးချယ်၍ ခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်ကိုဆိုလိုသည်လို့ ကျွန်တော် ရွေးချယ် ကို ထည့်သွင်းလိုခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ အခန်း ၂ ပုဒ်မခွဲ ၄ မှာလည်းပဲ မူရင်းဥပဒေ၊ မြို့များ အက် ဥပဒေ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ ဥပဒေအမှတ် ၃ နှင့် ကျေးရွာ အက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံ ဥပဒေအမှတ် ၆ အရ သတ်မှတ်ထားသောမြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာ များ ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခြင်း မပြုသ၍ သတ်မှတ်ထားသည့် မြို့ ၊ ရပ်ကွက် ၊ ကျေးရွာ အုပ်စုနှင့် ကျေးရွာများဖြစ်သည်ဟု မှတ်ယူရမည်ဟု မူရင်းပထမမှာ ဖော်ပြထားတယ်။ ကျွန်တော် အနည်းငယ် ပြန်လည်ထည့်သွင်းလိုတာကတော့ မြို့များအက်ဥပဒေ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ ဥပဒေအမှတ် ၃ နှင့်ကျေးရွာအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံတော် အက်ဥပ ဒေအမှတ် ၆ အရ သတ်မှတ်ထားသော မြို့ ၊ ရပ်ကွက် ၊ ကျေးရွာအုပ်စု နှင့် ကျေးရွာများ အပြင်ကျေးရွာများ၏

နယ်နိမိတ်များသည်၊ ကျွန် တော်အဲဒါ ထပ်ထည့်ချင်တာ ကျေးရွာများ၏ နယ်နိမိတ်များသည် ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခြင်းမပြု သ၍ သတ်မှတ်ထားသည့် မြို့၊ ရပ်ကွက် ၊ ကျေးရွာအုပ်စု နှင့် ကျေးရွာများအပြ င် ကျွန်တော်ထပ်ထဲ့ လိုတာက ကျေးရွာများ၏ နယ်နိမိတ်သည် အတည် ဖြစ်သည်ဟု မှတ်ယူရမည်ဆိုပြီးတော့ ကျွန်တော်အဲဒီ ၂ ခုကို ပြန်လည်ဖြည့်စွက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျေးရွာအသီးသီးမှာ ၊ ဒီဒေသအသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ် များသိရှိပြီး ဖြစ်တဲ့အတိုင်း ကျေးရွာနယ်နိမိတ်ကိစ္စများဟာ တော်တော်အငြင်းပွားတဲ့ ကိစ္စမျိုး ဖြစ်ပါတယ်။ ဒါကြောင့်ကျေးရွာ နယ်နိမိတ်ကို တိတိကျကျ သတ်မှ တ်ဖို့ဆိုတာ အင်မတန် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျေးရွာအား မူလပြဋ္ဌာန်းထားသည့် စကား လုံးအပြင် ကျေးရွာ များ၏နယ်နိမိတ်သည်နှင့် နောက်ဆုံးမှာ ကျေးရွာများ၏ နယ်နိ မိတ်သည် အတည် ဖြစ်သည်ဟု မှတ်ယူရမည်ဟူသည့် စကားလုံးကို ထပ်မံပြီးတော့ ကျွန်တော်ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခု ပြင်ဆင်လိုတာကတော့ အခ န်း (၃)၊ ပုဒ်မ ၅ ပုဒ်မခွဲ (ထ) အဲဒီထဲမှာဖော်ပြထားတာကတော့ (ည)တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းမဟုတ်ခြင်း (ဋ) လက်နက် ကိုင် အဖွဲ့အစည်း ဝင် မဟုတ်ခြင်း၊ အဲဒီ (၂) ခုထဲပြင်ဖို့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် နောက်တစ်ခု တိုးချင်တာက (ဌ)မှာ တရားမဝင်သောအသင်း အဖွဲ့ ဝင် မဟုတ်ခြင်း တစ်ခု တိုးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာတ ချို့မှာ လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီး ဖြစ်တဲ့အတိုင်း တ ချို့များဟာ တရားမ ဝင်အသင်းအဖွဲ့ဆိုတာက ဖော်ထုတ်ပြီးတာနဲ့ မသိမသာ ဆက်သွယ်တဲ့ ပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့နဲ့ ဆက်နွယ်တဲ့ ပုဂ္ဂိုလ်တွေ အစိုးရကို မသိမသာ ဆန့်ကျင်တဲ့အဖွဲ့စည်းတွေ ရှိပါတယ်။ ကျေးရွာတိုင်းမှာ တ ချို့ဒေသမှာ အဲဒါကြောင့် မို့လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်တဲ့အခါမှာ ဒီပုဂ္ဂိုလ်တွေမပါရှိရလေအောင် ကာကွယ်သော အနေအားဖြင့် တရားမ ဝင်သောအသင်းအဖွဲ့ဝင် မဟုတ်ခြင်းဆိုတဲ့ ဒီအက္ခရာတစ်လုံးကို တိုးချင် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပြင်ဆင်လိုတာကတော့ အခန်း (၄)၊ ပုဒ်မ ၇ (စ) မူလဥပဒေမှာ ပြဋ္ဌာန်းထားတာက ပုဒ်မခွဲ (င)အရ ပြုစုသော အမည်စာရင်း ပါ ပုဂ္ဂိုလ်များ အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (၁)ဦးကို ဆယ်အိမ်စုများ က ရွေးချယ်ရမယ့်အစား ကျေးရွာရှိ အိမ်ထောင်ဦးစီးများအားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ် ရမယ်။ ရရှိသော မဲစာရင်းကို ရေတွက်၍ ကြေညာရမယ်ဆိုတဲ့ အစားကို ကျွန်တော် ဖြည့်စွက်လို

ခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ကျေးရွာရပ်ရေး အတွက် တကယ်အကောင်အထည် ဖော်ပေးတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် တစ်ရွာလုံးဟာ ဆန္ဒ သဘောတူတဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်ရန်အလွန်လိုအပ်ပါသဖြင့် ဆယ်အိမ်စုကိုယ်စားလှယ်များအားလုံး က ကျေးရွာရှိ အိမ်ထောင်ဦးစီးများအားလုံးက လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်စေရမယ်ဟူတဲ့ စကားကို ထပ်မံပြီးတော့ ထည့်ရင်ပိုပြီးတော့ သင့်တော်လိမ့်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် တစ်ရွာလုံးက မဲထည့်မယ်ဆိုရင်လည်း ပြည့် စုံသော လူကြီး လူငယ်များပါတဲ့အတွက် ပြည်စုံတဲ့ အဖြေမရဘူး။ အိမ်ထော င်ဦးစီးဆိုတာက ဒီအိမ်ထောင်ကို ကိုယ်စားပြုသော ပုဂ္ဂိုလ် ဖြစ်တယ်။ အိမ်ထောင်ဦးစီး ဆိုတာဟာ ဟုတ်သည်မဟုတ်သည်ကို တွေးဆနိုင်တဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အိမ်ထောင်ဦးစီးအားလုံး ကျေးရွာအိမ်ထောင်ဦးစီး အားလုံး မဲထည့် ပေးရန်ဆိုတဲ့ သဘောရပါသဖြင့် ကျွန်တော်အဲဒီအဆိုကို အိမ်ထောင်ဦး စီးကျေးရွာရှိ အိ မ်ထောင် ဦးစီးအားလုံးများက ဆိုတဲ့စကားလုံးကို ထည့်လိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခုပြင်ဆင်လိုတာကတော့ အခန်း(၇)၊ ပုဒ်မ ၁၃(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည် သည့်နေရာတွင်မဆို လောင်း ကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်းဆိုတဲ့ မူလကဖော်ပြထားတယ်။ ကျွန်တော် ထပ်မံပြီးတော့ ဖြည့်စွက်လိုတာကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာတွင် မဆို လောင်း ကစားခြင်းအပြင် လောင်းကစားခြင်းနှင့် ဥပဒေက တားမြစ်ထားသော ရောင်း/ဝယ်/ ဖလှယ်မှုများကို ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ အကြောင်းကြားခြင်း ဆိုပြီးတော့ ကျွန်တော် ဥပဒေကတားမြစ်သော ရောင်း /ဝယ်/ဖလှယ်ခြင်းကို ထပ်မံဖြည့်စွက် လိုပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တ ချို့ကျေးရွာမှာ ဒီနယ်နိ မိတ်အတွင်းမှာ အရောင်းအ ဝယ် ငွေကြေးအားဖြင့် မဟုတ် သော်လည်းဘဲ လောင်းကစားခြင်းအားဖြင့် မဟုတ်သော်လည်းဘဲ ပစ္စည်းချင်း ဖလှယ်တာရှိပါတယ်။ တရား ဝင်ဖလှယ်ခြင်း ဥပမာအားဖြင့် နွား နဲ့ နွားနောက်နဲ့ ကျွဲနဲ့စသည်ဖြင့် နယ်နိ မိတ်အတွင်း တစ်နေရာမှာ ချိန်း ချက်ပြီးတော့မဟုတ်၊ မတ ရားတာကို ကျွန်တော်တို့ တွေကြုံခဲ့ ရတာ ဖြစ် တတ်ပါတယ်။ အဲဒါကြောင့်ဒါမျိုးတွေကို တားဆီးကာကွယ်နိုင်အောင်နဲ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်က (၂)ဥပဒေက တားမြစ်ထားသော ရောင်း ၊ ဝယ်၊ ဖလှယ်မှုများကို ဖမ်းဆီး ခြင်း အရေးယူရန် အကြောင်းကြားခြင်းဆိုတာကို ထပ်မံပြီးတော့ အဲဒီ ဥပဒေမှာဖြည့်စွက်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးပြင်ဆင်ချင်တာကတော့ အခန်း (၇)၊ ပုဒ်မခွဲ (ဘ)မူရင်း ဥပဒေကတော့ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်း ထားသောလုပ်ပိုင်ခွင့်အရ လယ်ယာမြေ စီမံခန့်ခွဲခြင်းတဲ့ အဲဒီ ထဲမှာ ကျွန်တော်က တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အစားကို တစ်ရပ်ရပ်ဖြင့် ကျွန်တော် ထည့်သွင်းရင်ပိုသင့်လျော်မယ်လို့ စိတ်ကူးတဲ့အတွက် "နှင့်" အစား "ဖြင့်" ကျွန်တော် ပြင်ဆင်လိုပါတယ်။ လုပ်ပိုင်ခွင့်အရလယ်ယာမြေနှင့် တောင်ယာမြေစီမံခန့်ခွဲခြင်း တောင်ယာမြေ ကို ကျွန်တော်ထည့်ခြင်းဖြစ်ပါတယ်။ဘာဖြစ်လို့လဲဆိုတော့ လယ်၊ ယာ၊ မြေ ကို အဓိပ္ပာယ်ကတော့ လယ်၊ ယာ၊ မြေဆိုကတည်းကိုက တောင်ယာလည်း ပါသေးကြောင်း ဒီပညာရှင်များ ပြောပြချက် အရ ဥပဒေကြောင်းအရ သိရပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ လက်တွေ့ တောင်၊ ယာ၊ မြေ ကျွန်တော်တို့ တောင်၊ ယာ ခုတ် တဲ့ရွှေ့ပြောင်းတောင်ယာစနစ်လုပ်တဲ့ ဒီဒေသ အသီးသီး ရှိပါ တယ်။ အများဆုံးက တောင်ယာစနစ်ကို ကျွန်တော်တို့ လုပ်ပါတယ်။ လုပ်တဲ့အခါ အဲဒီဥပဒေနဲ့ ဒီလယ်ယာမြေဥပဒေနှင့် အဆုံးအဖြတ်ပေးရာမှာ၊ တရားစီရင်ရေးမှာ အသုံးမတဲ့ တဲ့နေရာ အများကြီး ရှိပါတယ်။ ဥပမာ - ရွှေ့ပြောင်းတောင်ယာစနစ်ကို တစ်နှစ်ပြီး တစ်နှစ်ရွှေ့ပြောင်းရတဲ့ အတွက် အငြင်းပွားတဲ့ကိစ္စလေးတွေကို နယ်နိမိတ်ကိစ္စ၊ စည်းမျဉ်းကိစ္စ တွေကို တွေ့ကြုံနေရ ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဥပဒေအရ ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် လူတိုင်းလည်း နားလည်နိုင်လောက်အောင် ဒီ လယ်ယာမြေနှင့်တောင်ယာ မြေ ဆိုတဲ့ စကားကို ထည့်သွင်း ပေးရင် ပိုမိုပြီးတော့ သင့်တော်မယ်လို့ ကျွန်တော်ယူဆသဖြင့် ထပ်မံဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြင်ဆင်ဖြည့်စွက်လိုတာကတော့ အချက်(၈)ချက်ရှိပါတယ်။ (၁) က အခန်း(၃)၊ အပိုဒ် (၅)၊ အပိုဒ်ခွဲ (ဈ) အတူနေဆိုတဲ့ စကားလုံးကို ပယ်ဖျက်ရန် သဘောတူပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်အိမ်မှာ အတူမနေဘဲနဲ့ တစ်ခြားအိမ်နီးနားမှာပဲနေပြီးတော့ ဒုစရိုက်

လုပ်ငန်းလုပ်နေတဲ့ ဆွေမျိုးရှိတယ်ဆိုရင် ဒါရွေးချယ်ဖို့ မကောင်းပါဘူး။ (၂) က အခန်း (၃)၊ အပိုဒ်(၅)၊ အပိုဒ်ခွဲ (ဠ)၊ လက်နက်ကိုင်အဖွဲ့အစည်းဝင်မ ဟုတ်ခြင်းဆိုတဲ့စကားဟာ ထည့်သွင်း သင့်တဲ့အချက်ဖြစ်တဲ့ အတွက်ကြောင့် အဲဒါကို ထောက်ခံသဘောတူပါတယ်။ (၃) အချက်က အခန်း(၄)၊ အပိုဒ် (၆)ကို ဘယ်လိုဖြည့်စွက်လိုလဲဆိုတော့ သူက (၅)ဦးကော်မတီက အဓိကကျ ပါတယ်။ အခရာဖြစ်ပါတယ်။ ဒီ (၅)ဦးကော်မတီကို မြို့နယ်အုပ်ချုပ်ရေးမှူးကို တစ်ယောက်ထဲ ကိုပဲ မင်းရွေးလိုက်တော့ (၅)ဦးကော်မတီ ရွေးလိုက်တော့ ဆိုတဲ့ သဘောဖြစ်တဲ့အတွက် ဒီ (၅)ဦး ကော်မတီဟာ သိပ်အရေးကြီးပါတယ်။ ဒါ ရ.ယ.က ဥက္ကဋ္ဌ တစ်ယောက်ကို ရွေးပေးရမယ့် (၅)ဦး ကော်မတီဖြစ်တဲ့အတွက် အဲဒီမှာ ကျွန်တော် ဘယ်လိုဖြည့်စွက်ချင်သလဲဆိုရင် မြို့နယ် အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ၎င်းအုပ်စု အတွင်း အနည်းဆုံး (၁၀)နှစ် ဆက်တိုက်နေထိုင်ခဲ့သော ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများ ကြည်ညိုလေးစားပြီး ဩဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ(၅)ဦးကို အုပ်စုအတွင်းပါဝင်သောရွာများမှ အများဆန္ဒနှင့်အညီ မျှမျှ တတ အချိုးကျရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာ ဝန်ပေးအပ် ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာ အုပ်စုမှာ(၅)ရွာရှိတယ်ဆိုလို့ရှိရင် တစ်ရွာမှာတစ်ယောက်လောက် ပါသင့်ပါတယ်။ တကယ်လို့ အုပ်စုမှာ (၅)ရွာ ပါပြီးတော့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးမှာ တစ်ရွာထဲကနေပဲ (၅)ဦးကို ခေါ်လိုက်တယ် ဆိုရင်ပဲ ဒါမျှတမှုမရှိဘူး လို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်ခင်ဗျား။ နောက် (၄) အခန်း(၄)၊ အပိုဒ် (၇)၊ ပုဒ်မခွဲ (က) လျှို့ဝှက်ဆန္ဒမဲပေး၍ ဆိုတဲ့စကားရပ်ကို ထည့်သွင်း သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ ကျွန်တော်တို့က လျှို့ဝှက်ဆန္ဒမဲပေးတဲ့ စနစ်ဟာ လူ ထုက ခဏခဏလုပ်နေတယ်။ ဒါမလိုအပ်ဘူးလို့ပြောတာ၊ လိုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့က Democeracy Practice ကို သွားနေတာဖြ စ်တဲ့အတွက် လျှို့ဝှက်ဆန္ဒမဲစနစ်ကို လုပ်ကို လုပ်သင့်ပါတယ်။ နောက် (၅) အခန်း(၄)၊ အပိုဒ် (၇)၊ အပိုဒ်ခွဲ (စ) ရရှိသော မဲစာရင်းကို ရေတွက် ၍ကြေညာရမည်ဆိုတဲ့ စကားလုံးကို လုံးဝထည့်သွင်း သင့် ပါတယ်။ ဒါမှ Transparency ဆိုတာ ဒါပဲဖြစ်ပါတယ်။ အဲဒီတော့ ဘာဖြစ်လို့ဒါကို မကြေညာဘဲ နေရမှာလဲ။ ဘာဖြစ်လို့ လျှို့ဝှက် ထားမှာလဲ။ ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်းပဲ။ ဒီမှာ ဘယ်လောက်ရတယ်၊ ဘယ်သူနိုင်တယ်။ အဲဒီမှာပဲ တစ်ခါ တည်းနဲ့ ကြေညာသ င့်တယ်လို့

ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ (၆) အခန်း(၄)အပိုဒ်(၈) အမျိုးသားလွှတ်တော်မှ ထပ်မံဖြည့်စွက်ထားသော မြို့နယ်အုပ်ချုပ်ရေးမှူး သည် မသ မာမှုဖြစ်ပေါ်က ငြင်းပယ်ခွင့် ရှိသည်ဆိုသည့် အချက်အားထည့်သွင်းရန် မလိုအပ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီအချက်သာပါလို့ရှိရင် ဒီဥပဒေကြီးတစ်ခုလုံးက အချည်းအနှီးကြီး ဖြစ် သွားပါလိမ့်မယ်။ အားလုံးဟာ (၅)ဦးကော်မတီဖွဲ့တယ်။ ဆယ်အိမ်မှူးတွေ ဖွဲ့တယ်။ အားလုံးဟာ မဲပေးပြီးတော့ရွေးတယ်။ အဲဒါကို တစ်ချက် လွှတ်အမိန့်နဲ့ မြို့နယ်အုပ်ချုပ် ရေးမှူးက ဒီပုဂ္ဂိုလ်ဟာ မသမာမှုဖြစ်တယ်။ ပယ်တယ်ဆိုပြီးတော့ ပယ်နေလို့ ရှိရင်တော့ သူ့လူမရ မချင်း ပယ်နေမယ့်သဘောရှိတယ်။ ဒါကြောင့်မလို့ ဒီအချက်ဟာ မလိုအပ် ဘူး။ အမျိုးသား လွှတ်တော်က ဖြည့်စွက်ခြင်းဟာ မလိုအပ်တဲ့ဖြည့်စွက်ခြင်းလို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော်က တင်ပြလာတဲ့အတိုင်းပဲ ထားတာ ပိုကောင်းတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ (၇) အခန်း(၁၆)၊ ရပ်ကွက် သို့မဟုတ် အုပ်စုစာရေးအခန်းကဏ္ဍဟာ လိုအပ်ပါတယ်။ မလိုအပ်ခြင်းမရှိပါဘူး။ သူတို့ဘာလုပ်ရမလဲဆိုတာ တိတိကျကျဘောင်ခတ် ပေးထားတာ ကောင်းပါတ ယ်။ ကျွန်တော်ဟာ အု ပ်ချုပ်ရေး ပိုင်းကို ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့ ဖူးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် ဒီစာရေးများဟာ ဥက္ကဋ္ဌ တက်တက်လုပ်ချင်တဲ့သဘော ရှိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌဆိုတာ သိပ်ပြီးတော့ အုပ်ချုပ်ရေးပိုင်းကို နားမလည်ပါဘူး။ စာရေးပိုင်းက နားလည်တဲ့အတွက်ကြောင့် အင်မတန်လွှမ်း မိုးမှုရှိပါတယ်။ ဒါကြောင့်မို့ လို့ စာရေးကို မင်း ဒါပဲလုပ်ရမယ်ဆိုတဲ့ သူ့ရဲ့အခန်းကဏ္ဍကို ထည့်ကိုထည့်သွင်းရမှာဖြစ်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့ အခန်း (၇)၊ အပိုဒ် (၁၃)(ဠ)၊ ပြည်သူ့လွှ တ်တော်မှာ အတည်ပြုထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာမဆို လောင်းကစားခြင်းကို ဖမ်းဆီးအရေးယူရန် အကြောင်းကြားခြင်းစသည်ဖြင့် အဲဒါတွေကို ကျွန်တော်သဘောတူပါတယ်။ ကျွန်တော် ပြန်ပြင်ထားတာက အိမ်ထဲမှာ ဖဲရိုက်ရ င် ကိစ္စမရှိဘူးသဘောဖြစ်နေပါတယ်။ အဲတော့ မည်သည့်နေရာမဆို လောင်းကစားကို လက်သင့်ခံလို့ မဖြစ်ပါဘူး။ ဒါကြော င့်မလို့ အခန်း (၇)၊ အပိုဒ် (၁၃)(ဠ)၊ ပြည်သူ့လွှတ်တော်မှ အတည်ပြုထား တာကို ကျွန်တော်အနေနဲ့ သဘောတူပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေ သကြီး၊ မဲဆန္ဒနယ်အမှတ် (၅)မှ ဦးကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချ မ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် ပတ်သက်လို့ အ ပြုသဘောဆောင်အကြံပြု ဆွေးနွေးချက်များ တင်ပြ သွားမှာ ဖြစ်ပါတယ်။ ယခုလို တင်ပြဆွေးနွေးခွင့်ပြုပါသော ဥက္ကဋ္ဌကြီး အား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်၏ တင်ပြချက်များအား ဖတ်ကြားခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)။** ။ရှေးဦးစွာ အခန်း(၃)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့် အရည်အချင်းများ၊ အခန်းကဏ္ဍအပိုဒ်(၅)(ခ)ပါ အသက် (၂၅)နှစ်ပြည့်ပြီးသူဖြစ်ခြင်းဟူ၍ပါရှိရာ အကြံ ပြုတင်ပြရရင် ကျေးရွာ သို့မဟုတ် ရပ်ကွက်တစ်ခုလုံးဟာ စီမံခန့်ခွဲမည့်သူ၏ အသက်သည်ငယ်နေသည်ဟု မြင်ပါသည်။ နိုင်ငံတော်၏အခြေခံကျသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး များသည် အလွန်အရေးကြီးပါသည်။ အဆောက်အဦ Structure တစ်ခုမှာ အခြေခံအုတ်မြစ် (Foundation) သည် အရေးကြီးအဓိကကျသကဲ့သို့ ရုံးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရပ်ရွာကိစ္စများ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးကြရာတွင်လည်းကောင်း၊ သာရေး၊ နာရေး၊ ဘာသာ ရေးကိစ္စများ ဆောင်ရွက်ကြရာတွင်လည်းကော င်း၊ ငွေကြေးရန်ပုံငွေများ ခွဲဝေထိန်းသိမ်း သုံးစွဲရာတွင်လည်းကောင်း၊ ကျေးရွာရပ်ကွက်တွင် ရာဇဝတ်မှုများ ကင်းရှင်းပပျောက်အောင် ထိ န်းသိမ်း

စောင့်ရှောက်ရာတွင်လည်းကောင်း၊ မီးဘေးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများ လုပ် ဆောင်ရာတွင်လည်းကောင်း၊ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးသည် အဓိကကျသောအခန်းကဏ္ဍမှာ တာဝန်ယူထမ်းဆောင်လျက် ရှိနေရာ သင့်တင့်သော အတွေ့အကြုံများရှိသင့်ပါသည်။ အသက် (၂၅)နှစ်သည် ကျောင်းနေမည် ဆိုပါက ဘွဲ့ရကာစ၊ ကျောင်းပြီးကာစ အရွယ်သာရှိသေးပြီး ဘဝအတွေ့အကြုံနည်းနိုင်ပါသည်။ ရပ်ကွက် ကျေးရွာတွင်လည်း ရပ်ပြအနေဖြင့် ငယ်သေးသည်ဟု ထင်ပါသည်။ ဆွေးနွေးကြမည့် သူများညှိနှိုင်းကြမည့်သူများနှင့် သဘောတူညီမှုရရှိသည်ဟုမဆိုနိုင်ပေမယ့် သဟဇာတဖြစ်စေရန်လိုအပ်မည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက် အား (၂၅)နှစ်အစား(၃၀)နှစ်သို့ ပြောင်းလဲသတ်မှတ်သင့်ကြောင်း အကြံပြု အပြုသဘော တင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး အခန်း(၈)အပိုဒ်(၁၆)မှာ အုပ်ချုပ်ရေးမှူးတစ်ဦးတာဝန်မှ ယာယီ ရပ်ဆိုင်း ရသည့် ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန် ကို ထမ်းဆောင်ရန် မြို့ နယ်အုပ်ချုပ်ရေးမှူးသည် ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွင်းရှိ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)အရ ဒုတိယဦးစားပေး အဆင့်ရရှိသူအား ယာယီ တာဝန်ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားတာနှင့် ပတ်သက်ပြီး အပြု သဘောဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ နိုင်ငံတော်မှာ န.ဝ.တ နှင့် န.ယ.က တို့ အဆက်ဆက် တို့၌ ရပ်ကွက် ကျေးရွာ များမှာ ရ.ဝ.တ၊ ရ.ယ.က များဖွဲ့စည်းပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂)ဦး၊ အရန်အဖွဲ့ဝင်(၃)ဦး စုစုပေါင်း (၆)ဦး ဖွဲ့စည်းတာဝန်ပေးအပ်ပြီး၊ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးများ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆွေးနွေး ခြင်း၊ တိုင်ပင်ခြင်း၊ ဆောင်ရွက်ခြင်းဟာ တစ်ဦးတစ်ယောက်သဘောတည်း လုပ်ဆောင်တာထက် ထိရောက် ကောင်းမွန်တယ်လို့ ထင်ပါတယ်။

ရပ်ကွက်/ကျေးရွာလုပ်ငန်းများမှာ အေးချမ်းဖြိုးလုပ်ငန်းများသာမက လူမှုရေး ညှိနှိုင်း မှုများ၊ သာရေး၊ နာရေး၊ ဘာသာရေး များ လုပ်ဆောင်ရသည့်ကိစ္စများမှာ ပူးပေါင်းညှိနှိုင်း တိုင်ပင်ဆောင်ရွက်ရသည်များ ရှိပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အခြားလုပ်ငန်းများတွင် လုပ်ငန်းတိကျပီပြင် စွာနှင့် အချိုးညီညီဆောင်ရွက်နိုင်ရန် အတွက်

ထိန်းကျောင်းပဲ့ပြင်ခြင်း (Chack and Balance) ပြုလုပ်ရန်စသည်တို့အတွက် ဒုတိယသမ္မတ၊ ဒုတိယဥက္ကဋ္ဌ၊ဒုတိယဝန်ကြီး၊ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး စသည်ဖြင့်လုပ်ငန်းများ လုပ်ဆောင်ရာမှာ ထားရှိဆောင်ရွက်နေကြပြီကို တွေ့ရှိရမှာဖြစ် ပါတယ်။ ထို့အပြင် အခန်း(၈)၊ အပိုဒ်(၁၆)(က)တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးဦး နှုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းကြောင့် လစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ တို့နှင့် ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်၍ ရက်ပေါင်း (၃၀)အတွင်း အစားထိုး ခန့်အပ်တာဝန်ပေးအပ်ရမည်ဟု ပါထားပါသည်။ ထိုရက်ပေါင်း (၃၀)အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးသည် ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအတွင်း ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)အရ ဒုတိယ ဦးစားပေးအဆင့်ရရှိသူအား ယာယီ တာဝန်ပေးအပ်ရမည်ဖြစ်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ခန့်အပ်စဉ်က အဖွဲ့ဝင် သို့မဟုတ် အတွင်းရေးမှူး တစ်ဦးဦးအား တွဲဖက်၍ တာဝန်ပေးအပ်ထားမည်ဆိုပါက ဒုတိယ ဦးစားပေးအဆင့် တာဝန်ပေးအပ်မည့်ကိစ္စအတွက် အဆင်ပြေသွားမည်ဖြစ်ပြီး ကျန် ရပ်ကွက်/ ကျေးရွာ အေးချမ်းဖြိုးကိစ္စများမှာ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာ လုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါ၍ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ ခန့်အပ်ရာတွင် အဖွဲ့ဝင် သို့မဟုတ် အတွင်းရေးမှူး တစ်ဦးပူးတွဲ ခန့်ထားပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နောက်ဆုံးအနေနဲ့ ဆွေးနွေးတင်ပြမှာတော့ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူးများကို လုပ်ကိုင်နိုင်ခွင့် တစ်ခုပေးရန် ဖြစ်ပါတယ်။ ရပ်ကွက် / ကျေးရွာမှာ မှီတင်းနေထိုင်ကြတဲ့ ရပ်မိရပ်ဖများမှာ ပေတေဆိုးသွမ်းနေတဲ့ သူများရှိနေတတ်ပြီး တစ်ခါတစ်ရံ သွန်သင်ဆုံးမ ၍ မရတဲ့အခါ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူးထံ ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမဖို့ အပ်လာကြပါတယ်။ အချို့သူများမှာ ဟောပြောဆုံးမ၍ အဆင်ပြေ သွားကြသော်လည်း၊ တချို့ သူများမှာ ဟောပြောဆုံးမ၍ မရနိုင်တဲ့သူတွေ ပါလာတတ်ပါတယ်။ အဲဒီအခါ ၎င်းတို့ကို ထိန်းသိမ်းရန် အလို့ငှာ ရပ် ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများဟာ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ခြေချုပ်လုပ်ဆောင်နိုင်ရန် တင်ပြတောင်းခံကြရပါတယ်။ ခြေချုပ်တောင်းခံရရှိပါက ဆိုးသွမ်းသူများကို ခြေချုပ်ခံဝန်လုပ်ဆောင်ပေးရပြီး နေ့စဉ်ရဲစခန်းမှာ သွားရောက်ပြီး လက်မှတ်ထိုးခံဝန်နဲ့ နေကြရပါတယ်။ ခြေချုပ်ကိုတော့ လူပုဂ္ဂိုလ်ပေါ် မူတည်ပြီး (၁)လမှ(၁)နှစ်အထိ ခြေချုပ်လုပ်ပေး

ရပါတယ်။ အဲဒီအခါများသောအားဖြင့် ယဉ်ကျေးလိမ္မာ သွားကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထားပြီး ဆောင်ရွက်နိုင်ရန် အတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ခြေချုပ်တောင်းခံပိုင်ခွင့်ရရှိရေး ထည့်သွင်း ရေးဆွဲပေးနိုင်ပါရန် အစီရင်ခံတင်ပြရင်း ကျွန်တော်၏ အပြုသဘော ဆွေးနွေးတင်ပြမှုကို နိဂုံးချုပ် လိုက်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အစည်းအဝေး ခေတ္တရပ်နားပြီး နေ့လည် ၁း၀၀ နာရီအချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးမွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**ဒေါက်တာဗညားအောင်မိုး၊မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များနဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) ရေးမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး

ဖြစ်ပါတယ်။ ဒီနေ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေနဲ့ ပတ်သက်ပြီးတော့ အရေးကြီးတဲ့အတွက်ကြောင့် ကျွန်တော် စာဖတ်ခွင့်ပြုပြီး ဆွေးနွေးခွင့်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ကျေးဇူးတင်ပါတယ်။ အုပ်ချုပ်ရေး ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးဟာ တကယ့်မှာဆိုတော့ ကျွန်တော်တို့ နိုင်ငံမှာဆိုရင် ပြည်သူနဲ့ အနီးစပ်ဆုံးထိတွေ့နေရတဲ့ အုပ်ချုပ်ရေးတာဝန်ခံတစ်ယောက် ဖြစ်မယ်။ အဲဒီတော့ ဒီအုပ်ချုပ်ရေးတာဝန်ခံဟာ ရပ်ကွက် /ကျေးရွာပြည်သူတွေရဲ့ ကိုယ်စားလှယ်ဖြစ်ဖို့ အလွန်အရေးကြီးတယ်။ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးဟာ ရပ်ကွက် / ကျေးရွာပြည်သူတွေရဲ့ ကိုယ်စားလှယ်ဖြစ်ရင် အဲဒီရပ်ကွက်၊ အဲဒီကျေးရွာအတွက် အင်မတန် အဆင်ပြေမယ်။ တိုးတက်မှုကအစ ဘယ်အရေးကိစ္စ မဆို အဲဒီအုပ်ချုပ်ရေးမှူးဟာ သူရဲ့ ရပ်ကွက်၊ သူ့ရဲ့ ကျေးရွာက လူတွေကို သူပြန်လ ည်ပြီးတော့ ကူညီတယ်။ ဒါကျွန်တော်တို့ တစ်သက်လုံးရဲ့ အတွေ့အကြုံအရ အဲဒီရပ်ကွက်၊ အဲဒီကျေးရွာ အုပ်ချုပ်ရေးမှူးဟာ တကယ်လို့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ပေါင်းပြီးတော့ ကျေးရွာ အပေါ်မှာ ပြန်ပြီးတော့ အမြတ်ထုတ်တယ်။ ပြည်သူပေါ်မှာ ပြန်ပြီးတော့ အမြတ်ထုတ်တယ်ဆိုရင် ပြည်သူတွေ ဟာ တော်တော်ကိုခံစားရတယ်။ ရပ်ရွာ၊ ကျေးရွာမှာ ပြဿနာ အကြီးအကျယ်ဖြစ်တယ်။ တစ်ခါတစ်လေကျတော့ အဲဒီလို အုပ်ချုပ်ရေးမှူးများဟာ သေကြောင်းကြုံခံရတဲ့ အထိဖြစ်တယ်။ အဲဒီတော့ အခုဖြစ်ပြီးတဲ့ ကိစ္စတွေမှာဆိုရင် အများအားဖြင့် တိုင်စာက ကော်မတီဆီကို ရောက်တဲ့တိုင်စာ၊ နောင်ဆိုလည်း ထပ်ရောက်စရာရှိတယ်။ အဲတော့ အဲဒီမှာ ဖြစ်ပျက်တဲ့ ရပ်/ကျေးတွေမှာ၊ ဒေသတွေမှာ၊ နယ်တွေမှာဖြစ်တဲ့ ပြဿနာ၊ အမြတ်ထုတ်တဲ့ ပြဿနာတွေဟာ ရပ် /ကျေးအုပ်ချုပ်ရေးမှူးက သူ့အထက်မှာရှိတဲ့ ဌာနဆိုင်ရာ တာဝန်ခံတွေနဲ့ ပူးပေါင်းပြီးတော့ အမြတ်ထုတ်တာများတယ်။ အဲဒီကိစ္စကို အချို့အရင်က လူကြီးတွေ ပြောတယ်။ တာဝန်ခံတွေဟာ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ ရပ် /ကျေးက လူကြီးတွေကိုသတိထား။ ဘာလဲ ဆိုတော့ အောက်ကျို့ပြီးတော့ ဝင်လာပြီးတော့ ကိုယ်ကျိုးအတွက် ပူးပေါင်းပြီးတော့လုပ်မယ်။ တကိုယ်တည်းအတွက် လုပ်မယ်။ အဲဒီလိုကိစ္စမျိုးတွေ အများကြီးရှိတယ်။ လူကြီးတွေတောင်မှ သတိပေးကြတယ်။ ဘာကြောင့်လဲဆိုတော့ ဒါမျိုးဖြစ်လာရင် ကိုယ့်ရဲ့အုပ်ချုပ်ရေး၊ ကိုယ့်ရဲ့ နယ်မြေ အေးချမ်းရေး၊ တိုးတက်ရေး၊ နောက်ပြီးတော့ ပြဿနာအမျိုးမျိုး ပေါ်ပေါက်တယ်။

အလုပ်လုပ်တဲ့ တာဝန်ရှိတဲ့လူတွေလည်းပဲ ထိခိုက်မှုရှိတယ်။ အဲတော့ အဲဒီလိုမဖြစ်အောင် ပြည်သူတွေလည်း ကျေနပ်အော င်၊ တိုင်းပြည်အတွက်လည်း အများကြီး အကျိုးရှိအောင် အကောင်းဆုံးက ကျွန်တော့်အမြင်ဆိုရင် အရင်ကလည်း တစ်ခါ မေးခွန်းတွေနဲ့ လည်း မေးထားပြီးသား။ အဲတော့ ဒီမိုကရေစီ နည်းကျကျ ပြည်သူ့ရပ် /ကျေး၊ ရပ်/ရွာ၊ ရပ်ကွက်ကျေးရွာ ပြည်သူတွေရဲ့ ပြည်သူ့ကိုယ်စားလှယ် အစစ်ဖြစ်ဖို့လိုတယ်။ အဲဒီလိုဖြစ်ဖို့အတွက်ကို အဲဒီလိုဖြစ်လာမှ ဒီလူတွေဟာ အုပ်ချုပ်ရေးမှူးတွေဟာ ရပ်/ကျေးရဲ့ တိုးတက်မှု၊ တည်ငြိမ်မှု၊ နောက်ဒီမှာ သတ်မှတ်ထားတဲ့ တာဝန်ဝတ္တရားတွေ အပြည့်အဝ ထမ်းဆောင်ပြီးတော့ ရပ်ကျိုးရွာကျိုး ပိုပြီးတော့ လုပ်နိုင်မယ်။ နောက်ပြီးတော့ ပြည်သူတွေလည်း သက်သရာရပြီးတော့ စိတ်ချမ်းသာပြီးတော့ တိုင်းပြည်အတွက်လည်း အများကြီး အကျိုးရှိတယ်။ အခု ကျွန်တော် ဥပမာပြချင်တယ်ဆိုရင် ကျွန်တော် ပြည်သူနဲ့ တွေ့တဲ့အခါမှာ ကြားရတာ ဟိုမှာ အကောက်ခွန် ဆိုပါတော့၊ ဆယ်အိမ်မှူးကတော့ ဘာမှလည်း ဝိုင်းမပြောဘူး။ ဘယ်လိုလဲတော့မသိဘူး။ အဲတော့ တချို့အကောက်ခွန်တွေဟာ တော်တော်များများ ကျွန်တော် လေ့လာရသလောက်ဆိုရင် နိုင်ငံတော်ဘတ်ဂျက်ထဲကို(၁၀)ပုံ(၁)ပုံ တောင် မရောက်တာရှိတယ်။ ဒီက ဝန်ကြီးရှင်းသွားတဲ့ အချို့နေရာမှာဆိုရင် အကောက်ခွန်လုံးဝ မယူတဲ့ဟာဆိုရင် (၁)သောင်းကျော် လောက်ထိတယ်။ အကောက်ခွန် ၁၀၀ဝ/- လောက်ဆိုတာကို (၁)သိန်း လောက် ပေးရတယ်။ အဲဒီဥစ္စာ ဘာလဲဆိုတော့ ဒါဟာ ပြည်သူတွေ မှာလည်း ခေါင်းဆောင် မရှိတာလည်း ပါတယ်။ နောက် ဗဟုသုတ မရှိတာလည်းပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ ဘာလဲဆိုတော့ ရပ်/ကျေးမှာ တကယ့် ပြည်သူ့ကြိုက်တဲ့ သူတို့ ခေါင်းဆောင်ကို ရွေးချယ်နိုင်ဖို့ အတွက်လိုတယ်။ အဲဒီအတွက် အကောင်းဆုံးက ဘာလဲဆိုတော့ သူတို့ကြိုက်တဲ့ ကိုယ်စားလှယ်ကို သူတို့ရွေးမယ်။ အုပ်ချုပ်ရေးမှူး ကိုရွေးမယ်။ ပြီးတော့ သက်တမ်းကုန်တဲ့ အခါကျရင် ရွေးကောက်ပွဲနဲ့ ပြန်ဖြုတ်မယ်။ အဲဒီလိုဟာ အကောင်းဆုံးပဲ။ အဲဒီလိုဖြစ်မှ ဒီရပ် /ကျေးအုပ်ချုပ်ရေးမှူးဟာ အထက်ကိုလည်း ပြန်ထိန်းမယ်။ ပြည်သူ့ကိုလည်း အကျိုးပြုမယ်။ အထက်ကိုလည်း ပြန်ထိန်းမယ်။ နောက်ပြီးတော့ ကျွန်တော်တို့ တိုင်းနဲ့ပြည်နယ်က အစိုးရအဖွဲ့ကလည်း ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်တဲ့ အတွက်ကြောင့် အထက်ကနေအောက်ကို ပြန်ထိန်းမယ်။ ပြည်သူနဲ့ ရပ် /ကျေးက အောက်ကနေ အထက်ကို ပြန်ထိန်းမယ်ဆို ရင် ကျွန်တော်တို့ နိုင်ငံတော်သမ္မတပြောတဲ့ ကောင်းတဲ့အုပ်ချုပ်ရေး၊ သန့်ရှင်းတဲ့အစိုးရ ဖြစ်လာပြီးတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဘတ်ဂျက်ဝင်ငွေ၊ အကောက်ခွန် ဝင်ငွေတွေ အများကြီးတိုးလာနိုင်ပါတယ်။

ကျွန်တော်အဓိကထားပြီးတော့ ဆွေးနွေးချင်တာက ရွေးချယ်ရေးဖြစ်ပါတယ်။ ရွေးချယ်ခန့်အပ်ရေး၊ ရွေးချယ်ခန့်အပ်ရေးမှာ အပိုဒ် ၆ မှာ ဩဇာတိက္ကမ ရှိသော ရပ်မိရပ်ဖ (၅)ဦး ကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ် ရမည်ဆိုတဲ့နေရာမှာ ဩဇာတိက္ကမ ရှိသည့် ကစပြီးတော့ ဖျက်ပြီးတော့ ရွေးကောက်ပွဲရပ်/ကျေး၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကို ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်ဟု ပြင်လိုပါတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့(က)ဟာ မပြောင်းလဲဘူး။ (ခ)မှာ ကျွန်တော်ပြောင်းလဲချင်တာက ဘာလဲဆိုတော့ ဆယ်အိမ်စု အသီးသီး၌ နေထိုင်သော အိမ်ထောင်ဦးစီးများအား အဲဒါအစားကို အသက်(၁၈)နှစ် အထက် မဲပေးနိုင်သူများအားလုံး အဲ ဒီစကားလုံးကို ထည့်မယ်။ ပြီးတော့ (ဂ)(ဃ)(င)ကို ဖျက်ပြီးတော့ (ဂ)အသစ်ကို တစ်ခုထဲ ပေါင်းပြီးတော့ ရေးလိုက်မယ်။ (ဂ)အသစ်ထည့်လိုက်မယ်။ ဆယ်အိမ်စု ကိုယ်စားလှယ် ယှဉ်ပြိုင်ရန် အမည်စာရင်းနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးနေရာတွင် ပါဝင်ယှဉ်ပြိုင်သူ မဲစာရင်းကို စိစစ်ပြုစုရမည်။ နောက်ပြီးတော့ (ဃ) အသစ်က ရပ်ကွက်ကျေးရွာ အုပ်စုပြည်သူများ အသက် (၁၈)နှစ်ပြည့်ပြီးသူ၊ မဲပေးခွင့်ရှိသူအားလုံး ဆယ်အိမ်စုကိုယ်စားလှယ်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး တစ်ဦးကို ရွေးချယ်ရန် လျှို့ဝှက်မဲဆန္ဒကို တစ်ပြိုင်တည်းပေးရန်၊ နောက်ပြီးတော့ (င)ကို မပြောင်းဘူး။ (စ)တစ်ခု ကျွန်တော် ထပ်တိုးထည့်လိုက်တယ်။ ဆယ်အိမ်စု ကိုယ်စားလှယ် (၁၀)ဦးလျှင် အချင်းချင်းညှိနှိုင်း၍ ရာအိမ်စုကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်တင်မြှောက်မယ် ကျွန်တော်က ဘာလဲဆိုတော့ ဒီဆယ်အိမ်စု ကိုယ်စားလှယ်ရွေးတဲ့ နေရာမှာ အိမ်ထောင်ဦးစီးပဲ မဲထည့်ခွင့် ရှိတယ်ဆိုတာ ဒီမိုကရေစီအရ သိပ်မပြည့်စုံဘူးလို့ ယူဆတယ်။ နောက်တစ်ခုက ကြီးကြပ်ရေးအဖွဲ့က ဆယ်အိမ်ကို ရွေးကောက်ပွဲတစ်ခုလုပ်၊ ဆယ်အိမ်ကို ရွေးကောက်ပွဲတစ်ခု လုပ်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ ကျွန်တော်တို့ ပြည်နယ်မှာ အထူးသဖြင့်ပေါ့လေ။ ကျွန်တော်တို့ပြည်နယ်ကို ဥပမာ ပြရမယ်ဆို ရင် အိမ်ခြေ (၁၀၀၀) အထက် ရွာတွေတော်တော်များတယ်။ ကျေးရွာအုပ်စုမှာ အိမ်ခြေ (၁၀၀၀) အထက် ကျေးရွာအုပ်စုဆိုရင် ဆယ်အိမ်မှူး အယောက် (၁၀၀)ကို ရွေးရမယ်။ ဒီ (၅)ဦးဟာ ဒီဆယ်အိမ်စုက အိမ်ထောင်ဦးစီး (၁၀)ဦးကို စုစုပြီးတော့ အပုံတစ်ရာလုပ်ရမယ်။ အခါတစ်ရာ ရွေးချယ်ပွဲလုပ်မယ်။ အဲတော့ အိမ်ထောင်ဦးစီးက (၁၀)အိမ် မှာဆိုရင်တော့ တော်တော်များများ အိမ်မှာမရှိတာများတယ်။ ခြံလုပ်၊ လယ်လုပ်၊ ဟိုသွားဒီသွားနဲ့ ဆုံဖို့လည်းမလွယ်ဘူး။ အချိန်လည်း အကုန်များတယ်။ နောက်ပြီးတော့ ခဏကြာရင် ပြီးစလွယ် ဖြစ်သွားနိုင်တယ်။ ပြီးစလွယ်ဖြစ်သွားလို့ ပြည်သူတွေ ဒီမိုကရေစီကျရင် နောင် သူတို့က

တင်ပြမယ်။ တိုင်မယ်။ နောက်ပြဿနာတက်လာရင် အားလုံးဝိုင်းပြီးတော့ ဦးနှောက်ခဲတယ်။ နောက်ပြီးတော့ အကျိုးလည်း ဘာမှမရှိဘူး။ ကျွန်တော်တို့အနေနဲ့ ကဘာလဲဆိုတော့ လွှတ်တော်အနေနဲ့ ပြဿနာနောက်လိုက်လည်း မဖြစ်ရအောင် ပြဿနာမဖြစ်အောင် ကြိုတင်ပြီးတော့ ကျွန်တော်တို့က ဖြေရှင်းထားပြီးသား။ ကောင်းတဲ့ဥပဒေကို ခင်းထားပြီးသား အဲဒီလိုကိုဖြစ်စေချင်လို့ ကျွန်တော်က ဒီပြည့်ဝတဲ့ ဒီမိုကရေစီနည်းနဲ့ သမ္မတကြီးပြောတဲ့အတိုင်းပဲ ကျွန်တော်တို့က လေးစားလိုက်နာရမယ်။ ကျွန်တော်တို့ လွှတ်တော်မှာချည်းပဲ ဒီမိုကရေစီကို ကျင့်သုံးနေရုံနဲ့ မလုံလောက်ဘူး။ ပြည်သူကြားမှာလည်း ဒီမိုကရေစီကို ကျင့်သုံးဖို့လိုတယ်။ အဲဒီလိုပဲအခု ကျွန်တော်တို့ မဲရွေးပွဲမှ ကျွန်တော်တို့ ပြီးခဲ့တဲ့ မဲရွေးပွဲမှာ မဲဆန္ဒရှင်တစ်ဦးဟာ (၄)ယောက်ကို မဲထည့်ရတယ်။ အခု ဒီတစ်ခါတော့ မဲဆန္ဒရှင် တစ်ဦးက (၂)ယောက်ကို မဲထည့်မယ်။ ရပ် /ကျေးအုပ်ချုပ်ရေးမှူး (၁)ယောက် သို့မဟုတ် သူ့ရပ်ကွက်၊ သူ့အုပ်စုအတွက် ဆယ်အိမ်မှူးတစ်ယောက် ဒါက လွယ်လွယ်လေးစီစဉ်လို့ ရပါတယ်။ (၁)ရက် တည်းနဲ့ ပြီးသွားတယ်။ လူတွေကလည်း အလုပ်မပျက်ဘူး။ အဲတော့တကယ်လို့ ဆယ်အိမ်မှူး တစ်ယောက်ကို တစ်ခါရွေး၊ ဆယ်အိမ်မှူး တစ်ယောက်ကို တစ်ခါရွေးဆိုရင် ဒီကြီးကြပ်ရေးအဖွဲ့က တစ်ဖွဲ့နဲ့ဆိုရင် လနဲ့ချီကြာရင်ကြာတယ်။ ကျွန်တော်တို့ဘက်ကိုဆိုရင် အိမ်ခြေ (၃၀၀၀)၊ (၅၀၀၀) အထိ ကျေးရွာအုပ်စုရှိတယ်။ အဲဒါဆိုရင် အကြီးအကျယ် အခက်အခဲ ဖြစ်လိမ့်မယ်။ အခုကျွန်တော်တင်ပြတဲ့ ပုဒ်မ အဆိုအရဆိုရင် တစ်ခါတည်း၊ တစ်နေ့တည်း ရွေးကောက်ပွဲဟာ ပြီးသွားမယ်။ နောက်ပြီးတော့ အဲဒါပြင်ပြီးတော့ နောက်ရှေ့ကို ကျွန်တော်နည်းနည်း ပြင်စရာရှိတယ်။ အခန်း (၇)က ပုဒ်မ ၁၃၊ အပိုဒ် (ဠ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း မည်သည့် နေရာတွင်မဆို လောင်းကစားခြင်းကို ဖမ်းဆီးခြင်းဆိုတဲ့အစား အရေးယူရန် အကြောင်းကြားခြင်းလို့ ပြင်လိုပါတယ်။ ဘာလဲဆိုတော့ ဘယ်နေရာမှာမဆို လောင်းကစားခြင်းကို ခွင့်ပြုဖို့ မကောင်းဘူး။ ကျွန်တော်တို့ နေရာကန့်သတ်ထားမယ်ဆိုရင် အရင်တုန်းက ဟိုတလောတုန်းက ပြောကြတဲ့ပုံစံမျိုးဆိုရင် အိမ်မှာလောင်းကစားခြင်း သွားလုပ်ရင် ဘယ်သူမှ ဖမ်းလို့မရဘူး။ အဲဒီတော့ အိမ်ထဲမှာကို ဝင်ဖမ်းရမယ်။ ဒါပေမယ့် ရပ် /ကျေးအုပ်ချုပ်ရေးမှူးက သူကိုယ်တိုင် ဖမ်းစရာမလိုဘူး။ သူ့ကို လူမိုက်ပုံစံမျိုးနဲ့ လည်းမကောင်းဘူး။ နောက်ပြီးတော့ ဒီအလုပ် ကိစ္စ၊ ဒီတာဝန်က ဘာလဲဆိုတော့ ပြည်သူရဲတပ်ဖွဲ့ရဲ့ တာဝန်၊ လူဆိုးဖမ်းတာတို့ လောင်းကစားဖမ်းတာတို့ သူကိုတာဝန်မပေးသင့်ဘူးလို့ ကျွန်တော်မြင်တယ်။ ဒါကြောင့် ဖမ်းဆီး အရေးယူရန် အကြောင်းကြားခြင်းဆိုတာကို ကျွန်တော်ပြောင်းလဲလိုက်တယ်။

နောက်ပြီးတော့ (ဌ)မှာ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်း ဆိုတာက ကျွန်တော်ထင်တယ်။ တရားရုံးက ဟာထင်တယ်။ အဲဒီ တရားရုံးအလုပ်နဲ့ ပတ်သက်ရင် ရပ်/ကျေးက အုပ်ချုပ်ရေးမှူးက မလုပ်သင့်ဘူး။ နောက်ပြီးတော့ (ဏ)မှာ ယင်းသို့ တားမြစ်လိုက်နာခြင်း မရှိပါက ဖမ်းဆီးခြင်းဆိုတဲ့ အစားကို ဖမ်းဆီးရန် အကြောင်းကြားခြင်း၊ နောက်ပြီးတော့ (ထ)မှာ မိမိရှေ့တွင် ဖြစ်ပွားသော ပြစ်မှုနှင့်စလျှင် ပြစ်မှုကျူး လွန်သူအားကိုယ်တိုင် ဖမ်းဆီးခြင်းဆိုတော့ ဒီအုပ်ချုပ်ရေးမှူးက ဘာရှိမလဲ။ ဒီပုံနဲ့ဆို သေနတ်ပါပေးရမယ်။ အခြံအရံ ရဲတွေပါပေးရမယ်။ အကောင်းဆုံးကတော့ သူကိုတရားခံဖမ်းတာ အင်္ဂလိပ်ခေတ်တုန်းကတော့ ဟုတ်တယ်။ ရပ် /ကျေးမှာ ကာကွယ်ရေး တပ်ဖွဲ့ရှိရင် တော့ ဟုတ်တယ်။ ပုံမှန်တိုင်းပြည် အခြေအနေနဲ့ တွက်ကြည့်မယ်ဆိုရင် ပြည်သူ့ရဲတပ်ဖွဲ့ရှိတယ်။ ဒီကိစ္စကို ပြည်သူ့ရဲတပ်ဖွဲ့ကပဲ ဖမ်းဆီးအရေးယူဖို့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေအနေနဲ့ မပေးထားသင့်ဘူး။ တာဝန်လည်းကြီးတယ်။ အန္တရာယ်လည်းကြီးတယ်။ နောက် တစ်ခုက ရပ်ကွက်ထဲမှာ ခဏအင်အားစုပြီးတော့ အာဏာရှင် ဖြစ်လာနိုင်သေးတယ်။ နောက်ပြီးတော့ (ဖ)မှာ ကျွန်တော်လက်တွေ့တွေ့တဲ့ အတွေ့အကြုံအရ ရပ်ကွက် သို့မဟုတ်ကျေးရွာအတွင်းရှိ ဆည်မြောင်း၊ တာတမံ၊ တူးမြောင်း၊ လယ်ကြားမြောင်းများ၊ ရေဆိုးထုတ် မြောင်းများဆိုတဲ့ နေရာမှာ စကားလုံးနှစ်လုံး ထပ်ဖြည့်ချင် တယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အတွင်းရှိ မြစ်၊ ချောင်း၊ ကျွန်တော်မြို့၊ ကျွန်တော်တို့ရွာမှာ မြစ်တွေ၊ ချောင်းတွေ ဖြတ်သွားတာ ရှိပါတယ်။ အဲဒီမြစ်ချောင်းတွေရဲ့ သန့်ရှင်းရေးဟာအ င်မတန် အရေးကြီးတယ်။ တချို့က အမှိုက်တွေပဲ ပစ်နေတော့ ပြည့်လာတယ်။ ရေစီးမကောင်းဘူး။ ရေစီးမကောင်းတဲ့ အခါကျတော့ လယ်လုပ်တဲ့ သူတွေအတွက် ရေဝပ်တယ်။ နောက် အားလုံးကျန်းမာရေးကအစ မကိုက်ညီဘူး။ သဘာဝပျက်စီးမှုဖြစ်တယ်။ မြစ်၊ ချောင်း၊ ဆည်မြောင်း ရှေ့မှာ မြစ်ချောင်းဆိုတာ ထည့် တယ်။ အဲဒီအတိုင်းဆက် သွားပြီးတော့ ကျူးကျော်ဖျက်ဆီးမှုကို သက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊ သဘာဝ ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ခြင်းဆိုတာကို တစ်ပိုဒ်ထပ်ထည့်ချင်တယ်။ သဘာဝထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ခြင်း ဒီဟာက လက်တွေ့အခြေအနေမှာ လိုအပ်တယ်လို့ ကျွန်တော် မြင်တယ်။

နောက် အခန်း(၁၀) ပြစ်မှုနဲ့ ပြစ်ဒဏ်များဆိုတဲ့ အခန်းမှာ ပုဒ်မ၂၅ မှာလည်းပဲ ပုဒ်မ ၂၅ ဟာ ပြည်သူ့ရဲနဲ့ တရားရေးနဲ့ ဆိုင်တယ်။ အဲဒါကို ပယ်ဖျက်သင့်တယ်။ ပုဒ်မ ၂၆ ဟာ ပြည်သူ့ရဲနဲ့ တရားရေးနဲ့သာဆိုင်တဲ့အချက် ဖြစ်တယ်။ ပုဒ်မ ၂၇ ဟာ ပြည်သူ့ရဲနဲ့ တရားရေးနဲ့သာဆိုင်တဲ့ ပုဒ်မ

ဖြစ်တယ်။ ဘာလို့လဲဆိုတော့ အဲဒီပြစ်ဒဏ်က (၃)ခုလုံး၊ နောက်ပြီးတော့ ရုံးအသုံးစရိတ်နဲ့ ပတ်သက်ပြီးတော့ လယ်ယာမြေ တွေကောက်ခံသည့် အကောက်ခွန်ရရှိသည့် ခိုင်ကြေးအပေါ်မှ အချိုးကျငွေဖြင့် ကျခံမည့် အဲဒီပြည်သူတွေက ကောက်ခံရတဲ့ငွေ ကနေပြီးတော့ အချိုးကျ သုံးတယ်ဆိုတော့ ဒါကိုလိုနီခေတ်ကပုံစံတွေ ကျွန်တော်တို့မှာ မရှိသင့်တော့ပါဘူး။ ပြည်သူတွေက တစ်ဆင့် ပြည်သူ တွေက အခွန်ပေးထားပြီးသားနောက် အခွန်များများရအောင်လုပ်မယ်။ အဲဒီပုံစံ မျိုးဖြစ်လာမယ်။ အဲဒီတော့ အားလုံးက အ သုံးစရိတ်က ဘာလဲဆိုတော့ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးကပဲ ရုံးသုံး စရိတ်ကို လိုအပ်သလောက် ထုတ်ပေးဖို့လိုအပ်မယ်။ အဲဒါကို ဒီခိုင်ကြေးစနစ်ကို ဖျက်သိမ်းဖို့ ဒါကို ကျွန်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီလောက်ပဲ တင်ပြပါရစေ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၀၁း၂၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၀၁း၂၀။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဒီကနေ့ ကျွန်တော်ဆွေးနွေးမယ့် အကြောင်းအရာ ကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းနှင့် ပတ်သ**က်**ပြီး ပြင်ဆင်လိုတဲ့ အပိုဒ်(၄)ပိုဒ်ရှိပါတယ်။ အဲဒါကို ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီအပိုဒ် (၄) ပိုဒ်ကိုဆွေးနွေး ရတဲ့ အကြောင်း ရင်းကတော့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအုပ်ချုပ်ရေး အခန်းကဏ္ဍကို ဖွဲ့စည်းထားပုံလေးဟာ ထူးခြားလို့လည်း ဖြစ်ပါတယ်။ ဒီ ပြည်ထောင်စုအစိုးရမှာ ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ် တွေကနေ တစ်ဆင့်နိုင်ငံတော်ကိုဦးဆောင်မည့် သမ္မတ၊ ဒု-သမ္မတ၊ ဝန်ကြီးများ စသည့်တို့ဖြင့် ရွေးချယ်ပြီးတော့ နိုင်ငံတော်ကို ဦးဆောင်မှာဖြစ်ပါတယ်။ ဒီထဲမှာ ထူးခြားတာကတော့ ခရိုင်နဲ့ မြို့နယ်အုပ်ချုပ်ရေး ဖြစ်ပါတယ်။ ခရိုင်နဲ့ မြို့နယ်အုပ်ချုပ်ရေး မှာဆိုလို့ရှိရင် အခြေခံဥပဒေပုဒ်မ ၂၈၈ အရ၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်တို့ကို နိုင်ငံ့ဝန်ထမ်း

များအား တာဝန်ပေးဆောင်ရွက်စေရမည်ဆိုတဲ့ အပိုဒ်တစ်ပိုဒ်ပါပါတယ်။ ဒါက ခရိုင်နဲ့ မြို့နယ် အုပ်ချုပ်ရေးရဲ့ တာဝန်ယူမှုရဲ့ ထူးခြားချက် ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနဲ့ ပတ်သက်ပြီးတော့ အခြေခံဥပဒေစာမျက်နှာ (၇၅)ပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာ၊ သမာဓိ ရှိသည့် ပုဂ္ဂိုလ်တစ်ဦး ဦးကို ဥပဒေနှင့်အညီ ခန့်အပ် တာဝန် ထမ်းဆောင်စေရမည်ဆိုတဲ့ အပိုဒ်ပါ ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရဲ့ အခန်းကဏ္ဍနဲ့ ဖွဲ့စည်းပုံ အ ခြေခံ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဒီ အချက်ကလည်း နိုင်ငံရဲ့ထူးခြားမှု တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ အခြေခံမူများမှာရှိတဲ့ ပုဒ် မ(၇)အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီးပြဋ္ဌာန်း ထားတဲ့အတွက် ဒီမိုကရေစီစနစ်ကို စည်းကမ်းတကျနဲ့ သွားမယ့်လမ်းကြောင်းကိုလည်း ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ ကိုလည်း အတိအကျ ပြဋ္ဌာန်းထား ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားများရဲ့ နိုင်ငံတော်အခြေခံမူ များမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) မှာ နိုင်ငံသားများရဲ့ နိုင်ငံသားများ၏ ပုဒ်မခွဲ (ဂ)မှာ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန် ဖြစ်သည်လို့လည်း ပြဋ္ဌာန်းထားပါတယ်၊ ဒီအခြေခံဥပဒေအပေါ်မှာ တည်မှီပြီးတော့ သမ္မတကြီးရဲ့ မိန့်ခွန်းမှာ ဖော်ပြထားတဲ့ Good Governnance ဆိုတဲ့ အဓိပ္ပာယ်အရ ဒီနိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအပိုင်းမှာ Good Governnance ဖြစ်ဖို့အတွက် ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် ဖြစ်ဖို့အတွက် ပါဝင်ပတ်သက်မှုတွေ၊ ပွင့်လင်းမြင်သာမှုတွေ၊ ထိရောက်မှုနဲ့ စွမ်းရည်ပြည့်ဝမှုတွေ၊ တုံ့ပြန်မှု၊ တာဝန်ယူမှု၊ အများဆန္ဒထည့်သွင်းစဉ်းစားမှု၊ မျှတမှု၊ တရားဥပဒေ စိုးမိုးမှုဆိုတဲ့ အချက် တွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်း စားပြီးတော့ ကျွန်တော်တို့ ရပ်ကွက်နဲ့ကျေးရွာ အုပ်ချုပ်ရေးမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ရွေးချယ်တဲ့နေရာမှာ ကျွန်တော်တို့သေသေချာချာ ထည့်သွင်း စဉ်းစားပြီးတော့ ဒီဥပဒေကို ပြဋ္ဌာန်းဖို့ လိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ဆွေးနွေးမယ့် ဥပဒေ(၄)ပိုဒ်မှာဆိုလို့ရှိရင် ပထမအပိုဒ်အနေနဲ့ အခန်း(၄) အပိုဒ်(၆)မှာ ပြဋ္ဌာန်းထား တဲ့အချက်မှာ ကျွန်တော်ပြင်ဆင်ချင်တဲ့ အချက်ကတော့ သြဇာတိက္ကမဆိုတဲ့ စကားတစ်လုံး ပါပါတယ်။ အဲဒီသြဇာ တိက္ကမဆိုတဲ့ စကားလုံးဟာ အဓိပ္ပာ ယ် ကျယ်ပြန့်ပြီးတော့ နားလည်မှုခက်ခဲတဲ့ အတွက်ကြောင့်မို့လို့ အခြေခံဥဖဒေမှာလည်းပါတဲ့၊ သိက္ခာ၊ သမာဓိရှိတဲ့ ရပ်မိ၊ ရပ်ဖ (၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်

မယ်လို့ ပြောင်းလဲပေးဖို့ တင်ပြလိုပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် ဩဇာတိက္ကမဆိုတဲ့ စကားလုံးကို ပြန်ပြီးသုံးမယ် ဆိုလို့ရှိရင် ဒီအခန်း (၃) အပိုဒ်(၅)မှာရှိတဲ့ မူလပြဋ္ဌာန်းချက်ပါ ဩဇာ တိက္ကမ စကားလုံးကို ပြည်သူ့လွှတ်တော်က ဖြုတ်ပယ်ထားတဲ့အပြင် အမျိုးသားလွှတ်တော်မှာရှိတဲ့ ဥပဒေကြမ်း ကော်မတီကလည်း အတည်ပြုလက်ခံထားပြီး ဆွေးနွေးထားပြီးဖြစ်ပါတယ်။ တကယ်လို့ဒါကို မဖြုတ်ဘူး ဆိုလို့ရှိရင် ဒီစကားလုံးရဲ့ အနက်အဓိပ္ပာ ယ်ကို သီးသန့်ဖွင့်ဆို ပေးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်ပြင် ဆင်လို့တဲ့ အချက်ကတော့ အပိုဒ် (၆) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာ တွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများ ကြည်ညိုလေးစားပြီး သိက္ခာသမာ ဓိရှိသည့် ရပ်မိရပ်ဖ (၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးရ မည်လို့ ပြောင်းလဲလိုပါတယ်။ ဒီမနက်မှာ ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တွေထဲမှာတချို့လည်း ရပ်မိ၊ ရပ်ဖ (၅)ဦးကိုရွေးချယ် တဲ့နေရာမှာ မျှမျှတတဖြစ်ဖို့ဆိုတဲ့ ဆွေးနွေးသွားတာဖြစ်တဲ့ အချက် ကိုလည်း ထည့်သွင်းစဉ်းစား သင့်ပါကြောင်း တင်ပြလိုပါတယ်။

နောက်ဆွေးနွေးလိုတဲ့ အပိုဒ် (၃)ပိုဒ်ကတော့ အခန်း (၄)ခန်းမှာရှိတဲ့ အပိုဒ် (၇)(၈)(၉)ပဲ ဖြစ်ပါတယ်။ ဒီအပိုဒ် (၇)မှာဆိုရင် အပိုဒ်ခွဲ (ဂ)၊ (င)(စ)နဲ့(ဆ)ကို ပြင်ဆင်လိုပြီးတော့ အပိုဒ်ခွဲ (ဇ)နဲ့ (ဈ)ကို ဖြည့်စွက်လိုခြင်းပဲဖြစ်ပါတယ်။ ဒီအပိုဒ် (၇)နဲ့ အပိုဒ် (၈)(၉) ကလည်း သူ့ရဲ့ရွေး ချယ်မှု အပိုင်းမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်နေတာတွေ့ရပါတယ်။ ဒါအပိုဒ်(၈)နဲ့(၉)ကိုလည်း ပြင်ဆင် လိုကြောင်း ကျွန်တော်တင်ပြထားပါတယ်။ ဒါကို တင်ပြရတဲ့ အကြောင်းအရင်းကတော့ ဒီပထမ ပြည်သူ့လွှတ်တော်က အုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့နေရာမှာ လျှို့ဝှက်ရွေးချယ်ရမယ် ဆိုပြီးတော့ တင်ပြထားပါတယ်။ပထမတင်ပြထားတဲ့ ဆယ်အိမ်စုမှူးတွေကတစ်ဆင့် အုပ်ချုပ်ရေးမှူး လောင်းလို့ပဲ ပြောကြပါစို့။ ဒီထဲမှာလည်းကျွန်တော် ဒီစကားလုံးကို သုံးထားပါတယ်။ ဒီစကားလုံး ဝေါဟာရရဲ့ အဓိပ္ပာ ယ်ကိုလည်း အဓိပ္ပာယ်ဖွင့်ဆို သင့် /မသင့် စဉ်းစားပေးဖို့ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးမဖြစ်ခင်မှာ အုပ်ချုပ်ရေးမှူးလောင်း ဆိုတာရှိပါတယ်။ ဒါကိုသူက ပထမဦးဆုံး ရွေးချယ်တာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က တင်ပြတဲ့ အဆင့်မှာ အုပ်ချုပ်ရေးမှူး လောင်းတွေကို ရွေးချယ်တဲ့နေရာမှာလည်း လျှို့ဝှက်စနစ်နဲ့ ရွေးချယ်တယ်။ နောက်တစ်ခါ အတည် ပြုတဲ့ နေရာမှာလည်းတစ်ခါ လျှို့ဝှက်စနစ်ကိုသုံးတဲ့အတွက်ကြောင့် နှစ်ဆင့်ဖြစ်နေပါတယ်။

ဒါကိုလည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကလည်း ဒါတွေကို ပြန်သုံးသပ်ပြီးတော့ တင်ပြထားတာ အင်မတန်ကောင်းတဲ့ အကြံဉာဏ်တွေပါရှိနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းက တင်ပြထားတဲ့ အချက်အလက်တွေမှာ တည်မှီပြီးတော့ အချက်လေးတွေကို ထပ်မံတင်ပြပြီးတော့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ အချက်မှာ လျှို့ဝှက် ရွေးချယ်တဲ့စနစ် ၂ ခုဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီနေရာမှာ အခက်အခဲ ရှိနိုင်ပါတယ်။ အုပ်ချုပ်ရေးမှူးလောင်းကို ရွေးချယ်တဲ့အဆင့်မှာ ဆယ်အိမ်မှူးတွေ ကနေပြီးတော့ အချင်းချင်း ညှိနှိုင်းရွေးချယ်တဲ့ စနစ်ကိုအရင်ယူပြီးမှ ဒီကနေရလာတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမည် စာရင်းနဲ့ ကိုယ်ရေးအချက်အလက် တွေကို မြို့နယ်အုပ်ချုပ်ရေးမှူးကိုတင်ပြ၊ ဒီဥပဒေမှာပါတဲ့ အချက်အလက်တွေနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးတော့ ပြည့်စုံပြီဆိုတော့မှ ဥပဒေနဲ့ ညီတဲ့ ပုဂ္ဂိုလ်တွေကို အုပ်ချုပ်ရေးမှူးလောင်းအဖြစ် စာရင်း သတ်မှတ်ပြီးတော့မှ အားလုံးပါဝင်တဲ့ ရွေးချယ်မှုစနစ်ကို လျှို့ဝှ က်မဲစနစ်နဲ့ ရွေးချယ်ဖို့ တင်ပြ ထားခြင်းပဲ ဖြစ်ပါတယ်။ တင်ပြထားတဲ့ နေရာမှာ ပထမဥပဒေကြမ်းကနေပြီးတော့ ဆွေးနွေး တင်ပြထားတဲ့အချက်မှာ နောက်ထပ် အားလုံးဝိုင်းပြီးတော့ လျှို့ဝှက်မဲစနစ်နဲ့ ရွေးချယ်တဲ့နေရာမှာ ရရှိလာတဲ့မဲစာရင်းကို မကြေညာ သင့်ဘူးလို့ ဆွေးနွေးထားတာရှိပါတယ်။ ဘာဖြစ်လို့ မကြေညာသင့်လဲ ဆိုလို့ရှိရင် တကယ်လို့ ရွေးချယ်လိုက်တဲ့ပုဂ္ဂိုလ် ဟာဥပဒေနဲ့မညီလို့ရှိရင် ပြန်ပယ်တဲ့အခါမှာ ပယ်နိုင်တဲ့အတွက် ကြောင့်မို့လို့၊ အ ခက်အခဲလေးတွေ ရှိတဲ့အတွက်ကြောင့် မို့လို့ တင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကိုလည်း စဉ်းစားပြီးတော့ နောက်တစ်ခ ါ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသက်ဖြစ်တဲ့ ပွင့်လင်းမြင်သာမှု ကိုရှိအောင်ဆိုပြီးတော့ ကြေညာနိုင်အောင် ဒီအုပ်ချုပ်ရေးမှူးလောင်းတွေကို ရွေးတဲ့အခါမှာအစကတည်း ကနေပြီးတော့ မြို့နယ် အုပ်ချုပ်ရေးမှူး ကတင်ပြ၊ သေသေချာချာစိစစ်၊ အားလုံးအရည်အချင်းနဲ့ ပြည့်မီပြီ ဆို တော့မှ အုပ်ချုပ်ရေးမှူးလောင်း အဖြစ်ရွေးချယ်နိုင်အောင် စာရင်းတင်ပြီးတော့မှ အားလုံးကို ရွေးချယ်နိုင်တဲ့ စနစ်မျိုးကို စဉ်းစားပြီး တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြင်ထားတဲ့ အပိုဒ်တွေကို ဖတ်ပြပါ့မယ်။ အပိုဒ်(၇)ပါ၊ အပိုဒ်ခွဲ (ဂ) ဆယ်အိမ်စုတစ်စုတွင် ပါဝ င်သော သက်ဆိုင်ရာ အိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား အချင်းချင်းညှိနှိုင်းရွေးချယ်၍ ရွေးချယ် ခံရသူ၏ အမည်စာရင်းနှင့် ကိုယ် ရေးအချက်အလက်များကို တင်ပြစေရမည်။ (ဃ)ကတော့

မပြင်ဆင်ပါဘူးခင်ဗျား။ (င)မှာပြင်ပါမယ်။ အပိုဒ်ခွဲ (င) ပုဒ်မခွဲ (ဃ) အရပြုစုသည့် အမည်စာရင်းမှာ ဆယ်အိမ်စုကိုယ်စားလှယ် တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ဖြစ်စေ မိမိတို့အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးလောင်းများ အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆို ပြုစေလိုသော ပုဂ္ဂိုလ်၏ အမည်စာရင်းများကို တင်သွင်းစေပြီး ယင်းတို့၏ အမည်စာရင်းကို ပြုစုရမည်။ ဤအပိုဒ်ခွဲ(င)၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းဟု ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ဝင်ရောက်အရွေးခံမည့် ပုဂ္ဂိုလ်များကိုရည်ညွှန်းသုံးနှုန်းထားပါသည်။ ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပြီးဖြစ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်း စကားလုံး၏အနက် အဓိပ္ပာယ်ကိုဖွင့်ဆိုရန် လို /မလိုကို ဥပဒေကြမ်းကော်မတီ က စိစစ်ဆုံးဖြတ်ပေးရန် တင်ပြအပ် ပါတယ်။ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (င)အရ ပြုစုပြီးသော ပုဂ္ဂိုလ်တို့ကို ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ကိုက်ညီခြင်း ရှိ /မရှိ စိစစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမယ်။ ပုဒ်မခွဲ(ဆ) မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (စ)အရ တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်တို့ကို စိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ကြီးကြပ်ရေးအဖွဲ့ထံ ရပ်ကွက် သို့မဟုတ် အုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အတည်ပြု ပေးရမည်။ အကယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး သည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (င)အရ တင်ပြသောအမည်စာရင်းပါ ပုဂ္ဂိုလ်တို့ကိုစိစစ်ရာတွင် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိလျှင်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် ဝင်ရောက်အရွေးချယ် ခံပိုင်ခွင့်ကို ငြင်းပယ်နိုင် သည်။ ပုဒ်မခွဲ(ဇ) အတည်ပြုပေးပြီးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများ အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးကို ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အသက် (၁၈)နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူအား လုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသောမဲစာရင်းကိုရေတွက်၍ အများသိစေရန် ကြေညာရမည်။ ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲ(ဇ)အရ ရရှိသောဆန္ဒမဲအများ၊ အနည်းအလိုက် ရွေးချယ်ရရှိသော ဦးစားပေး အစီအစဉ်ကို ပြုစုပြီး လျှို့ဝှက်ဆန္ဒမဲအများဆုံး ရရှိသော ပုဂ္ဂိုလ်၏ အမည်စာရင်း ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။ နောက် ကျွန်တော်ပ်ဆွေးနွေးမယ့်အပိုဒ်က အပိုဒ် (၈)နှင့် (၉)ပဲ ဖြစ်ပါတယ်။ အပိုဒ် (၈)နှင့်(၉)ကို အောက်ပါအတိုင်းပြင်ဆင်လိုပါတယ်။ ပြင်ဆင်ရတဲ့အကြောင်း

အရင်းကတော့ ရှေ့ပိုင်းမှာဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ပုဒ်မ ၈ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေး အဖွဲ့ကတင်ပြသော ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်ချုပ်ရေးမှူးလောင်းတို့၏ရရှိသော ဆန္ဒအများအနည်းအလိုက်စိစစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ဆန္ဒမဲအများဆုံး ရရှိသူကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။ ပုဒ်မ ၉ ပါတီစုံဒီမိုကရေစီ ပုံမှန်အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီး ရက်ပေါင်း(၉၀) အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ကို ခန့်အပ်တာဝ နှ်ပေးရမည်။ ယင်း၏ သက်တမ်းသည် ပထမ သက်တမ်းမှအပ ယင်းအားစတင်ခန့် ထားသည့်နေ့မှ ၅ နှစ် အထိဖြစ် သည်။ ယင်း၏ တာဝန်ထမ်းဆောင်ခြင်းသည် သက်တမ်း (၃)ကြိမ် ထက်မပိုစေရ ။ ကျွန်တော် တင်ပြတဲ့ အချက်အလက်တွေမှာ တော်တော်များများဟာ အမျိုးသားလွှတ်တော်ဥပဒေကြမ်းရဲ့ အကြံပေး သုံးသပ်ပြချက်များကို မှီငြမ်းပြီး တင်ပြဆွေးနွေးခြင်းဖြစ်ပါကြောင်း ဒီရွေး ချယ်ရတဲ့ အသက်(၁၈)နှစ်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံးကိုပါဝင်စေခြင်းဟာ အကျိုးသက်ရောက်မှု အဖြစ် ဘာရှိလာမလဲဆိုလို့ရှိရင် ကျွန်တော်တို့ ၅ နှစ် တစ်ကြိမ် ၊ ၅ နှစ်တစ်ကြိမ် ရွေးကောက်ပွဲတွေ လုပ်တိုင်းလုပ်တိုင်းမှာ စာရင်းတိကျမှုတွေနဲ့ မှန်ကန်မှုတွေပိုမိုပြီး သက် ရောက်မှုရှိမှာဖြစ်တဲ့ အကြောင်းကို ဆွေးနွေးတင်ပြရင်း ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁း၃၃။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးသွားမှာကတော့ဒီရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ၊ အထက်က ကျွန်တော်တို့ အခန်း (၆) ၊ အပိုဒ် (၁၄) အပိုဒ်ခွဲ(ဂ)အရ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူများအေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်နေထိုင် နိုင်စေခြင်းဆိုတဲ့အပိုဒ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဲဒီနေရာမှာ ရွေးကောက်တင် မြှောက်ပေးတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာ သူ့တာဝန်ပိုင်းဆိုင် ရာမှာ

အခန်း(၇) အပိုဒ်ခွဲ (၁၃)မှာ (က)မှ (ဠ) အထိ အချက်ပေါင်း (၃၂)ချက် ပါပါတယ်။ အဲဒါ လူတစ်ဦး တစ်ယောက်နဲ့ လုပ်ရမယ့်ဟာဆိုတော့ တော်တော်များပါတယ်။ အဲဒီလိုများတဲ့အတွက် ကြောင့် တစ်ခါတစ်လေ ချွတ်ချော်နိုင်သလို တစ်ခါတစ်လေလည်း ဥပဒေကြောင်းအရဆိုမလား၊ လုပ်ပိုင် ခွင့်ရဆိုမလား အာဏာရှင်ဆန်ဆန်လည်း ဖြစ်သွားနိုင်တဲ့အတွက်ကြောင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးကို အပိုင်း (၄)ခုခွဲပြီး ဆွေးနွေးလိုပါတယ်။(က)ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဥက္ကဋ္ဌအဖြစ် ဆယ်အိမ်စုကိုယ်စားလှယ်များပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီတစ်ရပ်ကို ပြန်လည်ဖွဲ့စည်းပြီး ၄င်းမှ ဥက္ကဋ္ဌ၊ ဒု - ဥက္ကဋ္ဌ၊ နောက်အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ တွဲဖက်ဘဏ္ဍာရေး နဲ့ ဆယ်အိမ်စု ကိုယ်စားလှယ် (၆)ဦး ပေါင်း(၁၂)ဦးနှင့် ပေါင်း (၁)ဦး သော်လည်းကောင်း၊ အိမ်ခြေများလို့ရှိရင် (၁၅)ဦး+(၁)ဦးဖြင့် အမှုဆောင်ကော်မတီ၊ အကဲ ဖြတ် ကော်မတီ (EC) တစ်ရပ်ကို ပြန်လည် ဖွဲ့စည်းနိုင်လို့ရှိရင် ကျွန်တော်တို့ ကျေးရွာအုပ်စုမှူးဟာ ပိုပြီးပီပြင် လာမယ်လို့ မြင်ပါတယ်။ နောက် ကျွန်တော်တို့ ဒု-ဥက္ကဋ္ဌဆိုတဲ့နေရာမှာ ဒီအပိုဒ် (၇)၊ (ဆ)မှာ ဦးစားပေးအစီအစဉ်အရ ကျွန်တော်တို့ ကျေးရွာ အုပ်စု၊ အုပ်ချုပ်ရေးမှူးမရှိတဲ့အခါမှာအဲဒီ ကိုယ်စားတာဝန်ယူနိုင်မည့်သူကို ကျွန်တော်တို့ ဒု- ဥက္ကဋ္ဌ နေရာမှာထားသင့်ပါတယ်။ နောက်အပေါင်း(၁)ဦးဆိုတဲ့ကိစ္စကတော့ ဒီကျေးရွာအုပ်စုမှာ တာဝန်ယူ ထမ်းဆောင်နေတဲ့ အစိုးရအမှုထမ်းအုပ်စုစာရေးကို ဆိုလိုပါတယ်။ အရေးအကြောင်းပေါ်လို့ မဲခွဲဆုံးဖြတ်ချက် ရှိလို့ရှိရင် သူကတော့ မဲပေးပိုင်ခွင့်ရှိမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ကျေးရွာအုပ်စုမှူး ပီပြင်သွားဖို့ရာ စုပေါင်း ဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှုနဲ့ လုပ်ကိုင်နိုင်မှသာ အောက်ခြေအခြေခံအကျဆုံးဖြစ်တဲ့ ရပ်ကွက်အုပ်စုမှူးကောင်စီဟာ ကျွန်တော်တို့ ပီပီပြင်ပြင်နဲ့သွားနိုင်မှာဖြစ်ပါတယ်။ နောက်တကယ်လို့ ဆယ်အိမ်စု ကိုယ်စားလှယ်များ (၁၂)ဦး မပြည်စုံပါကလည်း ကျွန်တော်တို့ ရှိသလောက်နဲ့ပဲ ဖွဲ့စည်းလို့ ရပါတယ်။ ကျွန်တော်တို့ တောင်ပေါ် ကျေးရွာမှာဆိုရင် (၁၂)ဦး မပြည့်တဲ့ဟာ တော်တော် များများပါပါတယ်။ ဒါပေမယ့် မြို့ကြီး ၊ ပြကြီးမှာဆိုရင်တော့ ခုန ဒေါက်တာဇညားအောင်မိုး ပြောသလိုပဲ၊ အိမ်ခြေ ၅၀၀၀ တို့ ၁၀၀၀ တို့ ဆိုတဲ့အခါမှာကျတော့ ကျွန်တော်တို့ အဲဒီမှာ တော်တော်လေးကို အခက်အခဲ တွေ့ပါလိမ့်မယ်။ (ခ)အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဆယ်အိမ်စုကိုယ်စားလှယ် (၅၀) အထက်ရှိပါက အုပ်ချုပ်မှု အလုပ်အမှုဆောင် ကော်မတီ အားလုံးက အပါအ ဝင် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲမှုအဖွဲ့၊ ထပ်မံဖွဲ့စည်းဖို့ အယောက် (၄၀)အား

ဖြင့်သော် လည်းကောင်း၊ အယောက် ၃၀ အားဖြင့်သော်လည်းကောင်း ထပ်မံပြီးမှ Board of Management ဆိုတဲ့ BM အဖွဲ့ကို ထပ်မံ ဖွဲ့စည်းဖို့လိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ လူများတဲ့နေရာမှာ ဒီဥပဒေအတိုင်းဆိုရင် တော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး (၁)ယောက်တည်းက နိုင်မှာမဟုတ်တဲ့အတွက်ကြောင့်၊ အားလုံးစုပေါင်းပြီးမှ ရပ်ကွက်ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း၊ ငြိမ် ဝပ်ကြောင်းကို ကျွန်တော်တို့ စုပေါင်းပြီးမှ ဆောင်ရွက်နိုင်မှသာ ရပ်ကွက်အေးချမ်းလာမှာ ဖြစ်ပါတယ်။ နံပါတ် (၀)အနေနဲ့ မိမိရပ်ကွက်၊ ကျေးရွာအတွင်း ဆောင်ရွက်ပြီးစီးမှု နောက်ရှေ့ လုပ်ငန်းစဥ်များ၊ နောက် ရည်မှန်းချက်များကို နှီးနှောတိုင်ပင် ဖလှယ်နိုင်ဖို့ရန်အတွက် ကျွန်တော်တို့ အလုပ်အမှုဆောင်အဖွဲ့သည် (၁)လ၊ (၁)ကြိမ်ကို ဆွေး နွေးပြီးမှ သူတို့ လုပ်ငန်းတွေကို ပြန်လည် သုံးသပ်ရပါမယ်။ ထိုနည်းတူစွာပဲ အုပ်ချုပ်မှု အဖွဲ့ကို သုံးသပ်ပြီး၊ ရှေ့လုပ်ငန်းစဥ်များကို ဘယ်လိုပုံစံနဲ့သွားမယ် ဆိုတာ (၆)လ တစ် ကြိမ် တွေ့ဆုံဖို့ ရှိပါမယ်။ နောက်ဆုံးအနေနဲ့ သင်းလုံးကျွတ်သဘောအနေနဲ့ (၁)နှစ် တစ်ကြိမ် ဆယ်အိမ်စု ကိုယ်စားလှယ် အားလုံး ပါဝင်သော ဆွေးနွေးပွဲကို လည်းပဲ၊ သင်းလုံးကျွတ် အစည်းအဝေးကို လုပ်ဆောင်ရပါမယ်။ အဲဒီအခါ မှာ ရပ်ကွက်တစ်ခုလုံးရဲ့ (၁)နှစ်အတွင်း ဘယ်လိုပုံစံနဲ့ သွားတယ်လိုအပ်ချက်များကို ဘယ်လိုနဲ့ဖြေရှင်းမယ်၊ နောက်လာမယ့် အချိန်အခါမှာ ဘယ်လို ဆောင်ရွက်မယ်ဆိုတာကိုလည်း အားလုံး ဟာ နဖူးတွေ့၊ ဒူးတွေ့ ဆွေးနွေး မှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ အခန်း (၁၃)မှာ ငွေစာရင်းအသုံးစရိတ်လည်း ပါ လာပါတယ်။ အရင်တုန်းကဆိုရင်တော့ ငွေစာရင်းအသုံးစရိတ်ဟာ ရပ်ကွက်မှာ၊ ကျေးရွာမှာမပါပါဘူး။ ဒါပေမယ့် အခုပါလာတဲ့အခ ါမှာ ငွေရေးကြေးရေးအားဖြင့်လည်း ပြဿနာမျိုး ပေါင်းစုံထွက်လာနိုင်ပါတယ်။ အမြင်မကြည်တာလည်း ဖြစ်နိုင်ပါတယ်၊ နောက်တစ်ယောက်နဲ့ တစ်ယောက် မသင်္ကာတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်မို့ ရပ်ကွက်အုပ်ချုပ်ရေး ရုံးရဲ့ ငွေစာရင်း လုပ်ငန်းများ၊ ရုံးလုပ် ငန်းများကို မြို့နယ်စာ ရင်းရုံး ကသော်လည်းကောင်း၊ ဆယ်အိမ်စု ကိုယ်စားလှယ်များထဲကသော်လည်းကောင်း၊ ကိုယ်စားလှယ် ၂ ယောက်ကနေပြီးမှ ၁ နှစ် ၁ ခါလောက် စာရင်းစစ်များ ဝင်ရောက်နိုင်လို့ရှိရင် ကောင်းမယ်လို့ တွေ့မြင်ပါတယ်။အဲလောက်ပဲ ကျွန်တော်ဆွေးနွေးချက် ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁း၃၉။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ ဆွေးနွေးမယ့် ဥပဒေကတော ရပ်ကွက် သို့မဟု တ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေကြမ်းအပေါ်မှာ မူတည် ပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်း၊ အပိုဒ် (၁)ကနေ(၄) အထိ ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့ မရှိပါဘူး။ အခန်း (၃) အပိုဒ်(၅) ကိုတော့ အပိုဒ် (ဂ) ပြင်ဆင်ချင်ပါတယ်။ အဲဒါကတော့ မူလဥပဒေကြမ်းမှာလည်း သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းလို့ ဆိုထားပြီးတော့ ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုတဲ့ အထဲမှာ သင့်တင့်သော ပညာအရည်အချင်းရှိသူ ဖြစ်ခြင်းလို့ ပါပါတယ်။ ကျွန်တော်အနေနဲ့ သင့် တင့်သော ပညာအရည်အချင်းဆိုတဲ့ သတ်မှတ်ချက်ကပြောဖို့ တော်တော်ခက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှ န်ကြားချက်များကို ဖတ်ရှုနားလည် လိုက်နာဆောင်ရွက်နိုင်သော ပညာအရည်အချင်းရှိသူလို့ ဆိုချင်ပါတယ်။ ထပ်ပြီးတော့ ကျွန်တော်အနေနဲ့ ဖြည့်စွက်ရမယ်ဆိုရင်တော့ အမိန့်ညွှန်ကြားချက်များကို ဖတ်ရှုနားလည်လိုက်နာနိုင်သော အနိမ့်ဆုံးသတ္တမတန်းအဆင့်နှင့်ညီသော ပညာအရည်အချင်းရှိသူလို့၊ သတ္တမတန်းဆိုတဲ့ဟာကို ထပ်ပြီးတော့ ဖြည့်စွက်လိုက် ပါတယ်။ နောက်တစ်ခုက အပိုဒ် (ဃ)က စီးပွားရေးအခြေခံရှိသူ ဖြစ်ခြင်းဆိုပြီး၊ မူလဥပဒေကြမ်းမှာ ဆိုထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ စား ဝတ်နေမှု၊ ဖူလုံမှု ရှိသူဖြစ်ခြ င်းလို့ ထည့်ထားပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းအဖွဲ့က၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းရဲ့ ဆွေးနွေးချက်ကို ကျွန်တော်တို့ ဖြန့် ဝေထားခြင်း မရှိတဲ့အတွက် စကားလုံးအသုံး အနှုန်းကို အကုန်မရ ပါဘူး။ ဒါပေမယ့် စား ဝတ်နေမှု ဖူလုံမှုရှိခြင်းဆိုတဲ့ ပြည်သူ့လွှ တ်တော် အတည်ပြု ချက်အတိုင်းပဲ ဆက်လက်ပြီးတော့မှုထားရှိလိုပါတယ်။ နောက်တစ်ခုက အပိုဒ်(င) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ်

ကျေးရွာအုပ်စုအတွင်း အနည်းဆုံး (၁၀)နှစ် နေထိုင်သူဖြစ်ခြင်းဆိုပြီး၊ မူလဥပဒေကြမ်းမှာ ဖော်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေး ရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး (၁၀)နှစ် နေထိုင်လျက်ရှိပြီး၊ လက်ရှိတာ ဝန် ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှ န်တကယ် နေထိုင်မည့်သူ ဖြစ်ခြင်းလို့ ပြင်ဆင်ထားပါတယ်။ ဒါက လက်တွေ့အခြေအနေမှာ တချို့က ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဖြစ်ပြီးတာနဲ့ အဲဒီရပ်ကွက်ကနေ ပြောင်းရွှေ့သွားတဲ့အခါမှာ ဒီတာ ဝန်ကို ထမ်းဆောင်ဖို့ အင်မတန်ခက်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ လွှတ်တော်ကအတည်ပြုတဲ့ လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ် နေ ထိုင်မည့်သူဖြစ်ခြင်းဆိုတဲ့အချက်က လိုအပ် တယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်အတည်ပြုထားတဲ့ အတိုင်းပဲ ဆက်လက်ပြီးတော့မှ ဒီအချက်ကို ထားရှိသင့်ပါတယ်။ နောက်တစ်ခုက အပိုဒ် (ဆ)မှာ၊ အပိုဒ် (ဆ)နဲ့အတူ နေမိသားစု ဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်းဆိုတဲ့ အချက်ကိုလည်း ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်းပဲ ဆက်လက်ထား ရှိစေလိုပါတယ်။ နောက်တစ်ခုက (ဋ) အချက်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်းအဖွဲ့က ဒီအချက်မလိုအပ်ဘူးဆိုပြီးတော့မှ ပယ်ထားတာတွေ့ရပါတယ်။ အမှန်တကယ်တော့ လက်နက်ကိုင်အဖွဲ့အစည်းဝင် မဟုတ်ခြင်းတဲ့ဟာ အထူးပဲ လိုအပ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ နယ်စပ်ဒေသမှာ တာ ဝန်ထမ်းဆောင်နေရတဲ့ တာ ဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အနေအထားအရ၊ ကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူး(၁)ဦးဟာ လက်နက်ကိုင်အဖွဲ့အစည်း ဝင်မဟုတ်ဖို့ ပိုပြီးလိုအပ်ပါတယ်။ ယခင်တုန်းက ပြည်သူ့စစ်ခေါင်းဆောင်လည်းလုပ်တယ်။ ရပ်ကွက်ဥက္ကဋ္ဌ၊ ကျေးရွာဥက္ကဋ္ဌလည်းလုပ်တယ်ဆိုလို့ရှိရင် သူ့သြဇာသက်ရောက်မှုဟာ ပိုပြီးမှ ကြီးမားလာပြီးတော့မှ၊ တ ချို့ ဥပဒေနဲ့မညီညွတ်တဲ့ အာဏာရှင်ဆန်တဲ့ အုပ်ချုပ်ရေးမှူးတွေ ဖြစ်သွားတဲ့ဟာတွေ တွေ့ပါတယ်။ အဲဒီအပြင် အခုပိုမိုပြီးတော့မှသတိပြုရမှာက ပြည်သူ့စစ်တပ်ဖွဲ့တွေဟာ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ကွပ်ကဲမှုအောက်မှာပဲရှိတဲ့အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သပ်သပ်၊ ပြည်သူ့စစ်ခေါင်းဆောင်သည် သပ်သပ်ရှိနေတာက ပိုကောင်းပါတယ်။ ဒီလက်နက်ကိုင် အဖွဲ့အစည်း ဝင်မဟုတ်ခြင်း ဆိုတဲ့ဟာကို မထည့် ထားဘူးဆိုလို့ရှိရင် အခုကျွန်တော်တို့တချို့ ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့အစည်းတွေရှိပါတယ်။ အဲဒီအဖွဲ့အစည်းတွေထဲမှာမှ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ

ဥပဒေကို လက်မခံနိုင်သေးလို့၊ နယ်ခြားစောင့်တပ်ကို လက်မခံသေးဘဲနဲ့ ရှိနေတဲ့ အဖွဲ့အစည်းဝင်တွေ ရှိပါတယ်။ အဲဒီအဖွဲ့ အစည်း ဝင်တွေဟာ ဒီရပ်ကွက် အုပ်ချုပ်ရေးမှူးနေရာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနေရာမှာ ဝင်ပါလို့ အရွေးခံလို့ မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီကိစ္စသည် လက်နက်ကိုင်အဖွဲ့အစည်းဝင် မဟုတ်ခြင်းဆိုတာ ထည့်သွင်းထားမှ ဖြစ်မယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

နောက်တစ်ခုထပ်ပြီး ဖြည့်စွက်ချင်တာကတော့ မူးယစ်ဆေး ဝါး ကင်းစင်သူဖြစ်ပြီး၊ မူးယစ် ဆေး ဝါးအန္တရာယ်ကို ကာကွယ်တားဆီးလိုသူဖြစ်ခြင်း ဆိုတဲ့အချက်ကို ထပ်ဖြည့်ချင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ဇယားနဲ့ တင်ပြထားတဲ့အထဲမှာ မူးယစ်ဆေး ဝါးကင်းစင်သူဖြစ်ပြီး၊ မူးယစ်ဆေးဝါးတားဆီးလိုသူဖြစ်ခြင်းဆိုတဲ့ အနေအထားမျိုးရေးထားပါတယ်။ ဒီထက်ပိုပြီးတော့မှ ဆီလျော်အောင် အန္တရာယ်ကိုကာကွယ်တားဆီးလိုသူဖြစ်ခြင်းဆိုတဲ့ဟာကို ကျွန်တော်ထည့်ထားတာဖြစ်ပါတယ်။ ဒါဘာကြောင့်လည်းဆိုတော့ ကျွန်တော်ခွင့် (၉)ရက်ပြန်တဲ့အချိန်မှာ ကျွန်တော် မဲဆန္ဒနယ်ကျေးရွာတွေအဆင့်အထိ ရောက် ခဲ့ပါတယ်။ တချို့ကျေးရွာတွေ မှာ ကျွန်တော်တို့ကရင်ပြည်နယ်မှာ မူးယစ်ဆေး ဝါးနဲ့ပတ်သက်ပြီးတော့မှ ဘိန်းဖြူတို့၊ ဘိန်း မဲတို့ အသုံးမပြုသော်ငြားလည်းဘဲ၊ ရားမားလို့ ခေါ်တဲ့ စိတ်ကြွဆေးတစ်မျိုးကို တော်တော်သုံးစွဲနေတာကို တွေ့ရှိရပါတယ်။ အဲဒီဟာတွေကို အချို့ရပ်ကွက်အုပ်ချု ပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင်က လစ်လျူရှုနေပြီးတော့မှ တားဆီးကာကွယ်မှု မပြုတဲ့အတွက် ရှေ့မှာဆိုး ဝါးတဲ့အန္တရာယ်တွေ ရှိလာနိုင်တဲ့ အနေအထားတွေ တွေ့ရှိတဲ့အတွက် ဒီအချက်ကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူး အရည်အချင်းမှာ ထည့်သွင်းသင့်တယ်လို့ ထင်ပါတယ်။ ဒါ ကြောင့်မို့လို့ ဒီအချက်ကို ကျွန်တော် ထပ်ပြီးတော့ ဖြည့်စွက်တာ ဖြစ်ပါတယ်။ နောက်တစ်ခါ အပိုဒ် (၆)၊ အဲဒီအပိုဒ်(၆)မှာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင် ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများကြည်ညိုလေးစားပြီး သြဇာတိက္ကမ ရှိသည့် ရပ်မိရပ်ဖ (၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်လို့ ပါရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးတဲ့အခါမှာ ဒီ (၅)ဦး ကော်မတီဟာ အဓိက ကျပါတယ်။ ဒါ ကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ပြင်ချင်တာကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ်

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာ ဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော အောက်ပါ အရည်အချင်းနှင့်ပြည့်စုံသည့် ရပ်မိ ရပ်ဖ (၅)ဦးကို ရွေးချယ်၍၊ ကြီးကြပ်ရေးအဖွဲ့ အဖြစ်တာ ဝန်ပေးအပ်ရမည်။ (က) အများ ကြည်ညိုလေးစားပြီး၊ သိက္ခာသမာဓိရှိသူ၊ ဒီနေရာမှာ ခုနတုန်းကတော့ ဇယားထဲမှာ ဩဇာတိက္ကမ ရှိသူလို့ ရေးထား ပါတယ်။ ခုနတုန်းက လွှတ်တော်ကို ယ်စားလှယ်ဦးစိုင်းသန်းနိုင် ဆွေးနွေးသွားတဲ့ အပေါ်မှာ မူတည်ပြီးတော့ သိက္ခာ၊ သမာဓိရှိသူမျိုးလို့ ကျွန်တော် ပြန်ပြင်ချ င်ပါတယ်။ နောက် (ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၅)နှစ်နေထိုင်လျက်ရှိသူ၊ တချို့က ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းမှာ နေပါတယ်။ ဒါပေမယ့် နေပြီးတော့မှ ထွက်သွားလိုက်၊ မြို့မှာ နေပြီးတော့မှ ရွာပြန်လာလိုက်၊ အဲဒီပုဂ္ဂိုလ်မျိုးတွေဟာ အထိုက်အလျောက်တော့ ကျေးရွာ မှာ ဩဇာရှိပါတယ်။ သို့သော်ငြားလည်း အဲဒီပုဂ္ဂိုလ်မျိုးတွေဟာ ကျေးရွာထဲမှာ ထ်ဆက်တစ်စပ်တည်း မရှိတဲ့အခါမှာ သူတို့ရဲ့ဩဇာသက်ရောက်မှု အနေအ ထားနဲ့ သူတို့ရဲ့ဒီကျေးရွာ အနေအထားကို ကောင်းကောင်းမွန်မွန်သေသေချာချာ မသိဘဲနဲ့ အဲဒီပုဂ္ဂိုလ်မျိုးတွေ ပါထပ်ထည့်လိုက် လို့ရှိရင် ရွေးချယ်တဲ့ နေရာမှာ အခက်အခဲတွေရှိနိုင်ပါတယ်။

နောက်တစ်ခုကတော့ အပိုဒ် (ဂ) နိုင်ငံရေးပါတီတစ်ခုခုမှာ ပါတီဝင်မဟုတ်သူ၊ ဒီ (၅)ဦး ရွေးချယ်ရေး၊ အဖွဲ့ (၅)ဦးထဲမှာပါတဲ့ ပုဂ္ဂိုလ်ဟာ နိုင်ငံရေး ပါတီတစ်ခုခုကနေ ပါတီဝင် မဟုတ်သူ ဖြစ်မှသာလျှင် ပါတီစွဲကင်းရှင်းမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင်းမို့လို့ ပါတီတစ်ခုခုမှ ပါတီဝင်မဟုတ်သူဆိုတဲ့ အပိုင်းကို ကျွန်တော်ထည့်ချင်ပါတယ်။ နောက်အပိုဒ် (ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုသည်၊ အပိုင်း (၄)ပိုင်း၊ ကျေးရွာ (၄)ရွာထက်မနည်းသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖြစ်ပါက၊ အပိုင်း (၁)ပိုင်း၊ ကျေးရွာတစ်ရွာတည်းမှ (၁)ဦး ထက်ပိုသော သူ မဖြစ်စေရ၊ ကျွန်တော်ဆိုလိုတဲ့ သဘောက တချို့ကျေးရွာအုပ်စုတွေမှာ ကျေးရွာအုပ်စု (၅)ခု၊ (၉)ခု ဒီလိုရှိပါတယ်။ အဲဒီလိုရှိပေမယ့်လည်း တချို့ကရွာငယ်ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျေးရွာ ကြီးကပဲ ခုနတုန်းက (၅)ဦး ကော်မတီကို (၅) ယောက်စလုံး ရွေးချယ်ပြီးတော့မှ တာ ဝန်ပေးမယ် ဆိုရင်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးကလည်း အဲဒီတစ် ရွာတည်းကပဲ ရပြီးတော့မှ၊ အဲဒီတစ်ရွာ တည်းကပဲ လွှမ်းမိုးမှာဖြစ်တဲ့အတွက် မျှတတဲ့ အနေအထားမျိုး ဖြစ်အောင် အုပ်စုထဲမှာ ပါ ဝင်တဲ့ ကျေးရွာအားလုံး၊ ရပ်ကွက်ထဲမှာပါ ဝင်တဲ့ အပိုင်းအားလုံးကနေပြီးတော့မှ စုပေါင်းပါ ဝင်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်စေချင်လို့ ဖြစ်ပါတယ်။ နောက်အပိုဒ် (င) ကြီးကြပ်ရေး အဖွဲ့နဲ့ပတ်သက်ပြီးတော့မှ

အပိုဒ်(ဂ)မှာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်၊ အချင်းချင်း ညှိနှိုင်းရွေးချယ်၍ ဆိုတဲ့ စကားရပ်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်၊ လျှို့ဝှက်ဆန္ဒမဲပေး၍ ဆိုတဲ့နေရာမှာ ကျွန်တော့် အနေနဲ့ အချင်းချင်းညှိနှိုင်းရွေးချယ်၍ဆိုတဲ့ မူလ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကိုပဲ ကျွန်တော် တင်ပြချင်ပါတယ်။ ဘာကြောင့်လည်းဆိုတဲ့ အခါကျတော့ ဆယ်အိမ်မှူးတွေသည်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးလောင်းများဖြစ်သော်ငြားလည်းပဲ ဒီဆယ်အိမ်မှူးတွေဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူး အရွေးမခံရတော့ဘူးဆိုလို့ရှိရင် ဆယ်အိမ်မှူးအဖြစ် ဆက်လက်ကျန်ရှိမှာ ဖြစ်ပါတယ်။ တချို့ ကျေးရွာမှာ ဆွေမျိုးအသိုင်းအဝိုင်းလည်းတောင့်တင်းတယ်၊ ငွေကြေးလည်း တောင့်တင်းတယ်၊ ဩဇာလည်းရှိတယ်၊ သီလသမာဓိလည်း ရှိတယ်။ သို့သော်ငြားလည်းပဲ ဆယ်အိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးလုပ်ဖို့ ဆန္ဒမရှိတဲ့ ပုဂ္ဂိုလ်များလည်းပဲ ရှိပါတယ်။ အဲဒီအခါမှာ လျှို့ဝှက်ဆန္ဒမဲနဲ့ ပေးမယ်ဆိုရင် အားလုံးက သူ့ကို ထည့်ကြမှာ ဖြစ်ပါတယ်။ အဲလို ထည့်ပြီဆိုတဲ့ အခါကျလို့ရှိလျှင် မလုပ်လိုသူသွားထည့်မိလို့ရှိလျှင် အခါကျတော့ရှိလျှင် ကျွန်တော်တို့ လုပ်ကိုင် ရတာခက်ပါလိမ့်မယ်။ အချင်းချင်း ဆယ်အိမ်ထဲဖြစ်တဲ့အတွက် ညှိနှိုင်းရွေးချယ်လိုက်တာက ပိုပြီးတော့ သဘာ ဝကျလိမ့်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့ အချင်းချင်း ညှိနှိုင်းရွေးချယ်၍ ဆိုတဲ့ မူလဥပဒေကြမ်းအတိုင်းပဲ ကျွန်တော်တို့ ဖြစ်စေချင်ပါတယ်။ နောက် အပိုဒ် (စ) မှာတော့ ရရှိသောမဲစာရင်းကို ရေတွက်ကြေညာရမည်လို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားပါတယ်။ အဲဒီပြည်သူ့ လွှတ်တော်က အတည်ပြုထားတဲ့အတိုင်းပဲ ဖြစ်စေချင်ပါတယ်။ ရရှိတဲ့ ဆယ်အိမ်မှူး တစ်ဦးချင်းစီရရှိတဲ့ မဲစာရင်းအရေအတွက်ကိုတော့ ကြေညာသင့်ပါတယ်။ ကြေညာမယ်လို့ ဆိုလို့ရှိလျှင်တော့ ဒီမဲစာရင်းအပေါ်မှာ ပြင်ဆင်ခြင်း၊ ဒီမဲစာရင်းကို ကျွန်တော်တို့ပယ်ဖျက်လို့ မရပါဘူး။ မကြေညာထား ဖူးဆိုလို့ရှိရင် မဲစာရင်းကို မကြေညာဘဲ ယူသွားပြီးတော့မှ မဲစာရင်းကို အတည်ပြုမယ် ဆိုလို့ရှိလျှင် အဲဒီမှာပြင်ဆင်တာတွေ ရှိလာနိုင်တဲ့အတွက် ကျွန်တော်တို့ ဒီမဲစာရင်းကို ရေတွက်ပြီးတော့မှ ကြေညာလိုက်တာ အကောင်းဆုံးဖြစ်မယ်လို့ ယူဆလို့ ဖြစ်ပါ တယ်။ နောက်အပိုဒ် (ဆ) ပုဒ်မခွဲ(စ)အရ ရွေးချယ်ရရှိသော ဦးစားပေး အစီအစဥ်ကို ပြုစုပြီး၊ လျှို့ဝှက်ဆန္ဒမဲအများဆုံး ရရှိသောပုဂ္ဂိုလ်၏ အမည်စာရင်း၊ ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော် ကတော့ ပြင်ဆင်ချက်မရှိဘဲနဲ့ အတည်ပြုပါတ ယ်၊ ကျွန်တော့်အနေနဲ့ကတော့ ပုဒ်မခွဲ (စ)အရ ရွေးချယ်ရရှိသော ဦးစားပေး အစီအစဥ်ကိုပြုစုပြီး လျှို့ ဝှက်ဆန္ဒမဲ အများဆုံးရရှိသော ပုဂ္ဂိုလ်

(၃)ဦး၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက် တို့ကို မြို့နယ် အုပ်ချုပ်ရေးမှူးထံတင်ပြရမည်လို့ ကျွန်တော်ပြင်ဆင်ချင်ပါတယ်။ ဘာကြောင့် (၃)ဦးနဲ့ ပြင်ဆင်ချင်တယ်ဆိုရင် မဲအများဆုံးရတဲ့သူဟာ ခုနဆွေးနွေးသွားကြတာရှိပါတယ်။ အုပ်ချုပ်ရေးမှူး မရွေးခင်မှာ ဆယ်အိမ်မှူးတွေကို ကြို မရွေးခင်မှာ ဆယ်အိမ်မှူး တွေရဲ့ ကိုယ်ရေးရာဇဝင်တွေကို ပြုစုပြီးတော့မှ အုပ်ချုပ်ရေးမှူးက အရင်စိစစ်ရမယ် ဆိုလို့ရှိရင် သိပ်ပြီးတော့ များလွန်းအားကြီးပါတယ်။ သိပ်များတာဖြစ်တဲ့အတွက် ဘယ်လိုမှ အဲဒီ လောက် အသေးစိတ် ဆယ်အိမ်မှူးတွေကို အုပ်ချုပ်ရေးမှူး လောင်းအဖြစ်နဲ့ စိစစ်ဖို့ဆိုတာခက်ပါလိမ့်မယ်။အဲဒါကြောင့်မို့လို့ ရွေးချယ်ပြီးတော့မှသာ ရွေးချယ်လို့ရတဲ့ အထဲက နေပြီးတော့မှ မဲအများဆုံး ရတဲ့ (၃)ဦးကို ရွေး လိုက်လို့ရှိရင်တော့ (၁)ယောက် အုပ်ချုပ်ရေးမှူး အရည်အချင်းပျက်ကွက်ရင်၊ဒုတိယမဲအများဆုံးရတဲ့သူဟာအုပ်ချုပ်ရေးမှူး ဖြစ်ပါမယ်။ အဲဒီလိုပဲ ကျွန်တော်တို့ (၃)ဦး လောက်တော့ ရွေးသင့်တယ်ဆိုတာက (၁)ယောက်ပယ်လိုက်ရတယ်ဆိုရင် (၂)ယောက်ကျန်မယ်။ ဒုတိယတစ်ယောက်ကတော့ မရှိမဖြစ်လို အပ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးမှူးရာထူးကနေပြီးတော့မှ သူ့ကို ဖယ်ရှားခံရတဲ့ အခါမှာ ဒုတိယမဲအများဆုံးရတဲ့သူက ခေတ္တအုပ်ချုပ်ရေးမှူးတာဝန်ကို ဆက်လက်ထမ်းဆောင်ရမယ် ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေထပ်ပြီးတော့မှ အပိုဒ်မှာ ပါရှိပါတယ်။ ဒါကြောင့်မို့လို့ အနည်းဆုံး (၃)ဦးရဲ့ အမည်စာရင်း၊ ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချု ပ်ရေးမှူးထံ တင်ပြရမယ် ဆိုလို့ ရှိရင်တော့ (၃)ယောက်ရွေးချယ်ထားပြီးဖြစ်တဲ့အတွက် အမည်စာရင်းတွေလဲ တင်ပြထားပြီး သူတို့ကိုလည်း စိစစ်ထားပြီးဖြစ်တဲ့အတွက် လုပ်ရကိုင်ရတာ ကျွန်တော် တို့ လွယ်ကူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အပိုဒ် (၈)မှာလဲ မြို့နယ် အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်ကိုစိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်ဆိုတဲ့ စကားရပ်အစား ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကတော့ ပြင်ဆင်ချက်မရှိပါဘူး။ ကျွန်တော်အနေနဲ့ ကျွန်တော်တို့ တစ်ယောက်အုပ်ချုပ်ရေးမှူး အရည်အချင်းပျက်ကွက်လို့ရှိရင် ဒုတိယမဲအများဆုံး ရတဲ့လူက အုပ်ချုပ်ရေးမှူး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြင်ဆင်ချင်တာကတော့ ပုဒ်မ ၈ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်များကို စိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက မဲအများဆုံးရရှိသည့်ပုဂ္ဂိုလ်ကို

ခရိုင်အုပ်ချုပ်ရေးမှူးအတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည် ကျွန် တော်တော့ ခုနက တင်လိုက်တဲ့ (၃)ဦးထဲကမှ အရည်အချင်းပြည့်စုံလို့ မဲအများဆုံးရတဲ့လူကို ရွေးချယ်ဖို့အတွက် တင်ပြတာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၁၃မှာ (ဋ) အပိုဒ်ဖြစ်ပါတယ်။ (ဋ) အပိုဒ်မှာ ကျွန်တော်တို့ မူလဥပဒေကြမ်းမှာ အများပြည်သူဆိုင်သောနေရာတွင်လို့ ဆိုထားပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ် အတွင်းမည်သည့်နေရာတွင်မဆို လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူ ရန် အကြောင်း ကြားခြင်း၊ ဆိုပြီးတော့မှ ကျွန်တော်တို့ပြင်ဆင်အတည်ပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ မည်သည့် နေရာတွင်မဆိုဆိုတဲ့စကားရပ်ကိုတော့ အသုံးမပြုစေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရှာဖွေဝရမ်းတို့၊ ဖမ်းဝရမ်းတို့ ဆိုတာရှိပါတယ်။ မည်သည့်နေရာတွင်မဆို ဆိုလို့ရှိရင် ဘယ်သူ့အိမ်မှာပဲဖြစ်ဖြစ်၊ဘယ်သူ့အိပ်ခန်းထဲဖြစ်ဖြစ် အချိန်မရွေးသတင်းရတယ်၊ လောင်းကစား တာလုပ်နေတယ် ဆိုပြီးတော့မှ ချက်ချင်းဝင်ပြီးတော့မှ ဒီလိုဖမ်းဆီးတာမျိုး မသင့်တော်တဲ့နေရာ တွေမှာ ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း ဆိုတာနဲ့ အကုန်လုံး ဘုန်းကြီး ကျောင်းဝင်းထဲ အတွင်း၊ စာသင်ကျောင်းအတွင်းပြီးလို့ရှိရင် ကျွန်တော်တို့ အလုပ်ရုံ၊ ဌာနရုံ အတွင်း အဲဒီလိုနေရာ တွေမှာပါအကုန်လုံးပါသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ နဂိုမူလ ဝန်ကြီးဌာနရဲ့ အဆိုပြုချက် အတိုင်းပဲ အများပြည်သူ ဆိုင်ရာ နေရာတွင်ဆိုတဲ့ စကားရပ်အတိုင်းပဲ ဆက်လက် ပြီးတော့ မှ ရှိစေချင်ပါတယ်။ ရှိ စေချင် ပြီးတော့မှ ကျွန်တော်တို့ (ဌ) အပိုဒ် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ရှာဖွေရန် ဝရမ်းထုတ်ခြင်းဆိုသည်မှာ အဲဒီအပိုဒ်နဲ့ပတ်သက် လို့လည်း ခုနဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ကျွန်တော် တို့ လေ့လာကြည့် ပါတယ်။ ရှာဖွေဝရမ်း ထုတ်ပေးခြင်းဆိုတာ ကျွန်တော် သိ သလောက်ကတော့ တရားရုံးနဲ့ ပြည်သူ့ ရဲတပ်ဖွဲ့မှာသာ သူ့အဆင့်နဲ့ သူရှိတာဖြစ်ပြီး တော့မှ ဒီအခြေနေမျိုးကို ရပ်ကွက် အုပ်ချုပ်ရေးမှူး အဆင့်ကို ဝရမ်းထုတ်ခွင့်ပေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ တော်တော် စဉ်းစားစရာ ဖြစ်မယ်လို့ ထင်ပါတယ်။ ဥပ ဒေကြောင်းနဲ့ပတ်သက်လို့ ဥပဒေပညာရှင် မဟုတ်တဲ့အတွက် ကျွန်တော် အဲလောက်အထိတော့ နားမလည်ပ ါဘူး။ လေ့လာမိသလောက် ဥပဒေပညာရှင် တွေနဲ့ လေ့လာ ဆွေးနွေးမိသလောက်တော့ ဝရမ်းထုတ်ပေးနိုင်တဲ့ အဆင့်ကို ကျွန်တော်တို့ ရပ်ကွက်

အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်  ရေးမှူးကိုတော့  ပေးမထားသင့်ဘူးလို့ ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့(ဃ) အပိုဒ်ကို ပယ်ဖျက်ချင်ပါတယ်။

နောက် အခန်း (၁၁)၊ အပိုဒ်  ၂၅ မူလဥပဒေမှာ ကျွန်တော်တို့ ဧည့်စာရင်းတိုင်ကြားခြင်းနဲ့ပတ်သက်ပြီးတော့ ဧည့်စာရင်းမတိုင်ကြားဘူးဆိုရင် ဒဏ်ငွေ  ၁၀၀၀၀/- ဒဏ်ရိုက်ခွင့်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ပေးထားပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကတော့ အပိုဒ် (၂၅၊၂၆၊၂၇၊၂၈၊၂၉၊၃၀) တို့ကို ပယ်ဖျက်ရန်ဆိုပြီးတော့ ပါပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး(၁)ဦး ဖြစ်တဲ့အတွက် ထိုက်သင့်သော အခွင့်အာဏာနဲ့ လုပ်ပိုင်ခွင့်ကို ပေးထားဖို့တော့ လိုအပ်တယ်လို့ထင်ပါတယ်။ ဒီအပြင် ဧည့်စာရင်းမတိုင်တဲ့ကိစ္စနဲ့ ကျွန်တော်တို့ တရားရုံးထိသွားပြီးတော့မှ တရားရုံးမှာချိန်းဆိုတာ ဒဏ်ရိုက်တာ အဲဒီလိုမျိုး ဖြစ်တယ်ဆိုရင် ပြည်သူလူထုအနေနဲ့လည်း အပန်းကြီးမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မလို့ အဲဒီလောက်ကိစ္စကိုတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး က ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ငွေကြေးအားဖြင့်  ၁၀၀၀၀/-  ဆိုတဲ့ငွေကြေးဟာ များတယ်လို့ယူဆပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကလည်း ဒဏ်ငွေ ၅၀၀၀/- လို့ ဟိုနေ့ကဆွေးနွေးသွားတာ ကြားလိုက်ပါတယ်။ ကျွန်တော်ကတော့ ၁၀၀၀၀/- ဆိုတဲ့ဟာကို ၅၀၀၀/-နဲ့ အစား ထိုးပြီးတော့မှ မူလပြဋ္ဌာန်းတဲ့ ကျပ်အတိုင်းပဲ ပုဒ်မ ၁၇ ၊ အပိုဒ် ၂၅ ကို ဆက်လက်ပြီးတော့မှ ထားရှိစေလိုပါတယ်။ အပိုဒ် ၂၆ လည်း အလားတူဖြစ်ပါတယ်။ အပိုဒ်  ၂၇ လည်း အလားတူဖြစ်ပါတယ်။ အဲဒီ အပိုဒ်တွေ ထားရှိတဲ့အတွက် (၂၈၊ ၂၉၊ ၃၀)ဟာလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ မူလဝန် ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်း ဆက်လက်ထားရှိ သင့်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ အခန်း(၁၂) ပုဒ်မ ၃၁၊ ၃၂၊ ၃၃၊ ၃၄ ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ၎င်းပုဒ်မတွေကို ကျွန်တော်တို့ ပယ်ဖျက်ထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မူလဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းပဲ ဆက်လက်ထားရှိဖို့အတွက်ပဲ တင်ပြလိုပါတယ်။

ပုဒ်မ ၃၅၊ ၃၆ မှာ သက်ဆိုင်ရာ တရားသူကြီးကဆိုတဲ့ စကားရပ်အစားကို ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာတရားရုံးကလို့ ဆိုထားပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်အတိုင်း သက်ဆိုင်ရာတရားရုံးကဆိုတဲ့အတိုင်းပဲ ဆက်လက်ပြီးတော့မှ အတည်ပြုစေချင်ပါတယ်။ နောက်အပိုဒ်  ၃၈၊ ၃၉ ကိုလည်း မူလ ဝန်ကြီးဌာန အဆိုပြုချက်အတိုင်းပဲ ဆက်လက်

ပြီးတော့မှ ကျွန်တော့်အနေနဲ့ ထားရှိလိုပါတယ်။ နောက်တစ်ခုက အခန်း (၁၆)အုပ်စု စာရေးရဲ့ တာဝန်ဝတ္တရားတွေနဲ့ ပတ်သက်လို့လည်း ဒါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးဥပဒေ ဖြစ်ပါတယ် ။ ကျွန်တော်တို့ အဲဒီဥပဒေတွေနဲ့ သက်ဆိုင်တဲ့ ပါဝင်ရမယ့် သူ၊ ပုဂ္ဂိုလ်အားလုံးရဲ့ လုပ်ငန်းတာဝန်တွေဟာ ဒီဥပဒေမှာပါဝင်သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါ့ကြောင့်မို့လို့ အုပ်စုစာရေးရဲ့ တာဝန်၊ ရဲတပ်ဖွဲ့စခန်းရဲ့ ကူညီပံ့ပိုးမှုတွေကလည်း ဒီအတိုင်းပဲ ရှိသင့်ပါတယ်။ ဒါ ကြောင့်မို့လို့ ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း အခန်း (၁၆)နဲ့ အခန်း(၁၇)ကို မူလအတိုင်းပဲ ဆက်လက်ထားရှိသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေး တင်ပြလိုပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြချင်တာကတော့ ဒီလောက်ပါပဲ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ** ။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်အစည်းအဝေး ခေတ္တရပ်နားပါ့မယ်။ ၂း၃၀ အချိန်မှာ ပြန်လည်စတင် ကျင်းပပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီ။

**အချိန်၊ ၂း၃၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျားအစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေလို့ဆုတောင်းရင်း ကျွန်တော်ဒီနေရာက အရှိအသေပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ဖြစ်ပါတယ်။ အခု ရပ်ကွက် သို့မဟုတ် ကျေး ရွာအုပ်စု၏ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကပြင်ဆင်မှုနဲ့ တင်ပြလာတဲ့ ဥပဒေကြမ်းကို ကျွန်တော် အကြမ်းဖျင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။ အကြမ်းဖျင်းဆွေးနွေးဖို့ဖြစ်ပါတယ်ဆိုတဲ့နေရာမှာ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့လွှတ်တော်ကနေ မူလဝန်ကြီးဌာနက တင်ပြလိုက်တဲ့ ဥပဒေကြမ်းနဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကနေ ပြင်ဆင်လိုက်တဲ့အခါမှာ မူလဝန်ကြီးဌာနက တင်ပြလိုက်တဲ့ အခန်းပေါင်း (၁၇)ခန်းရှိပြီးတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်လိုက်တဲ့အခါမှာ အခန်းပေါင်း (၁၅) ခန်း ဖြစ် လာတာ တွေ့ရပါ တယ်။ နောက်ပြီးတော့ ဝန်ကြီးဌာနကတင်ပြတဲ့ဥပဒေထဲမှာ ပုဒ်မပေါင်း ၄၆ ခု ရှိပြီးတော့ ပြည်သူ့လွှတ်တော်ကနေ ပြီးတော့ ပြင်ဆင်လိုက်တဲ့အခါမှာ ပုဒ်မ ၃၇ ကို ပြင်တာတွေ့ရပါတယ်။ ဒီဟာဘာသဘောလဲ ဆိုလို့ရှိရင် ဥပဒေအရ သိပ်သိပ်သည်းသည်း ရှိတယ်လို့ပဲ ယူဆရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ဒီပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်တွေထဲမှာ ဘာကိုတွေ့ရသလဲ ဆိုရင် နံပါတ် (၁) အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကို သီးခြားခွဲခြားပြတာကို တွေ့ရပါတယ်။ ပထမဝန်ကြီးဌာနကတင်ပြလိုက်တဲ့အထဲမှာ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဟာ ရောထွေး နေတယ်လို့ ထင်ပါတယ်။ ပြည်သူ့လွှတ်တော်ကပြင်ဆင်လိုက်တဲ့ အတွက်ကြောင့် ဒီအုပ်ချုပ်ရေး နဲ့ တရားစီရင်ရေးဟာ သီးခြားကွဲပြားမှုမရှိတာတွေ့ရပါတယ်။ နောက်တစ်ခုက ဘဏ္ဍာရေးသုံးစွဲမှုနဲ့ အကောက်ခွန် ပိုင်းဆိုင်ရာကိစ္စတွေမှာလည်းပဲ ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ပြင်ဆင်လိုက်တဲ့အတွက်ကြောင့် သူ ဟာနဲ့သူ နည်းနည်း သေသေသပ်သပ် ဖြစ်လာတယ်လို့ တွေ့ရတဲ့အတွက်ကြောင့် အက်မတန် ဝမ်းသာစရာကောင်းတဲ့ကိစ္စပါ။ ဒါပေမယ့် ကျွန်တော် ဒီနေ့ ပြန်ကြည့်တဲ့အခါမှာ ကျွန် တော့်အမြင်အားဖြင့် ပြင်ဆင်စရာလေးတွေ တစ်ခု၊ နှစ်ခုရှိတာ တွေ့ရပါတယ်။ ဒါဘာလဲဆိုလို့ရှိရင် အပိုဒ် (၅)မှာ အုပ်ချုပ်ရေးမှူး တစ်ယောက်ရဲ့ အရည်အချင်းထဲမှာ အသက်(၂၅)နှစ် ဒီအသက်ဟာဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြည့်တဲ့ အခါမှာလည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယာက်ဟာအသက်(၂၅)နှစ်ရှိရင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အမြင်နဲ့ အရွေးခံဖို့အတွက် သတ်မှတ်ပေးတာ ရှိပါတယ်။ သို့ သော် ရပ်ကွက်ထဲမှာ ရပ်ရွာထဲမှာ ကျေးရွာအုပ်စုထဲမှာ အုပ်ချုပ်တဲ့အခါမှာ ဒီအုပ်ချုပ်ရေးမှူးဟာ အသက်အရွယ်

အားဖြင့် အတော်အတန်ရှိဖို့ လိုအပ်ပါတယ်။ ဒါ့အတွက်ကြောင့် အပိုဒ် ၅ (ခ)ပါ ပြဋ္ဌာန်းထားတဲ့ အသက်(၂၅)နှစ်အစား ကျွန်တော်ကတော့ (၃၅)နှစ်လောက် ပြောင်းသင့်တယ်လို့ ကျွန် တော် အဆိုပြုချင်ပါတယ်။ ပြင်ဆင်ပေးချင်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးဌာနက တင်ပြ တဲ့အထဲမှာ စီးပွားရေးအခြခံရှိသူဖြစ်ခြင်းဆိုတဲ့ စကားအစား ပြည်သူ့လွှတ်တော်ကနေပြီးတော့ စားဝတ်နေ ရေး ဖူလုံသူဖြစ် ခြင်းဆိုတာကို ပြင်ဆင်ထားတာတွေ့ ရပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ကနေ ပြင်ဆင် ထားတဲ့ပြင်ဆင်ချက်ကိုကျွန်တော်က အတည်ပြုထောက်ခံ ပါတယ်။ နောက်တစ်ခု က ဝန်ကြီးဌာနကတင်ပြတဲ့ ပုဒ်မအပိုဒ် ၅(င)မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး (၁၀)နှစ် တိုင်နေထိုင်လျက်ရှိသူ ဖြစ်ခြင်းဆိုတာ တင်ပြအပ်ပါတယ်၊ ဒါပေမယ့် အဲဒါကို ပြည်သူ့လွှတ်တော်က ခွဲလိုက်တဲ့အခါမှာ နေထိုင်လျက်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်ရင်းနဲ့ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်မည့်သူဖြစ်ကြောင်းဆိုတဲ့ ဒါတွေက ဘယ်သူ အနာဂတ်ကို အာမခံချက် ချုပ်ထားလို့မရပါဘူး။ နောက်ပြီးတော့ ဒီဟာတွေက ဥပဒေ မဆန်ဘဲနဲ့ လက်စွဲစာပဲလို့ ကျွန်တော်ဆိုချင်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနရဲ့ တင်ပြခြင်းဖြစ်တဲ့ အပိုဒ် ၅(င)ဟာ ဥပဒေကြမ်းအရလုံလောက်ပါပြီ။ ဒီမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့က တင်ပြ လိုက်တာကတော့ လက်စွဲဥပဒေနဲ့ လက် စွဲရောပြီး ပါသွားတယ်လို့ ယူဆပါတယ်။ နောက် အပိုဒ်(၅)ရဲ့ (ဍ)ဟိုတလောက ကိုယ်စားလှယ်ကြီးတစ်ယောက် ပြောထားသလိုပဲ ဒီဟာကတော့ လက်နက်ကိုင်အဖွဲ့အစည်းဆိုတဲ့အခါမှာ ကျွန်တော်ကတော့ ယေဘုယျအားတော့ ဘာတွေကို သွားမြင်သွားလည်းဆိုရင် ရဲ၊ တပ်မတော်က တပ်သားတွေကိုပဲ မြင်တတ်တာကို ဒီဟာ တွေ မဟုတ်ပါဘူး။ ဒါပေမယ့် လက်နက်ကိုင်အဖွဲ့အစည်းဆိုတဲ့ ကိစ္စတွေမှာ အဲလိုပဲ ပြည်သူ့စစ်တွေ ဘာတွေစသည်ဖြင့် တချို့ဒေသတွေမှာ ရှိတတ်ပါတယ်။ ဒီလူတွေဟာ လောလောဆယ်ဥပဒေ အရ တာဝန်ရှိလာမယ်။ ဒီလူတွေဆီမှာ လက်နက်ကိုင် လက်နက်ကရှိလာမယ်ဆိုတော့ ဒီဟာတွေ မပါဘူးလို့ သတ်သတ်မှတ်မှတ် သတ်မှတ်ထားတာကောင်းပါတယ်။ နောက်ပြီးတော့ ဒီသက်တမ်း ကိုရေးတဲ့အခါမှာ ဝန်ကြီးဌာနကတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းလို့ပြောပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်းကို ပြောပါတယ်။ ဘယ်လိုပဲ ပြောပြော အဓိကကတော့ (၅)နှစ်ပါပဲ။ ဆိုတော့ ကျွန်တော့်အမြင်က ပြောရရင်တော့ ဒီသက်တမ်း (၅) နှစ်ဟာ အုပ်ချုပ်ရေးမှူးတစ်ယောက်အတွက် သက်တမ်း (၅)နှစ်ဟာ များတယ်လို့ထင်ပါ

တယ်။ သက်တမ်း (၄)နှစ်နဲ့ သုံးကြိမ်ဆိုလို့ရှိရင် လုံလောက်ပြီလို့ ကျွန်တော် ထင်ပါတယ်။ နောက်တစ်ခုက အပိုဒ် (၉)မှာ (၃)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့် နေရာတွင်မဆို လောင်းကစားခြင်းကိုဖမ်းဆီးခြင်းသို့မဟုတ်ဖမ်းဆီးရန် အရေးယူခြင်း ဆိုတဲ့ နေရာမှာရပ်ကွက်နဲ့ ကျေးရွာအုပ်စုကိုပိုင်ဆိုင်တဲ့ အုပ်ချုပ်ရေးမှူးတရားဥပဒေ မည်သည့် နေရာျတွင်မဆို ဆိုတဲ့စကားကို ထည့်နေစရာမလိုပါဘူး။ ဒီဟာလည်းပဲ ဥပဒေနဲ့ လက်စွဲဟာ ရောနေသလို ဖြစ်နေပါတယ်။ ဒါကြောင့် သူရဲ့ပိုင်နက် နယ်မြေအတွင်းမှာ လောင်းကစားတွေကို ဖမ်းဆီးအယူနိုင်ခွင့်ရှိပါတယ်။ မည် သည့်နေရာဆိုတဲ့စကားဟာ ဥပဒေအရ အင်မတန်နိမ့်ကျရာ ကျပါတယ်။ သူအုပ်ချုပ်ရေးဟာ မည်သည့်နေရာတွင်မဆိုဆိုတာဟာ သူ့ပိုင်နက်နယ်မြေအတွင်းမှာ သူ့ကို တမင်သက်သက် သွား ပြောနေစရာမလိုပါဘူး။ ဒါသူရဲ့ ဆုံးဖြတ်ပိုင်ခွင့်ပါ။ ဒါကြောင့် လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း မည်သည့် နေရာတွင်မဆို ဆိုတဲ့ စကားအစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း လောင်းကစားခြင်းကို ဖမ်းဆီးအရေးယူရန် အကြောင်းကြားခြင်း ဆိုလို့ရှိရင် လုံလောက်ပြီလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော် ဆွေးနွေးချင်တာကတော့ ဒီလောက်ပါပဲ ကျန်တာတွေကတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်မှု တင်ပြတာကို ကျွန်တော်သဘောတူ လက်ခံပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၂း၃၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြ ည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၂း၃၇။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ်၊မဲဆန္ဒနယ်အမှတ်(၉)**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များအား လေးစားကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်အေး ထွန်း ဖြစ်ပါတယ်။ ကျွန်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေဟာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၉ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးကို ရပ်ကွက်က ကြည် ညိုလေးစားပြီး သိက္ခာသမာဓိနဲ့ ပြည့်စုံပြီး ပုဂ္ဂိုလ်တစ်ဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်ရမည် ဟုဖော်ပြထားပါတယ်။ ဒီနေရာ မှာ ဥပဒေနှင့်အညီဆိုတဲ့ စာပိုဒ်ပါတဲ့အတွက် ရပ်ကွက် အုပ်ချုပ်ရေးဥပဒေဆိုတာ တစ်ခု လိုအပ် လာပါတယ်။ ဒါကြောင့်ဝန်ကြီးဌာနက ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြည်သူ့လွှတ်တော်မှာ တင်ပြခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က တင်ပြတဲ့နေရာမှာ အပိုဒ် (၁၇)ပိုဒ် ပါရှိခဲ့ပါတယ်။ ဒါပေမယ့် ပြည်သူ့လွှတ်တော်က အဲဒီအပိုဒ်ကို အပိုဒ် (၁၇) အပိုဒ်ကို အခန်း (၁၁)နဲ့ (၁၂) ကို ပယ်ပြီးတော့ ဥပဒေ အခန်း (၁၅)ခန်းဖြင့် ပြင်ဆင်ထားကြောင်း တွေ့ရှိရပါ တယ်။ထိုသို့ ဥပဒေအခန်း (၁၅) ခန်းနဲ့ ပြင်ဆင်ထားတဲ့အတွက် ဥပဒေဟာ စည်းနှောင်မှု ရှိတဲ့ အတွက် ဒီအခန်း (၁၅) ခန်းနဲ့ ပြဋ္ဌာန်းထားတဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံ အပ်ပါတယ်။ ပြည်သူ့လွှတ်တော်က ဥပဒေအပိုဒ် (၅) တွင် အပိုဒ်ခွဲ (၅) ခုကို လည်းကောင်း ၊ အပိုဒ် (၇) တွင် အပိုဒ်ခွဲ (၂) ခု ကိုလည်းကောင်း၊ အပိုဒ် (၉) ကိုလည်းကောင်း၊ အပိုဒ် (၈)တို့တွင်၊ အပိုဒ်ခွဲ (၆)ကိုလည်းကောင်း ပြင်ဆင်နိုင်တာကို တွေ့ရှိရပါတယ်။ ဒါပေမယ့် အဲဒီပြင်ဆင်တဲ့ နေရာမှာ အနည်းငယ်လိုအပ်တာတွေကို တွေ့ရှိရတဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြု ပြင်ဆင်ထားတဲ့ အကြံပြုတင်ပြထားတဲ့ အပိုဒ်များကို အနည်းငယ် ပြင်ဆင်လိုပါကြောင်း တင်ပြ အပ်ပါတယ်။ ဥပဒေအခန်း (၃) အပိုဒ် (၅) မှာ မြို့နယ် အုပ်ချုပ်ရေးမှူးတစ်ဦးရဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီမှာ အပိုဒ် (၅) အောက်ပါ အရည်အချင်းနှင့်ပြည့်စုံ ရမည်ဆိုပြီးတော့ အဖို့ (ဃ) မှာ ဝန်ကြီးဌာန အဆိုပြုချက်အရ စီးပွားရေးအခြေခံရှိသူဖြစ်ခြင်း ဆိုတဲ့နေရာမှာ ပြည်သူ့လွှတ်တော်က စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်းဟု ပြင်ဆင်အတည်ပြု ထားတာတွေ့ ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးအခြေခံရှိ မှသာ စားဝတ်နေမှုဖူလုံမည် ဖြစ်ပါတယ်။ ဒါကို ယုတ္တိနည်းအရ ကြည့်ပြန်ရင်လည်း စီးပွားရေး အခြေခံရှိသူတိုင်းဟာ စားဝတ်နေမှုဖူလုံတာကို တွေ့ရှိရပါတယ်။ စီးပွားရေးအခြေခံမရှိဘဲ စားဝတ်နေမှုဖူလုံသူတွေ အများကြီးရှိပေမယ့် သူတို့ရဲ့အခြေအနေ စားသောက်ရေး စားဝတ်နေမှုဖူလုံမှုအတွက် ရုန်းကန် လှုပ်ရှားရတဲ့အခြေအနေက အလေ့အထများ ရှိပါတယ်။ အဲဒါ ကြောင့် စားဝတ်နေရေးဖူလုံမှု ရှိသူအစား၊ စီးပွားရေးအခြေ ခံရှိသူဖြစ်ခြင်းလို့ ဝန်ကြီးဌာန ကအဆိုပြုထားတဲ့ အတိုင်းပြန်လည် ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အခန်း (၇) အပိုဒ် ၁၃

မှာ လယ်ယာမြေစီမံခန့်ခွဲ ခြင်းနှင့် လယ်ယာမြေ မူလမှုခင်း များ စစ်ဆေးဆုံးဖြတ်ခြင်း ဆိုတာကို တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့် အပ်နှ င်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်း ဆိုတာကို ပြည်သူ့လွှတ်တော်က ပြုပြင်အတည်ပြုထားတာ တွေ့ရှိရပါတယ် ၊ ဒီမှာ ဝန်ကြီးဌာနက အဆိုပြုထားတဲ့ စာပိုဒ်မှာ စာပိုဒ် အပိုဒ်ခွဲ (ဘ)မှာ လယ်ယာမြေ စီမံခန့်ခွဲခြင်းဆိုတဲ့ အပိုဒ် တစ်ပိုဒ် ပါပါတယ်။ အဲတော့ လယ်ယာမြေ မူလအငြင်းပွားမှုများ စိစစ်ဆွေးနွေးခြင်းဆိုတာ အပိုဒ် (၂) ပိုဒ် ပါရှိပါတယ်။ လယ်ယာမြေ စီမံခန့်ခွဲခြင်းမှာ စီမံခန့်ခွဲရေး ကဏ္ဍ ဖြစ်ပါတယ်။ လယ်ယာမြေမူလ အငြင်းပွားခြင်းများ စစ်ဆေးဆုံးဖြတ်ခြင်းဆိုတာက စိစစ်ရေးနဲ့ ပတ်သက်ပြီးတော့ တရားဥပဒေနဲ့ ပတ်သက်ပြီးတော့ တရားရေးကဏ္ဍတွေ ပါဝင်ခြင်းရှိပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်က ပြုပြင် အတည်ပြုထားတဲ့ တင်ပြချက်ကို ကန့်ကွက်ပြီး မူလအတိုင်းဖော်ပြ၍ တင်ပြ အပ်ပါတယ်။ တတိယအနေနဲ့ စာပိုဒ် (၅)အပိုဒ်ခွဲ(ဌ) ရပ်ကွက် ကျေးရွာအုပ်စုအတွင်း၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့တာဝန်များ၊ အရည်အချင်း များကို သတ်မှတ်ပါရှိ ကြပါတယ်။ အဲဒီ အရည်အချင်းများမှာ လိုအပ်နေတာ တစ်ခု တော့ရှိတာကို တွေ့ရှိရပါတယ်၊ အဲဒီလိုအပ်ချက်က ဘာလဲဆိုတော့ အပိုဒ်(ဌ) အနေနဲ့ ပြစ်မှုကျူး လွန်၍ တရားရုံးမှ ပြစ်မှုဒဏ်ကျခံရသူတစ်ဦး မဟုတ်ခြင်းဆိုတဲ့ အချက်တစ်ချက်ကို ထည့်သင့်ပါတယ်၊ ဒီနေရာမှာ လူ့အ ခွင့်အရေးအရ ဘယ်လိုပဲဖြစ်စေကာမူ ရပ်ကွက်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများဟာ လူတန်းစားအလွှာ အလိုက်၊ အုပ်ချုပ်နေရသူဖြစ်နေတဲ့အတွက် မိမိကိုယ်၌ ကိုယ်တိုင်အားနည်းချက်ရှိရင် ပြည်သူ များကို အုပ်ချုပ်တဲ့နေရာမှာ အခက်အခဲများ ကြုံမှာဖြစ်ပါတယ်။ ထို့ပြင် ရပ်ကွက်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးဟာ အထက်အဖွဲ့အစည်း အဆင့်ဆင့်ကပေးလာတဲ့ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှာလည်း ဒီသူ့ရဲ့ ကိုယ်ပိုင်အားနည်းချက်ရှိတဲ့အတွက် ရဲရဲတင်းတင်းလုပ်နိုင်ဖို့ အခြေအနေမှာ ခက်ခဲလျက်ရှိပါတယ်။ ထို့ကြောင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အင်္ဂါရပ်များမှာ (ဌ)အရ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ရင် တရားရုံးက ပြစ်ဒဏ်ချခြင်းခံရသူ မဟုတ်ခြင်းဆိုတဲ့ အချက်တစ်ချက်ကိုလည်း ထည့်သွင်းသင့်ကြောင်း တင်ပြအပ်ပါတယ်။ စတုတ္ထအချက်အနေနဲ့ အခန်း (၄) အပိုဒ် (၆) မှာ ဝန်ကြီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေး ရွာအုပ်စု အုပ်ချုပ်ရေး မှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ် စုတွင် အများက ကြည်ညိုပြီးသြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ (၅) ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ်

တာဝန်ပေးအပ်ရမည်ဟု ဖော်ပြထားပါတယ်။ ဤဖော်ပြချက် စာပိုဒ် (၄) အခန်း ၄၊ စာပိုဒ် (၆) မှာ အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းတဲ့နေရာမှာ အဖွဲ့အစည်းရဲ့ တစ်ဦးနဲ့ တစ်ဦး ဝိရောဓိဖြစ်ပြီးတော့ အငြင်းအခုန်ဖြစ်လာရင် အဲဒီအဖွဲ့ထဲမှာ အဆုံးအဖြတ်တစ်ခုပေးနိုင်ဖို့အတွက် အကြီးအကဲ တစ်ယောက်ကို လိုအပ်မည်ထင်ပါတယ်။ ထို့ကြောင့် အဲဒီ ရပ်မိရပ်ဖ (၅) ဦးထဲက အရည်အချင်း ပြည့်မီတဲ့ သူတစ်ယောက်ကို နာယက အဖြစ်ခန့်အပ် တာဝန်ပေးသင့်ကြောင်းလည်း အကြံပြု လိုပါတယ်။နောက်တစ် ခုအထူးတင်ပြလိုတာကတော့ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်တဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ အဲဒီအခန်းကဏ္ဍ မှာစီရင်စုများ ဖွဲ့ စည်းပြီးတော့ ဆယ်အိမ်မှူးစီရင်စုကိုယ်စားလှယ်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီဆယ်အိမ်စုကိုယ်စားလှယ် များဟာ အိမ်ခြေ ၁၀၀ ရှိတဲ့နေရာမှာဆိုရင် ဆယ်အိမ်စုကိုယ်စားလှယ် (၁)ဦး၊ (၁၀) ဦး ရရှိပါ တယ်။ အဲတော့ အိမ်ခြေစီရင်စုကိုယ်စားလှယ်များထဲက ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူး ရွေးချယ်တဲ့နေရာမှာ လွယ်ကူချောမွေ့ပေမယ့် အိမ်ခြေ ၃၀၀၀ လောက်ရှိတဲ့ အိမ်ခြေ ၂၀၀၀ လောက်ရှိတဲ့ ကျေးရွာများမှာဆိုရင် အလွန်တရာ ခက်ခဲမှုတွေ ရှိပါတယ်။ ဒါကြောင့် စီရင်စု အိမ်ခြေ ၁၀၀၀ ရှိတဲ့ အိမ်ခြေ ၁၀၀ ကအထက် ၁၀၀၀ ရှိတဲ့ ကျေးရွာအုပ်စုတွေမှာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးကို ဆယ်အိမ်မှူး ၁၀ ဦးဆိုရင် ရာအိမ်မှူးတစ်ဦးကို ခန့်အပ်ပြီးတော့ ရရှိလာတဲ့ ရာအိမ်မှူးကို အဲဒီအိမ်ထောင်စုကိုယ်စားလှယ်အများစုက ရွေးချယ်ပြီးတော့ ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ပေးအပ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။ ဒါကြောင့် အထက်ပါ ကျွန်တော့်ရဲ့ တင်ပြချက်များအရ ဖြည့်စွက်မှသာလျှင် ဤဥပဒေအနေဖြင့်လျှင် ချည်နှောင်အား အများကြီး ရှင်းတမ်းများရရှိပြီးတော့ လက်တွေ့ဘဝမှာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း တင်ပြ ရင်းနိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊၂း၅၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှာ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၂း၅၁။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်းရဲ့ အခန်း (၆) ပုဒ်မ ၁၂ နဲ့ စပ်လျဉ်းပြီးတော့ ပုဒ်မခွဲ (ဇ)အဖြစ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးတော့ ထပ်မံဖြည့်စွက်တင်ပြထားတာရှိပါတယ်။ အဲဒီအချက်ကတော့ မြို့နယ်အုပ်ချု ပ်ရေးမှူးနဲ့ ခရိုင်အုပ်ချုပ်ရေးမှူးတို့၏ လမ်းညွှန်မှုကို လေးစားလိုက်နာခြင်းဆိုတဲ့ အချက်ဖြစ်ပါတယ်၊ အဲဒီအချက်မှာ လမ်းညွှန်မှုကိုဆိုတဲ့အစား ညွှန်ကြားမှုကိုလို့ ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ အဲဒီလို ပြင်ဆင်လိုက်လို့ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ခရိုင်အုပ်ချု ပ်ရေးမှူးတို့၏ ညွှန်ကြားမှုများကို လေးစားလိုက်နာခြင်းဖြစ်သွားမှာဖြစ်ပါတယ်။ ကျန်တာတော့ဖြည့်စွက်တင်ပြစရာမရှိပါဘူး။ ကျေးဇူးတင်ပါတယ် ။

**အချိန်၊၂း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၂း၅၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ကျွန်မက နိုင်ငံတော်ရဲ့ အင်မတန်အရေးပါလှတဲ့ကဏ္ဍတွေဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နောက်တစ်ခါကျတော့ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ နောက်တခါကျတော့ နိုင်ငံတော်၊ နိုင်ငံသားနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့အားလုံးနဲ့ ပတ်သက်နေ တဲ့ ဒီရပ်ကွက် အုပ်ချုပ်ရေးဥပဒေကို ကျွန်မဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်မတို့ကို ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ Check and Balance သဘောပေါ့နော်။ ကျွန်မတို့ ကြည့်ရှုရမယ်။ ဝေဖန်ရမယ်၊ သုံးသပ်ရမယ်၊ လိုအပ်တာကို ကျွန်မတို့က ညှိနှိုင်းပြီးတော့ ဆုံးဖြတ်ကြရမယ်။ အဲဒီလို တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့် ဒါပြည်သူလူထုအတွက် အင်မတန်အရေးကြီးတဲ့ အချက်မို့လို့ကျွန်မတို့ ဒါဆွေးနွေးတာဖြစ်ပါတယ်။ ရှေးရှေးတုန်းကဆိုလို့ရှိရင် တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်တွေဟာ ပဒေသရာဇ်ခေတ်တုန်းကတော့ ရှင်ဘုရင်တွေဟာ တိုင်းနိုင်ငံရဲ့ အခြေအနေကို တွေ့အောင်

သူတို့က မြို့စနည်းနာတွေ ဘာတွေထွက်ရတယ်လို့ ပြောပါတယ်။ မြို့စနည်းနာထွက်တဲ့အခါမှာ သူတို့က ဆင်းရဲသားယောင်ဆောင်ပြီး တဲ့အခါကျတော့ မြို့စွန်မြို့ဖျားတွေကို သွားပြီးတော့ သူတို့နဲ့ စနည်းနာကြပါတယ်။ အဲဒီအခါကျတော့မှာပဲ တိုင်းပြည်ရဲ့ အခြေအနေမှန်ကို သိတယ်လို့ ကျွန်မတို့ လေ့လာမှတ်သားဖူးပါတယ်။ အခုလည်းကျွန်မ တို့ အောက်ခြေမှာ တကယ်လည်း ပြည်သူလူထုနဲ့ ထိတွေ့ ဆက်ဆံနေတဲ့ ကျွန်မတို့ လွှတ်တော်ကိုယ်စားတွေဟာ ပြည်သူလူထုရဲ့ ဆန္ဒတွေ ဘဝတွေကို ကျွန်မတို့ နားလည်ပါတယ်။ အဲဒီတော့ ဥပဒေပြုတဲ့အခါမှာ ပြည်သူ့လူထု ဘဝလုံခြုံရေးအတွက် နောက်ပြီးတော့ ဒီကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လည်းပါတဲ့ ဥပဒေ ပုဒ်မ ၄ မှာပါတဲ့အတိုင်း၊ နောက်တစ် ခါ ပုဒ်မ ၇ မှာ ပါတဲ့အတိုင်း ကျွန်မတို့က ပြည်သူလူထု ထံကနေပြီးတော့ နိုင်ငံတော်က နိုင်ငံသားထံကနေပြီးတော့ အခြေခံဥပဒေ ဆင်းသက်တဲ့ နိုင်ငံ တစ်ဝန်းကို တည်တယ်။ နောက်ပြီးတဲ့အခါကျတော့ နိုင်ငံတော်ကြီး စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးတယ် ဆိုတဲ့ အတွက်ကြောင့် အဲဒါတွေကို လေးစားလိုက်နာတဲ့ အနေနဲ့ ပြည်သူလူထုရဲ့ အခန်းကဏ္ဍ ကိုလည်း ကျွန်မတို့အလေးအနက်ထားတဲ့ အနေ အထားကို ကျွန်မတင်ပြ ဆွေးနွေးမှာဖြစ်ပါတယ်။ အဲဒီမှာဘာလည်းဆိုတဲ့အခါကြတော့ အခန်း (၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့် အရည်အချင်းများ ဆိုတဲ့အထဲမှာ ပုဒ်မ ၅ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဆိုပြီးတော့ (က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်း။ (ခ) အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း ဆိုတာရဲ့အောက်မှာ ကျွန်မ(ဂ)အနေနဲ့ ဒါကျွန်မ ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။ အဲဒီဟာကတော့ ဘာလည်းဆိုတော့ အကျင့်စာရိတ္တ ကောင်းမွန်၍ ပြစ်မှုပြစ်ဒဏ် ကင်းရှင်းသူဖြစ်ခြင်းဆိုပြီး ကျွန်မက ဖြည့်ချင်တာပါ။ ဘာဖြစ်လို့လဲဆိုတဲ့ အခါကြတော့ သန့်ရှင်း သောအစိုးရဖြစ်ဖို့၊ ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်ဖို့ ဆိုလို့ ရှိရင် ဒါအခြေခံ လူတန်းစားနှင့် ပြည်သူလူ ထုရဲ့ ဘဝလုံခြုံရေးကို ဆောင်ရွက်မည့် လူဟာလည်း အကျင့်စာရိတ္တကောင်းတဲ့သူဖြစ်မှ ဒါပြည့်စုံမယ်လို့ ကျွန်မက ယုံကြည်ပါတယ်။ အကျင့်စာရိတ္တကောင်းတဲ့လူ လက်ထဲကို ကျွန်မတို့လုပ်ပိုင်ခွင့် ထည့်ပေးလိုက်မယ် ဆိုလို့ရှိရင် ဒါသူက ခေါ င်းဆောင်ကောင်းရဲ့ အရည်အချင်းနဲ့ လည်းပြည့်စုံမယ်။ အကျင့်စာရိတ္တလည်း ကောင်းမွန်မယ်။ ရှေ့နောက်လည်း တွေးခေါ်မျှော်မြင် နိုင်မယ် ဆိုလိုရှိရင် ပြည်သူလူထုရဲ့ ဘဝဟာ အေးချမ်းမယ်။ ပြည့်စုံမယ်။ နောက်ဖွံ့ဖြိုးမယ်၊ တိုးတက်မယ်။ အကျင့်စာရိတ္တ မကောင်းတဲ့ မှတ်ကျောက်တင် မခံနိုင်တဲ့လူရဲ့လက်ထဲကို ကျွန်မတို့ကထည့်ပေး လို က်မယ်ဆိုလို့

ရှိရင် ပြည်သူလူထုရဲ့ဘဝဟာ စိတ်ပိုင်း၊ ရုပ်ပိုင်းအကုန်လုံး ဒါအေးချမ်းမှာ လုံခြုံမှာ မဟုတ်ပါဘူး။ အဲဒီအတွက်ကြောင့် ဒါအင်မတန်အရေးကြီးတဲ့ ကျွန်မတို့ အလုပ်လျှောက်ရင်လည်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ ဟိုဟာသွားရင်လည်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာတွေလည်း အမြဲတမ်း ကျွန်မတို့တွေ့နေတဲ့ ဒီအချက်ပါ။ အဲဒီဖြစ်တဲ့ ကာယကံရှင်ဖြစ်တဲ့ အုပ်ချုပ်ရေးမှူးတွေရဲ့ အရည်အချင်းမှာ ပြည့်စုံရမယ့် အရည်အချင်းမှာ ဒီအကျင့်စာရိတ္တ ကောင်းမွန်၍ ပြစ်မှု ပြစ်ဒဏ်ကင်းရှင်းတယ် ဆိုတဲ့ဟာ မပါတာကတော့ အင်မတန် လိုအပ် တယ်လို့ ကျွန်မယုံကြည်ပါတယ်။ အဲဒါနောက်တစ်ခါ သူကထည့်ထားတာက သူ့ရဲ့မိသားစုတောင်မှ အကျင့်စာရိတ္တ အတူနေမိသားစု ဝင်သည်လည်း အကျင့်စာရိတ္တ ကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများ ဖြစ်ခြင်းဆိုတော့ တကယ်လက်တွေ့ ဆောင်ရွက်မယ်။ တွေးခေါ်မယ်၊ မျှော်မြင်မယ်၊ ဆုံးဖြတ်မယ့်၊ တကယ်လုပ်မယ့်၊ ကာယကံရှင်ကရော အဲဒီလိုပဲ အကျင့်စာရိတ္တမကောင်းရဘူးလား၊ သူကပိုပြီးတော့ အကျင့်စာရိတ္တ ကောင်းမွန်ရမယ်လို့ ကျွန်မအဲလိုပဲ ကျွန်မယုံပါတယ်။ အဲ ဒါကြောင့်မို့ (က)နဲ့ (ခ) အောက်မှာ အင်မတန်အရေးကြီးတဲ့ ဒီအကျင့်စာရိတ္တကောင်းမွန်ဖို့ အချက်ကို ဖြည့်သွင်းချင်တာ ဖြစ်ပါတယ်။ အဲဒါ နဲ့ ပတ်သက်ပြီးတော့ ကျွန်မဒီမှာ ပြောချင်တာလေးတစ်ခုက ဘာလဲဆိုတော့ မြန်မာမင်းများလက်ထက်တွင် အခြေခံ အုပ်ချုပ်ရေးယန္တရားများကို ကိုင်တွယ်ရမည့် သူကြီးသည်အရေးပါ၍ သူ ကြီးသည် နိုင်ငံ အုပ်ချုပ်ရေး၏ အဓိကဇာတ်ကောင်များဖြစ်သည်ဟု မှတ်ယူထားသည်။ ကျေးလက်တွင် ခေါင်းဆောင်ပေးရမည့် သူကြီးသည် လောက ဝတ်၊ ဓမ္မ ဝတ်၊ ရာဇဝတ်များကို အဓိက နားလည်ရမည်။ အကယ်၍ ဝတ်(၃)ပါးကို နားမလည်ခြင်း၊ ကိုယ်လက် အင်္ဂါနှင့် ကျန်းမာရေး ချို့တဲ့ခြင်း၊ အကျင့်စာရိတ္တမကောင်းခြင်းစတဲ့ အရည်အချင်းချို့တဲ့ပါက မည်မျှပင် ရိုးတာမှန်သော်လည်း ရာထူးဆက်ခံခွင့် မရဘူးလို့ဆိုပါတယ်။ အဲဒါကတော့ ရှေးမြန်မာမင်းများလက်ထက်မှာ သူတို့ခန့်ထားခဲ့တဲ့ ဟာတွေပါ။ အဲဒီထဲမှာလည်း အကျင့်စာရိတ္တကို ဦးစားပေးထားပါတယ်။ နောက်လည်း ဒီလိုဟာမျိုးတွေ လေ့လာရသလောက်တော့ အကျင့်စာရိတ္တနဲ့ ပတ်သက်တာတွေ ရှိပါတယ်။ ဒါ အခန်း (၃)က ဒီပုဒ်မ ၅ ထဲက (ဂ)ကို ဖြည့်စွက်ချင်တာပါ။ အဲဒီ (ဂ)ကို ဖြည့်စွက်တယ်ဆိုရင် အောက်ကဟာတွေ (ဂ) က (ဃ) ဆိုပြီးတော့ အဲဒီအစဉ် လိုက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခု ကျွ န်မ ဖြည့်ချင်တာက အစောကပြောတဲ့ အတိုင်းပဲ ပြည်သူလူထုနဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဆိုတဲ့ ဟာကိုလည်း အလေးအနက်ထား

ပါတယ်။ အဲဒီအတွက်ဒီမှာ အခန်း (၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်းဆိုတဲ့ ခေါင်းစဉ်ရဲ့ အောက်မှာ ပုဒ်မ ၆ မှာ မြို့နယ် အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအတွင်းရှိ အများကြည်ညိုလေးစားပြီး၊ သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ (၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့အဖြစ် တာ ဝန်ပေးအပ်ရမည်လို့ဆိုတဲ့အခါမှာ ကျန်တာတွေကို ဖယ်လိုက်ရင် မြို့ နယ် အုပ်ချုပ်ရေးမှူးသည်ကြီးကြပ်၍ ရွေးချယ်၍ ကြီး ကြပ်ရေးအဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်ရမည်။ ဒါအစနဲ့အဆုံးအလယ်ကို ပယ်လိုက်ရင် ဒီလိုအဓိပ္ပာ ယ်ရတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက အဲဒီ (၅)ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ဆန္ဒနဲ့ ဆုံးဖြတ်ချက်နဲ့ သဘောထားနဲ့ ရွေးရမယ်လို့ ဒါကျွ န်မ နားလည်ရမယ်။ ဒီကျွန်မတို့ စစ်မှန်၍ စည်းကမ်းပြည့် ဝသော ဒီမိုကရေစီစနစ်ဆိုလို့ရှိရင် အများ ဆန္ဒကိုလည်း မေ့ထားလို့မရပါဘူး။ ခေတ်အဆက်ဆက် ကျွန်မတို့အများရဲ့ ဆန္ဒတွေကို ဦးစား ပေးခဲ့ကြတာ။ အခုအချိန်မှာဆိုရင်ပိုပြီးတော့ ဒါကအလေးအနက် အဓိကထားရမယ်လို့ ကျွန်မက အဲဒီလိုယုံကြည်လို့ ဒီစကားရပ်ကလေးကို ဖြည့်တာပါ။ ဘယ်မှာလည်းဆိုတော့ ရပ်မိရပ်ဖ (၅)ဦး ကိုဆိုတာနဲ့ ရွေးချယ်၍ ဆိုတာရဲ့ကြားမှာ ဒေသခံပြည်သူ အများဆန္ဒဖြင့် ရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်လို့ အဲလိုအဓိပ္ပာ ယ်ရပါတယ်။အဲတော့ အုပ်ချုပ်ရေးမှူးလည်း ပါပါတယ်။ ဒေသခံပြ ည်သူ တွေရဲ့ ဆန္ဒနဲ့ တကယ်တမ်းကျတော့ Authority ကတော့ မြို့နယ်အုပ်ချုပ်ရေးမှူး ဆိုပေမယ့်လို့ ကျန်တဲ့ဆန္ဒတွေ၊ ကျန်တဲ့ကဏ္ဍတွေကိုလည်း မေ့မထားတဲ့ အနေနဲ့ အဲဒီ စကားရပ်ကလေးနဲ့ ဖြည့်ပြီးတော့ ဥပဒေကိုပြင်ဆင်ပြီးတော့ ဖြည့်စွက်ပေးမယ် ဆိုရင်တော့ ပိုပြီးတော့ သဟဇာတဖြစ်မယ်လို့ ကျွန်မကပြည်သူ့အကျိုးကို နိုင်ငံတော်နဲ့ နိုင်ငံသား အကျိုးကို ရည်ရွယ်ပြီးတော့ ဒါကိုတင်ပြခြင်းဖြစ်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊၃း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ်၊ဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် ( ခေါ် ) ရှားဘူးဖော့ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၃း၀၁။**

**ဦးစောအောင်ကျော်နိုင်  (ခ)ရှားဘူးဖော၊ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်      အမှတ် (၁)**

။            ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ၊ ကိုယ်စားလှယ်တော်လူကြီးမင်းများအားလုံးကို ကျန်းမာချမ်းသာပါစေလို့ အဓိပ္ပာယ်ရတဲ့ (အောဆော့လားဆံ)လို့ ပဏာမနှုတ်ခွန်းဆက် ဂါရ ၀ပြု အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု၊ အုပ်ချုပ်ရေးဥပဒေကြမ်းမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းမှာ နေထိုင်ကြတဲ့ အခြေခံ ပြည်သူလူထုတို့ရဲ့ ဆန္ဒလိုလားချက်များနဲ့ လိုက်လျောညီထွေမှု ရှိဖို့အတွက် အချို့သော အနည်းငယ်သော ဥပဒေများဖြစ်တဲ့ ပြင်ဆင်လိုတဲ့အချက် (၁)ချက်၊ ပယ်ဖျက်လိုတဲ့ အချက် (၁) ချက်နဲ့ ဖြည့်စွက်လိုတဲ့ အချက် (၁)ချက်၊ အကြံပြုလိုတဲ့ အချက် (၁)ချက်ဆို ပြီးတော့ (၄)ချက် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေပညာရှင်လည်း မဟုတ်တဲ့အတွက် ဥပဒေပညာကိုလည်း ထဲထဲ ၀င်၀င် လေ့လာအားနည်းတဲ့အတွက် နားလည် သဘောပေါက်သလိုသာ အခြေခံပြည်သူလူထုအကျိုးငှာ အပြုသဘောဖြင့် တင်ပြအကြံပြုခြင်းကို ခွင့်ပြုပေးပါခင်ဗျား။ ကျွန်တော်တင်ပြဆွေးနွေးလိုတဲ့အချက်ကအကြောင်းတရားအနေနဲ့ အနည်းငယ် လေး ကျွန်တော်တင်ပြ ဆွေး  နွေးလိုတဲ့အချက်က အကြောင်းတရား  အနေနဲ့ အနည်း  ငယ်လေး ကျွန်တော်   သည်းခံပြီးတော့ တင်ပြပေးချင်ပါတယ်။     ဘာကြောင့်လည်းဆိုရင် ဒီလိုဆွေးနွေး လာရတဲ့အကြောင်းက ကရင်ပြည်နယ်အတွင်းမှာ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေ အတွင်းမှာပဲ တွေ့ကြုံရတဲ့ အနေအထားအပေါ်မှာ ရှိပြီးတော့ ပြည်သူတွေရဲ့ လိုလားချက်၊ ပြည်သူတွေရဲ့ဆန္ဒ၊ ပြည်သူတွေရဲ့ ခံစားချက်အပေါ်မှာ အခြေခံ ပြီးတော့ ကျွန်တော်အနည်းငယ် လေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုရင် ကရင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမ အားလုံး၊ ဒီအပြင် ကျွန်တော်တို့ အထူးသဖြင့် ကရင်အမျိုးသားတွေဟာ ရိုးသား၊ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ အေးရာအေးကြောင်း နေထိုင်လိုမှုရှိခြင်းဆိုတဲ့ အေးအေးဆေး ဆေးနေခြင်း၊ ရောင့်ရဲ တင်းတိမ်ခြင်းတို့ အဓိပ္ပာ ယ်ရပါတယ်။ နောက်တစ်ခါ ပွင့်လင်းခြင်းနဲ့ ဗဟုသုတ နည်းပါးခြင်း၊ အကြောက်တရားများခြင်း ဆိုတဲ့အပေါ်မှာ အဲဒီအားနည်းချက်တွေအပေါ်မှာ အခွင့်အရေး (၁)ခု အနေနဲ့၊ ယခုယနေ့ အုပ်ချုပ်ရေးမှူး လို့ပြောတဲ့ ယခင် ရ.ယ.ကဥက္ကဋ္ဌတွေရဲ့ ဥပဒေမဲ့ ပြုမူမှုတွေ၊ အနိုင်ကျင့်ဗိုလ်ကျခဲ့တဲ့ အရာတွေပေါ်မှာ၊ ကျွန်တော်တို့ ပြည်နယ်အတွင်းမှာရှိတဲ့ ရွာသူ၊ရွာသား၊ ကျေးရွာသူ၊ ကျေးရွာသား၊ လူထုအဖွဲ့အစည်းကနေ ခံစားနေရတဲ့ ကဏ္ဍအတွက်၊ သူတို့အတွက်

D:\အစီ ိးသားလ တ တော Web Portal Data\အစည်းအဝေးမှတ်တမ်း\ပထမအ ကိမ အစီ ိးသားလ တ တော ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း\2nd Meetting\10-2011\17-10-2011 (34)Final.docx

စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်ဖို့ သူတို့ရဲ့လိုလား ပြောဆိုချက်တွေကို အ လျဉ်းသင့်လို့ ပြောရမယ်ဆိုရင် အမိုးတို့၊ ဖထီးတို့ ပြောလာကြပါတယ်။ ရွာကိုရောက်တယ်ဆိုရင်ပဲ ဖိုးခွား၊ ဖိုးခွားတို့ပြောတဲ့ ပါတိုလား၊ ပါတီလား မသိ၊ ဒီမိုကရေကကြည်လား၊ မကြည်လားမသိ၊ ငါတို့ ပင်ပင်ပန်းပန်း အလုပ်လုပ်နိုင်တယ်။ သို့သော်ငါတို့ကို ဘယ်သူက အုပ်ချုပ်၊ အုပ်ချု ပ်၊ ဒါမပီမသနဲ့ ဖဲဖဲလေးနဲ့ ပြောပါတယ်။ ငါတို့ ဘယ်သူပဲ အုပ်ချုပ်အုပ်ချုပ်၊ ငါတို့ကို စိတ်ရှုပ်အောင် မလုပ်ရင်တော်ပြီဆိုတဲ့ အမိုးတို့၊ ဖထီးတို့ရဲ့ သူတို့ခံစားချက်၊ ပွင့်လင်းတဲ့စကားတွေ အရဆိုရင်ကျွန်တော်တို့လည်း အမိုးတို့၊ အခုဟာလည်း ခေတ်ပြောင်း တော်လှန်ရေးကြီးလည်း ဖြစ်လာပါပြီ။ ဒီမိုကရေစီအရလည်း လွတ်လွတ်လပ်လပ် အမိုးတို့ရဲ့ ဆန္ဒတွေအတွက် အများအားဖြင့်ဆောင်ရွက်နေပါပြီ။ ဥပဒေ၊ နည်းဥပဒေတွေထုတ်ပြီးတော့ အမိုးတို့အဆင်ပြေအောင် လွှတ်တော်အရပ်ရပ်ကလည်း ဆောင်ရွက်နေပါပြီလို့ အလျဉ်းသင့်သလိုပြောပါတယ်။ အဲလိုပြောတဲ့နေရာမှာဆိုရင်၊ အမိုးတို့လည်း ဘာဖြစ်လို့လည်း ၊ အခုဟာဘာတွေ ခံစားရသလဲမေးရင် တ ခြားတော့ဘာမှမလိုဘူးကွာ။ ငါတို့ အော့ကထကို ဖြုတ်ရင် တော်ပြီဆိုတော့၊ ဥက္ကဋ္ဌကြီးခင်ဗျား။ အော့ကထဆိုတာက သူတို့က မပီမသ ပြောတာပါ။ အမှန်ကတော့ ဥက္ကဋ္ဌပါ။ သို့သော် အော့ကထ ဆိုတာကကရင်လို အဓိပ္ပာ ယ်က တစ်မျိုး ပေါက်တာတွေရှိတယ်။ မပီမသတဲ့ထဲက အော့ ဆိုတာကတော့စားတယ်ခေါ်ပါတယ်။ ကထ ဆိုတာကတော့ စားပိုးနင့်တယ်လို့လည်း အဓိပ္ပာ ယ်ရပါတယ်။ အဲဒါကြောင့် စားပိုးနင့်အောင်စားတယ်လို့ပဲ အဓိ ပ္ပာယ်ပေါက်သွားတာကို သူတို့မပီမသလို့လား၊ ဒါပေမယ့် နှုတ်ပဲကျိုးလို့လား ဒါမှမဟုတ်ရင် ပါးစပ်ပဲ အာ တွေ့လို့လားမသိ၊ အော့ကထ ကိုဖြုတ်ပေးရင် တော်ပါပြီဆိုတော့၊ အမိုး ဖျောက်တာလား၊ ပြုတ်အောင် လုပ်တာလားတော့ကျွန်တော်တို့ မလုပ်တတ်ဘူး။ ဒါကတော့ ဥပဒေအရလည်း ဒါအမိုးတို့အတွက် လိုအင်ဆန္ဒတွေပြည့်လာပါတော့မယ်လို့ ပြောတာကို ကျွန်တော်တို့ ပြောပြ၊ တင်ပြ၊ ဆွေးနွေးပြခဲ့တာလည်းရှိပါတယ်။ ဒါကြောင့်မို့ အမိုးတို့ရဲ့ ဆန္ဒ၊ ဖထီးတို့ရဲ့ လိုလားချက်၊ ပြည်သူတွေရဲ့ လိုလားချက်အပေါ်မှာ ကျွန်တော်အနေနဲ့ ပြင်ဆင်လိုတဲ့ အချက် (၁) ချက် အနေနဲ့ နားလည်သဘောပေါက်လိုစွာ၊ အခန်း(၅)ဖြစ်တဲ့၊ ပုဒ်မ-၁၁ က ပုဒ်မခွဲ(ခ) အရ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကို အသုံးပြုခြင်း၊ မသမာမှုပြုခြင်းနှင့် မလျော်သြဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ခြင်း ဆိုတဲ့လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်မှာ ဥပဒေနဲ့ညီ ညွတ်မှုရှိလား၊ မရှိလားလို့ ကျွန်တော် အနေနဲ့လည်း သိပ်ပြီး ထဲထဲ ဝင်ဝင်မရှိတော့ ကျွန်တော်ပြန် ပြင်ဆင်လိုတဲ့ အချ က်လေးကတော့ လုပ်ပိုင်

ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကို အသုံးပြုခြင်း၊ မသမာမှုပြုခြင်း၊ မလျော်သြဇာ သုံးခြင်းနှင့် ဥပဒေမဲ့ဗိုလ်ကျ အနိုင်ကျင့်ခြင်းများကိုရှောင်ကြဉ်၍၊ တစ်ခုခုကျူးလွန်ပါက ဥပဒေအရ ထိရောက်စွာ အပြစ်ပေး၊ အရေးယူခြင်းကို ကျေနပ်စွာခံယူနိုင်ခြင်းလို့ ပြင်ဆင် လိုပါတယ်။

ဆက်လက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပယ်ဖျက်လိုတဲ့ အချက်(၁)ချက် အနေနဲ့ ကတော့ အခန်း(၇)၊ ပုဒ်မ ၁၃ က၊ ပုဒ်မခွဲ (ဘ)အရ တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ၊ လယ်ယာမြေစီမံ ခန့်ခွဲခြင်းဆိုတဲ့ ဥပဒေတစ်ခုကို (အားပါး...ပါး) အဲဒါသာ လုပ်ပိုင်ခွင့်သာ ထပ်ပေးလိုက်ရင် ကျွန်တော်တို့ ပြည်သူတွေနေစရာတောင် ရှိတော့မှာ မဟုတ် တော့ဘူးထင်တယ်။ ဘယ်လိုဖြစ်လည်းဆိုတော့ အခုလက်ရှိပြီးခဲ့တဲ့ အနေအထားအရ ဆိုရင် လယ်ယာမြေသော်လည်းကောင်း၊ ခြံမြေသော်လည်းကောင်း၊ ဥ ဒက မြေတောင်မကျန်၊ ယခင်က ဥက္ကဋ္ဌတွေရဲ့ လုပ်ခဲ့သမျှတွေဟာ၊ ဥပဒေမဲ့လည်း လုပ်ခဲ့တာရှိတယ်။ အာဏာ၊ လုပ်ပိုင်ခွင့် အပေါ်မှာကို ပိုပြီးတော့ လုပ်ခဲ့တာတွေအရရောဆိုရင် ဒီဥပဒေသာ ထက်ရှိသေးရင်တော့ အခွေ့ ကောင်းတဲ့ နွား သိုးကြီးကို သံမဏိချို ထပ်ဆင်တပ်ပေးသလို ဖြစ်နေတဲ့အတွက် ဒီ ပုဒ်မကို ပယ်ဖျက် ပေးစေချင်ပါတယ်။ နောက်တစ်ချက်ဖြည့်စွက်လိုတဲ့ အခန်း (၇)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ယ)ကလည်း မြေခွန်နှင့် အစိုးရချေးငွေများ ကောက်ခံပေးခြင်းဆိုတဲ့ နေရာမှာ နည်းနည်းလေး ဖြည့်စွက်လိုတာက မြေခွန်နှင့် အစိုးရချေးငွေများကို ကောက်ခံပေးခြင်းမှ အင်မတန်ကောင်းတဲ့ ရေးဆွဲ ထားတဲ့ဥပဒေပါ။ ဒါကိုလည်း ပြည်သူပြည်သားတွေ၊ ပြည်သူလူထုတွေ၊ ကျွန်တော်တို့ ကျေးရွာနေ လူထုကလည်း ကျေကျေနပ်နပ်ကြီးပဲ၊ အခွန်အခကို ပေးကြပါတယ်။ ပေးလည်း ပေးနိုင်ကြပါတယ်။ ဒါပေမယ့်လည်း တစ်ခါတစ်လေ မလိုအပ် တာလေးတွေ ပိုပြီးတော့ ဖြစ်တာတွေ နေရာ အတော်များများမှာ ရှိပါ တယ်။ ဖြစ်လာတဲ့အကြောင်းကို ပြောရရင်တော့ မကုန်တော့ပါဘူး။ အဲဒါကြောင့်မို့လို့ နည်းနည်းပြင်ဆင် ဖြည့်စွက်ချင်တာက မြေခွန်နှင့် အစိုးရ ချေးငွေများ ကောက်ခံပေးခြင်းနှင့် အကြောင်းအမျိုးမျိုးပြပြီး တရားမ ဝင် အခြားအခွန်အခ များ မကောက်ခံရေး ဆိုတဲ့ဟာ ထည့်ပေးလို့ရလျှင် ပြန် ထည့်ပေးရင် ပိုပြီးတော့ ကောင်းသွား မယ်လို့ ယူဆလို့ ဖြည့်စွက်လို ပါတယ်။ နောက်တစ်ခုက အခန်း (၁၁)၊ ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ အရ ကျွန်တော်တို့ ပြစ်မှုပြစ်ဒဏ်များ ဆိုင်ရာ ဒါကို ကျွန်တော် မဖတ်ပြတော့ပါဘူး။ ပုဒ်မ၂၅၊ ၂၆၊ ၂၇ ရဲ့ ပုဒ်မတွေကို မဖတ်ပြ တော့ပါဘူး။ အဲဒီအပြင် အဲဒီပြစ်ဒဏ် တွေဟာဆိုရင် ကျွန်တော် လေ့လာရ မိသလောက် အရဆိုရင်တော့ အုပ်ချုပ်ခံ ရပ်ရွာကျေးရွာ ပြည်သူလူထုအတွ က်တွေသာ

ဦးတည်ပြဋ္ဌာန်းထားပြီး၊ အုပ်ချုပ်ရေးမှူးများ၏ ကျူးလွန်ဖောက်ဖျက်မှုများ အပေါ်ပြစ်မှု၊ ပြစ်ဒဏ်များ အကျုံးမဝင်သဖြင့် ဥပဒေပညာရှင်များမှ တစ်ဆင့် ဖြည့်စွက်ဥပဒေပြုပေး စေလိုပါရန် ကျွန်တော် ဆန္ဒပြုဖြည့်စွက်လိုတဲ့ အချက်(၁) ချက် ဖြစ်ပါတယ်။

နောက်ဆုံးအကြံပြုလိုတဲ့အချက် (၁)ချက်ကတော့ အခန်း (၃)၊ ပုဒ်မ ၅ ၊ ပုဒ်မခွဲ (ဠ) ဖြစ်တဲ့၊ ခုနလည်း တင်ပြပြီးသွားတဲ့ထဲက ဖြစ်ပါတယ်။ လက်နက်ကိုင် အဖွဲ့အစည်းဝင်မဟုတ်ခြင်း ဆိုတာကို ဆက်လက်ထောက်ခံချင်တာက အခုလက်ရှိ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ အခုလတ်တလောတွင် ဖြစ်နေတဲ့ အခုလက်ရှိ အ ခြေအနေရှိတဲ့ အုပ်ချုပ်ရေးမှူး၊ ယခင်ရ .ယ.က ဥက္ကဋ္ဌ တွေ ဟာ ကျွန်တော်တို့ ငယ်ငယ်က တွေ့ဖူး ပါတယ်။ တောပုန်းကြီးစံဖဲ ဆိုတာကို တွေ့ဖူးပါတယ်။ အင်္ဂလိပ်အလိုတော်ရိတွေကို မြင်း(၁)စီးနဲ့ သေနတ်လွယ်ပြီးတော့၊ တစ်ခါတည်း တွန်းလှန်တိုက်ခိုက်တဲ့နေရာမှာ ပြည်သူ့အတွက်သူက ကိုယ်စားပြု တွန်းလှန်တိုက်ခိုက်တယ်။ အခုဟာ လက်ရှိမှာ ဆိုလို့ရှိရင် ကျွန်တော်တို့မှာ မြင်းနဲ့တော့မဟုတ်ဘူး ခင်ဗျား။ သေနတ်လွယ်ပြီးတော့ မော်တော်ဆိုင်ကယ် ဆလင်ဒါ ဖြုတ်ပြီးတော့မှ တစ်ရွာလုံးလှည့်ပြီး၊ သေနတ်လွယ်တဲ့ ဒီအုပ်ချုပ်ရေးမှူးတွေ၊ ယခင် ရ ,ယ,က အဖွဲ့တွေဟာ၊ တစ်ခါတစ်လေ အဲဒီလို ခြောက်လား၊ ခြိမ်းလား၊ ကျေးရွာသူ၊ ကျေးရွာသားတွေ ကိုယ်တိုင်ကြောက်နေပါတယ်ဆိုမှ ထပ်ခြောက်တဲ့ ပုံစံမျိုးတွေ ဖြစ်တော့၊ လက်နက်ကိုင်အဖွဲ့အစည်း ဝင်ကို ထပ်ပြီးတော့သာ ထည့်ပြီးတော့ ဥပဒေပြုဦးမယ်ဆိုရင် ကျွန်တော်တို့ ကျေးရွာသူ၊ ကျေးရွာသားအနေနဲ့ အသက်မရှူရဲလောက်အောင် ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မ ၁၁၊ ပုဒ်မ ၃၊ ပုဒ်မခွဲ ၅(ဠ)နဲ့ အခန်း (၄) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) (စ) အရ၊ ကျွန်တော်တို့ ဒီအမျိုးသားလွှ တ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြန်လည်ပြင်ဆင်ပယ်ဖျက်ထားမှုများအပေါ်မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုထားတဲ့အတိုင်းသာပို၍ ထိရောက်သင့်တော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊၃း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၃း၁၂။**

**ဦးဂျေယောဂူ၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဂူ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်အတည်ပြုပြီး ပေးပို့လာတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေး ဥပဒေအား အတည်ပြုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ တင်ပြချက် အနည်း ငယ်များကိုလည်း တင်ပြဆွေးနွေးသွားမှာမို့လို့ ပြင်ဆင်ထားတဲ့ စာရွက်နှင့် အင်္ဂလိပ် အသုံးအနှုန်း အနည်းငယ်ကို သုံးစွဲခွင့်ပြုပါ၊ လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ နာယက ကြီးကိုယ်တိုင်နဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး တို့ ကိုယ်တိုင်လည်း ဦးဆောင်လမ်းညွှ န်မှု အရ Capacity တို့ကြောင့် ရေးရာကော်မတီ Work Shop မှ စတင်ပေါက်ဖွားလာ၍ ဥပဒေကြမ်းကော်မတီ၏ အပတ်တကုပ်ကြိုးစားမှုကြောင်း ပေါ်ပေါက်လာသော ဤဥပဒေ ကြမ်းအား၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ပေးပို့လာခြင်းဖြစ်၍ အင်မတန်ပြည် ့စုံ၍ အကျိုးသက် ရောက်မည့် အခြေခံဥပဒေတစ်ရပ်ဖြစ်ပါတယ်။ဤဥပဒေသည် အဓိကအားဖြင့် ရပ်ကွက်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ၏ ဥပဒေဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ အကြီးအကဲများ သည် နိုင်ငံတော် အုပ်ချုပ်ရေး အရေးကြီးသလို ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးသည်လည်း အခြေခံ၌ အရေးကြီးတဲ့ နေရာမှာ ရှိနေပါသောကြောင့် နိုင်ငံချစ် ဝန်ထမ်းကောင်းများဖြစ်စေ လိုပါတယ်။ မူရင်းစိတ်ဓာ တ်၊ စိတ်ထား၊ စိတ်ရင်းကိုက မှန်ကန်ပြီး နိုင်ငံတော်ငြိမ်းချမ်းဖွံ့ဖြိုး စေလိုတဲ့ စိတ်ဓာတ်ပိုင်ရှင်များဖြစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ပါရမီ ပြည့်ဝ သူဖြစ်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အလုပ်မရှိလို့ ဝင်လုပ်တယ်။ အခွင့်အရေး ရလိုလို့၊ အခွင့်အရေးသမားမဖြစ်ဖို့ အရေးကြီး ပါတယ်။ ပုဒ်မ ၅၊ ပုဒ်မခွဲငယ် (စ)၊(ဆ) ကို ပိုပြီး အားဖြစ်စေမယ့် စိတ်ပိုင်းဆိုင်ရာ Psychological Fitness ဖြစ်ပြီး ဖိစီးမှု၌ ဖောက်ပြန်မှု၊ စိတ်တို လွန်းခြင်း၊ သွေးဆိုးသူများ၊ ဥပမာ Attitute Problems ရှိသူများ မဖြစ်သင့်ပါ။ ဒါကြောင့် TMO မြို့နယ်ဆရာဝန်များရဲ့ ကိုယ်၊ စိတ်ကျန်းမာကြောင်း ဆေးထောက်ခံချက် အစား၊ Health And Physicalartic Recommendation လည်းပုဒ်မခွဲငယ် တစ်ခုအနေနဲ့ ထည့်သွင်းသင့်ကြောင်း စဥ်စားမိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သည်၊ ဒေသခံဖြစ်ခြင်းနှင့် ကိုးကွယ်မှု ဘာသာအများဆုံး၊ ဘာသာ ဝင်အား ဦးစားပေးမှ မိမိတို့၏

သာသနာ၊ ဘာသာ၊ လောကုတ္တရာရေးရာများ၌ ပို၍နားလည် ချဉ်းကပ် နိုင်မည်ဖြစ်ပါတယ်။ အခန်းကြီး (၅) ပုဒ်မငယ်(င) အမှန်တကယ် နေထိုင်မည့်ဆိုသည့် အဓိပ္ပာယ်က ကျွန်တော့်အနေနဲ့ ပေါ့ အုပ်ချုပ်ရေးမှူးခန့်အပ်ပြီးမှ ရပ်ကွက်၊ကျေးရွာမှာ သွား ရောက်နေထိုင် သွားမည်ဟု အဓိပ္ပာယ် ရှိသယောင်ယောင်ရှိလို့ ယင်းဒီ ဝေါဟာရစာလုံးအစား အမှန်တကယ် နေထိုင်လျက် ရှိသည့် သို့မဟုတ် အမှန်တကယ်နေထိုင်သည်ဟု သို့မဟုတ် ရှိသည့် အဲလို ပြောင်းလဲရင်ပို၍ ကောင်းမည်ဟု ဆွေးနွေးတင်ပြလိုပါတယ်။ နောက်အခန်းကြီး(၉)၊ အုပ်ချုပ်ရေးမှူး၏ သက်တမ်း သည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်လျှင် သက်တမ်း (၂) ကြိမ်သာ ဖြစ်သင့် ပါတယ်။ အခုနောက်ဆုံးတင်ပြသွားမယ့် အချက်ကတော့ သိပ်အရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေတစ်ခုလုံးကို ခြုံငုံ ကြည့်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့ ဒီရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးတည်း ကိုသာ ဗဟိုကွက်အာဏာအပ်ထားသလို ဖြစ်ပါတယ်။ ဒါဆိုရင် ပဒေသရာဇ်၊ ဒါမှမဟုတ်ရင် အာဏာ ရှင်ဆန်တဲ့ စနစ်သို့ ကူးပြောင်းသွားနိုင်လို့ ကျွန်တော့် အနေနဲ့ Collective and Active Participate Administration စုပေါင်း၍ အားလုံးတက်ကြွစွာပါဝင်သည့် အုပ်ချုပ်သော ခေတ်မီ ဒီမိုကရေစီစနစ်ဖြစ်ရန် ဒါမှမဟုတ် အာဏာခွဲဝေ အုပ်ချုပ်မှုပေါ်ပေါက်ရန် Distribution of Power ဆိုတဲ့ဥစ္စာကို ကျွန်တော်တို့ ဖြစ်ပေါ်စေချင်ပါတယ်။ ဒီအုပ်ချုပ်ရေးကဏ္ဍမှာပေါ့လေ။ ဒါကြောင့် ရပ်/ကျေးအုပ်ချုပ်ရေးကော်မတီဝင် ဒါမှမဟုတ်ရင်လည်း ရပ် /ကျေးအုပ်ချုပ်ရေးဘုတ်အဖွဲ့ကို အောက်ပါအတိုင်းပေါ့။ ပုဒ်မတစ်ခုအနေနဲ့ ဖြည့်စွက် ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော်ယူဆ ပါတယ်။ (၁) အဖွဲ့ဝင်များအနေနဲ့ ရပ် /ကျေးအုပ်ချုပ်ရေးမှူး၊ (၂) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) အရ ဒုတိယမှသည် ပဉ္စမ ရရှိသူ (၄)ဦး၊ (၃) ရပ်/ကျေးစာရေး၊ (၄) အခန်း(၄)ပုဒ်မ(ဃ) ဆယ်အိမ်စု ကိုယ်စားလှယ်များ တို့ဖြစ်ပါတယ်။ ဒီမှာအရေးကြီးဆုံးကတော့ အမြဲတမ်းကော်မတီဝင်အနေနဲ့ ဒီ Standing or Permanent ကော်မတီဆိုတဲ့ စုပေါင်း၍ အားလုံးတက်ကြွ၍ပါဝင်တဲ့ အုပ်ချုပ်ရေး ကော်မတီ Burma Board အဲဒီအဖွဲ့ဟာဆိုရင် (၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ (၂)ဒုတိယမှသည် တတိယအထိ သို့မဟုတ် ပဉ္စမ ရရှိသူ (၄) ဦး စုစုပေါင်း (၅) ဦးပေါ့။ ၎င်းတို့ (၅) ဦးဟာ ဆိုရင်လည်း ပြည်သူလူထုများရဲ့ ရွေးချယ်လိုက်တဲ့ တရားဝင်အမြဲတမ်း ဘုတ်အဖွဲ့ ဖြစ်သင့် ပါတယ်။ ဒါကြောင့် ကျန် (၄)ဦး ကိုလည်း သင့်လျော်တဲ့ချီးမြှင့်ငွေများ ခံစားစေခြင်း၊ ဒါတွေကို တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ဗျား။ (သြဘာသံများ)

**အချိန်၊၃း၁၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၃း၁၈။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံ ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးဥပဒေနဲ့ပတ်သက်လို့ အခြေခံမဆွေးနွေးခင် ကျွန်တော်တို့အဓိကမဏ္ဍိုင်ပြု ရမယ့် အခြေခံဥပဒေမှာပါတဲ့ အချက်အလက်တွေကို သတိပြုကြရမှာဖြစ်လို့ ကျွန်တော်ဖတ်ပြချင် ပါတယ်။ ဒီ ပုဒ်မ ၂၈၉ အရ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ် တာဝန်ပေးအပ် ဆောင်ရွက်ရစေမည်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ အဲဒါကြောင့်မို့ ပုဂ္ဂိုလ်တစ်ဦးဦးဆိုတဲ့ အသုံးအနှုန်းဟာ အခြေခံဥပဒေ တည်မြဲနေသမျှကာလပတ်လုံး တစ်ဦးကိုပဲ ဖြစ်ရမယ့်သဘောလို့ သုံးသပ်ပါတယ်။ ပုဒ်မ ၄ မှာ ဒေါ်ခင်ဝိုင်းကြည် လည်း ခုနက ပြောပြသွား တာရှိပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီးကာမှ နိုင်ငံတစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့ ပုဒ်မ ၄ ရယ်၊ ပုဒ် ၇ မှာပါတဲ့ နိုင်ငံတော်ဟာ စစ်မှန်ပြီးကာမှ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးမယ်ဆိုတဲ့အပိုင်းရယ်၊ စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍကို မ ရောထွေးစေချင်လို့ ပုဒ်မ ၁၈(က)ရယ်၊ ပုဒ်မ ၁၁(က)(ခ)ရယ်မှာ ပြ ဋ္ဌာန်းထားတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေဟာ အင်မတန်မှ အရေးကြီးတဲ့ အစိုးရအဖွဲ့အငယ်ဆုံးဖြစ်တဲ့ အခြေခံဥပဒေက ပေါ်ပေါက်လာတဲ့ ကျေးရွာ /ရပ်ကွက် အုပ်ချုပ်ရေးမှူးရဲ့ တာဝန်နဲ့ ကျွန်တော်တို့ဟာ ပြည်သူလူထုရဲ့ ဒီမိုကရေစီရပိုင်ခွင့်၊ ဒီမိုကရေစီအရ ခန့်အပ်တာဝန်ပေးတဲ့ ရပ်ကွက် သို့မ ဟုတ် ကျေး ရွာအုပ်စု အုပ်ချုပ်ရေးမှူး ကို ပြန်လည် ပြည်သူက အာဏာပြန်လည်ရုပ်သိမ်းပိုင်ခွင့်တို့ဟာ ဒီပြဋ္ဌာန်းလာမယ့် အခြေခံဥပဒေမှာ

ပြည်သူလူထုရဲ့ သဘောထား ယုံကြည်မှု၊ ကျွန်တော်တို့လွှတ်တော်ရဲ့အပေါ်မှာ ကျွန်တော့်တို့ရဲ့ ဒီဥပဒေအတည်ပြုပြီးတဲ့ နောက်မှာ သုံးသပ်ကြမှာဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့တင်ပြထားပြီးဖြစ်တဲ့ ကျွန်တော့်ရဲ့ အဆိုကြမ်းမှာပါတဲ့ အချက်အလက်လေးတွေကို ကျွန်တော် စီကာပတ်ကုံး ကျွန်တော်တင်ပြချင်ပါတယ်။ ဒီမူလ ပြဋ္ဌာန်းနိုင်အောင် ပေးပို့ခဲ့တဲ့ဥပဒေကြမ်းမှာ အခန်းပေါင်း (၁၇)ခု၊ ပုဒ်မပေါင်း (၄၆)ခု တွေ့ရှိ ပြီး ကာမှ (၉)လပိုင်း (၁၆)ရက်နေ့မှာ စပြီးတော့ ပြင်ဆင်ချက်နဲ့ တင်ပြလာတဲ့ ပြည်သူ့ လွှတ်တော်ရဲ့ အခန်းပေါင်း (၁၅)ခန်း၊ ပုဒ်မပေါင်း (၃၇)ခုနဲ့ ပတ်သက်လို့ ကျွန်တော် တချို့ ဥစ္စာလေးတွေကို ဖြည့်စွက်ချင်ပါတယ်။ တချို့ ဥစ္စာလေးတွေကို ပြင်ဆင်ပြီးကာမှ ပြည်သူ့လွှတ်တော်က တင်ပြ အတည်ပြုပြီးပေးပို့လာတဲ့ ဒီမူလဥပဒေကြမ်းမှာပါတဲ့ အခန်း (၁၁)နဲ့(၁၂)ကို စီမံခန့်ခွဲမှုနဲ့ တရား စီရင်ရေးဘောင်ကို သီးသန့်စီဖြစ်စေချင်လို့ ပယ်ဖျက်ထားတဲ့အပိုင်းကို လုံးဝထောက်ခံပါကြောင်း တင်ပြချင်ပါတယ်။ နောက်တစ်ခုက ဒီအခန်း(၄)မှာပါတဲ့ ကျွန်တော်တို့ရဲ့ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက် အုပ်ချုပ်ရေးမှူးကို ရွေးချယ်မယ့်အဖွဲ့ဆိုတဲ့ဟာ ကြီးကြပ်ရေးအဖွဲ့ဆိုတဲ့ ကျွန်တော်တို့ရဲ့ ပုဂ္ဂိုလ်တွေ Criterion ပေါ့နော်။ အဲဒီဥစ္စာ ပုဂ္ဂိုလ် ပါအဖွဲ့ရဲ့ အရည်အချင်းလေးတွေ ကိုလည်းပဲ သတ်မှတ်ပေးစေချင်တဲ့ သဘောရှိပါတယ်။ အဲဒါကတော့ ဦးမန်းကံညွန့် တင်ပြခဲ့တဲ့ အချက်နဲ့ သဘောထားချင်း တိုက်ဆိုင်ပါတယ်။ အဲဒီတော့ ပုဒ်မ ၆ နဲ့ ပုဒ်မ ၇ ကြားမှာ ဖြစ်နိုင်ရင် အခန်း(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန် ပေးခြင်းဆိုတဲ့ အပိုဒ်ရဲ့ ပုဒ်မ ၆ နဲ့ ပုဒ်မ ၇ ကြားမှာ ပုဒ်မ ၇ အဖြစ်နဲ့ ကျေးရွာ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါ အရည်အချင်းများနဲ့ ပြည့်စုံသောပုဂ္ဂိုလ်များမှ ရွေးချယ်ဖွဲ့စည်းပေးရမယ်ဆိုတဲ့ အပိုဒ်လေးတစ်ခုကို ကျွန်တော်ဖြည့်စွက် ချင်ပါတယ်။ လိုအပ်သလို ပြင်ဆင်ပြောင်းလဲသင့်ပါတယ်။ အဲဒီမှာ ကျွန်တော် (၄)ချက်လောက် တင်ပြထားပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ (က) ဘာသာရေးဆိုင်ရာ၊ လူမှုရေး ဆိုင်ရာ အသင်းအဖွဲ့များမှ ဂေါပကလူကြီးများ၊ ပုဂ္ဂိုလ်များ၊ (ခ)ကတော့ဖြင့် အငြိမ်းစားဝန်ထမ်း ကြီးများ၊ (ဂ)က ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင် ပုဂ္ဂိုလ်များ၊ (ဃ)က အသက်အရွယ် ကြီးရင့်ပြီး သမာသမတ်ကျသည်ဟု အများက ယုံကြည်သော ပုဂ္ဂိုလ်များ ဆိုတဲ့ ကြီးကြပ်ရေး အဖွဲ့မှာ ပါသင့်တဲ့ပုဂ္ဂိုလ်များရဲ့ အရည်အချင်းလေးကို ပုဒ်မတစ်ခုအနေနဲ့ ထည့်ပေးခြင်းအားဖြင့် ကျွန်တော်တို့ရွေးချယ်ပေးမယ့် ကြီးကြပ်ရေးအဖွဲ့ရဲ့ ဂုဏ်အင်္ဂါလေး တွေက ပိုပြီးပီပြင်လာမယ်လို့ ထင်လို့ ကျွန်တော်ထည့်သွင်းသင့်ကြောင်း အကြံပြုတင်ပြတာ ဖြစ်ပါတယ်။

နောက်အခန်း(၄)မှာပါပဲ။ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်းဆိုတဲ့ အခန်းမှာ ကျွန်တော့် အနေနဲ့ ခုန ကျွန်တော်တို့ အ ခြေခံဥပဒေ ပုဒ်မ ၄ မှာပါတဲ့ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှ ဆင်းသ က်ပြီးကာမှ နိုင်ငံတစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့ အပိုဒ်လေးပါ။ ဒီအ ခြေခံအကျဆုံး အစိုးရအဖွဲ့ကို ကျွန်တော်တို့ အသက်(၁၈)နှစ်ပြည့်မီတဲ့ ပုဂ္ဂိုလ်တိုင်းဟာ Direct Democracy, Direct Volting ပေးသင့်ပါတယ်ဆိုတဲ့ အပိုဒ်တစ်ပိုဒ် ကို ဖြည့်ချင်လို့ပါ။ အဲဒီတော့ ခုနကလို ဆယ် အိမ်ခေါင်းတွေ၊ ဆယ်အိမ်စုတွေကပုဂ္ဂိုလ်တွေကိုလည်းပဲ ခုန ကြီးကြပ်ရေးအဖွဲ့က ရွေး ပါ။ သို့သော်လည်းပဲ သူတို့နဲ့ အပြိုင် ခုနလို ကျွန်တော်တို့ Criterion နဲ့ ရွေးချယ်ခဲ့တဲ့ ကြီးကြပ်ရေးအဖွဲ့ရဲ့ သမာသမတ်ကျမှုဆိုတာလည်းပဲ ဒီနေ့ ရွေးပြီးရင် မနက်ဖြန်ကျရင် ကျွန်တော်တို့က တည်မြဲချင်မှ တည်မြဲမှာမို့လို့ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုမှာ နေထိုင်ကြတဲ့ အိမ်ထောင်စု၊ စုစုပေါင်းရဲ့ (၅၁)ရာခိုင်နှုန်းကျော်သော ပုဂ္ဂိုလ်တွေက ခုန ဆယ်အိမ်စု ခေါင်းဆောင်တွေနဲ့အပြိုင် တစ်ဦးဦးကို အဆိုပြုချင်ပါတယ်လို့ တင်ပြခဲ့လို့ရှိရင် ခုန ကြီးကြပ်ရေးမှူးအဖွဲ့က လက်ခံပြီးကာမှ ဒီပုဂ္ဂိုလ်ကိုလည်း ခုနက ကျွန်တော် အုပ်ချုပ်ရေးမှူး အလောင်းအလျာအဖြစ် လက်ခံပြီးကာမှ အသက် (၁၈)နှစ်ပြည့်တဲ့ ပုဂ္ဂိုလ်တိုင်း ကျေးရွာရပ်ကွက်မှာရှိတဲ့ ပုဂ္ဂိုလ်တိုင်းရဲ့ တိုက်ရိုက်ခုန ကျွန်တော်ပြောတဲ့ အခြေခံဥပဒေရဲ့ အာဏာ သက်ရောက်မှုကို ရရှိစေ ချင်တာမို့လို့ အသက် (၁၈)နှစ်ပြည့်တဲ့ ပုဂ္ဂိုလ်တိုင်းဆိုပါတော့ အိမ်ထောစ့ု တစ်စုမှာ(၅)ဦးရှိတယ်။ အိမ်ထောင်ဦးစီးနဲ့ ကျန် တဲ့(၄)ဦးဟာ သဘောထားကွဲလွဲနိုင်တာမို့လို့ အ ခြေခံဥပဒေအရ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို အသိအမှတ်ပြုစေချင်တာမို့လို့ Direct Voting ကို ဒီနေရာမှာ ထည့်ပေးစေချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ပုဒ်မ ၇(စ)မှာ ပုဒ်မခွဲ (င)မှာပါတဲ့ စီရင်စုကိုယ်စားလှယ်မှ အဆိုပြုသည့် ပုဂ္ဂိုလ်များ မဟုတ်သည့် ဆယ်အိမ်စု ကိုယ်စားလှယ် မဟုတ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသော ရပ်ကွက်ကျေးရွာ အုပ်စုတွင် မည်သည့်ပု ဂ္ဂိုလ်ကိုမဆို သတ်မှတ်နည်းလမ်းဖြ င့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေ အိမ်ထောင်စု၊ စုစုပေါင်း(၅၁)ရာခိုင်နှုန်းကျော် လက်မှတ်ဖြင့် အဆိုပြုလာလျှင် အဆိုပြုလိုသော ပုဂ္ဂိုလ်အမည်ကို တင်သွင်းစေပြီး ယင်းတို့၏ အမည်စာရင်းကိုလည်း ပြုစုရမည်ဆိုတဲ့ အပိုဒ်လေးတစ်ခုကိုလည်း ဖြည့် ချင်ပါတယ်။ ဒါကြောင့် မို့လို့ တန်းစီဇယားအရ ကျွန်တော်တို့ ၇(စ)ကို ၇(ဆ)အဖြစ်နဲ့ ကျွန်တော်တို့ အောက်ပါစာပိုဒ်ကို အစားထိုးပေးကြမှာ

ဖြစ်ပါတယ်။ ပုဒ်မခွဲ ၅ ပါ (စ)အရ ပြုစုသော အမည်စာရင်းပါ ပု ဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး တစ်ဦးကို ရပ်ကွက်ကျေးရွာအုပ်စုရှိ အသက် (၁၈)နှစ် ပြည့်ပြီး ရွေးကောက်ပွဲ ဥပဒေအ ရ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသောမဲစာရင်းကို ရေတွ က်၍ ကြေညာရမည်ဆိုတဲ့ အပိုဒ် ခွဲလေးနဲ့ အစားထိုးပေးဖို့ အကြံပြုတင်ပြချင်ပါတယ်။ နောက် ကျွန်တော်တို့ ခုန ပုဂ္ဂိုလ်အသီးသီး (၁၄)ဦးသော ပုဂ္ဂိုလ်တို့က ဆွေးနွေးပေးခဲ့ကြပြီးပါဖြီ ကျွန်တော်တို့ဟာ အာဏာရှင်ဆန်သွားမှာကို ကြောက်ကြလို့ပါ။ ဒါလည်း ဘဝပေးသင်ခန်းစာအရ ကျွန်တော်တို့ ကြုံတွေ့ခဲ့တဲ့ သမိုင်း တစ်လျှောက်လုံးမှာ အာဏာကိုတစ်ဦးတည်းကို ပေးလို့ ရှိရင် ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံကို နိုင်ငံအဝန်း မှာ ပြည်သူတွေတစ် ဝန်းမှာ ရှိကြပါတယ်။ အဲဒါကြောင့်မို့လို့ အုပ်ချုပ်ရေးမှူးတစ်ဦးကို ကျွန်တော်တို့ နိုင်ငံတော်သမ္မတရဲ့ တာဝန်ကို ပေးတာတောင်မှ နှစ်ဆက်ထက်ပိုပေးတာမျိုး မကြား ဖူးပါဘူး။ အဲဒါကြောင့် သုံးကြိမ် ပေးခဲ့ပြီးလို့ရှိရင် (၁၅)နှစ် ဆိုတဲ့ကာလဟာ အင်မတန်မှလွန်ကျူးပါတယ်။ အဲဒါကြောင့် နှစ်ကြိမ် ထက်မပို ရဆိုတဲ့ စာသားလေးနဲ့ အစားထိုးခွင့်တင်ပြထားပါတယ်။ ပုဒ်မ ၉ မှာ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူး ရဲ့ သက်တမ်းသည် သုံးကြိမ်ထက်မပိုရအစား နှ စ်ကြိမ်ထက်မပိုရဖြင့် အစားထိုး ဖို့ ကျွန်တော့် အနေနဲ့ တင်ပြမေတ္တာရပ်ခံချင်ပါတယ်။

နောက်အခန်း(၇)ရဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၏ လုပ်ငန်း တာဝန်များဆိုတဲ့ အပိုဒ်မှာလည်း ပဲ ကျွန်တော်တို့ ကျေးရွာအုပ်စုအနှံ့ မှာ လော င်းကစားမှုတွေကို အမြဲတမ်းကြုံတွေ့နေရသလို ဒီနေ့ဆိုရင် မူးယစ်ဆေးဝါးပြဿနာနဲ့ အမြဲတမ်းရင်ဆိုင်ကြုံတွေ့ နေရပါတယ်။ ကျွန်တော်တို့ဆီမှာဆိုရင် ခုနလို ရာဂလိုဟာမျိုးတွေ တက္ကသိုလ်တွေအဆုံး၊ အခြေခံပညာကျောင်းကအစ ကျောင်းသားတွေ သောက်သုံးနေကြတယ်ဆိုတဲ့ သတင်းတွေကြား နေရပါတယ်။ အဲဒါကြောင့်မို့လို့ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေရဲ့ လုပ်ပိုင်ခွင် ့ တွေကို ကျွန်တော်တို့က အရည်အချင်းကို မြှင့်ပေးသလို သူတို့ရဲ့ လုပ်ငန်းတာဝန် လုပ်ပိုင်ခွင် ့ ကိုလည်း မြှင့်တင်ပေးဖို့ လိုပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ လောင်းကစားဥပဒေ အခန်းတစ်ခုမှာပါတဲ့ ပုဒ်မလေးတစ်ခုမှာပါတဲ့အတိုင်းပဲ။ ကျွန်တော်တို့လည်း ဒီနေရာမှာ ဥပဒေပညာရှင် မဟုတ်တဲ့အခါ အသုံးအနှုန်းက ဥပမာ ဝရမ်းနဲ့ပတ်သက်လို့ တရားသူကြီးက ထုတ်ပိုင်ခွင့်လား၊ အုပ်ချုပ်ရေးမှူးက ထုတ်ပိုင်ခွင့်မရှိဘူးလားဆိုတဲ့ ပြဿနာဟာ ဥပဒေပညာရှင်

တွေက ပြန်သုံး သပ်ပေးကြပါ။ အဲဒီတော့ ၁၃ ရဲ့ (ဍ)အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်းမှာ မည်သည့်နေရာတွင်မဆို မူးယစ်ထုံထိုင်းဘေး ဖြစ်စေတတ်သော ဆေးဝါး တစ်ခုခုသုံးစွဲခြင်း၊ ရောင်းချခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်းဆိုတဲ့ အချက် ကို ပြင်ချင်ပါတယ်။ (ပ)အနေနဲ့ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးရောင်းဝယ်သည့် အိမ်သို့ ဝင်ရောက်ရှာဖွေခြင်း၊ သို့မဟုတ် ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်းဆိုတဲ့ အပိုဒ်လေးကိုလည်း ထပ်ပြီး ဖြည့်ပေးချင်ပါတယ်။ ကျန်တဲ့ နှ ပုဒ်မ ၁၃ မှာ ပါတဲ့ ကျန်တဲ့၃၂ ချက်ကို သူရဲ့စီးရီးအဆိုင်း ပြန်ပြီးထပ်တိုးပေးရင် ဖြစ်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော် တစ်ပိုဒ်တင်ပြချင် တာကတော့ ကျွန်တော်တို့ ခုနလို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ကျွန်တော်တို့ရဲ့ အခြေခံ အဓိကယူနစ်အစိုးရအဖြစ် ကျွန်တော်တို့က ဒါအသက်သွင်းပြီးတဲ့အခါမှာ ခု န ဦးစောအောင်ကျော်နိုင်ကည်းပဲ တင်ပြတာရှိပါတယ်။ ဒီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကျွန်တော်တို့ ပြည်သူတွေ က ပြန်ပြီးဖြုတ်ချနိုင်ခွင့် ကျွန်တော်တို့မှာ လူထုမှာရှိဖို့လိုပါတယ်။ အဲဒါကြောင့် ဒီအပိုဒ်လေးကိုဖြင့် ကျွန်တော်တို့ ထပ်ဖြည့်ရခြင်း ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အိမ်ထောင် စုစုပေါင်း၏ (၅၀)ရာခိုင်နှုန်းကျော် မှ လက်မှတ်ရေးထိုးလျက် မိမိတို့ရွေးချယ်တင် မြှောက်ထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအပေါ် အယုံအကြည် မရှိတော့ပါ၍ အုပ်ချုပ်ရေးမှူးရာထူးမှ ရပ်စဲပေးပါရန် တိုင်ကြားလာခြင်းဆိုတဲ့အပိုဒ်လေးကို ကျွန်တော်ဖြည့်ချင်တာပါ။ အဲဒါကတော့ဖြင့် မြို့နယ်အုပ် ချုပ်ရေးမှူးရဲ့ လုပ်ပိုင်ခွင့် အထဲမှ အဲဒီအပိုဒ်လေးကို ဖြည့်ပေးခြင်းအားဖြင့် ကျွန်တော်တို့ဟာ ဥပဒေကြောင်းအရ အဆင်ပြေသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဒီဆွေးနွေးချက်ပါ အကုန်လုံးဟာ အချက်အလက် အကုန်လုံးဟာ ပြည်သူ့လွှတ်တော်က အကြိမ်ကြိမ်အဖန် ဖန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက အကြိမ်ကြိမ်အဖန်ဖန် စိစစ်ဆွေးနွေးပြီး ကာမှ ပြင်ဆင်တည်းဖြတ်ပေးလိုက်တဲ့အပေါ်မှာ အဓိက အခြေခံပါတယ်။ အဲဒါကြောင့် မို့လို့ ခုန (၁၅)ဦးပါ ပုဂ္ဂိုလ်တွေ ဆွေးနွေးခဲ့ကြတဲ့ အချက်တွေရယ် ကျွန်တော်တို့ ပါဝင်ဆွေး နွေးခဲ့ကြတဲ့ အချက်တွေပေါ်မှာအခြေခံပြီး ပြည်သူ့လွှတ်တော်က တင်ပြပါအချက်အလက်တွေဟာ ကျွန်တော် ထင်ပါတယ်။ တော်တော်လေးကိုပြည့်စုံတဲ့ အချက်အလက်လေးတွေဖြစ်တဲ့အကြောင်း တင်ပြရင်း နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ပေးကြပါရန် တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၀၃း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၅)ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ၃၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအ ဝေး ၃၄ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်း ပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]